# ဤမေလခိဇေဒက်ဆိုသည်မှာ မည်သူနည်း?
## ဂျက်ဖာဆွန်ဘေးလီး၊ အင်ဒီယားနား၊ အမေရိကန်။
## ၆၅ - ၀၂၂၁ အီး။

1 ၁။ ခေါင်းငုံ့၍ ဆုတောင်းကြပါစို့။ ကောင်းကင်ဘုံရှင်အဖ၊ ယုံကြည်ခြင်းသာ ရှိပါသည်ဆိုသည့် ဤသီချင်းကို ကြားရ သောအခါ ဘုရားသခင်၏ဂတိတော်များထဲတွင် ဘယ်အရာကိုဖြစ် ဖြစ်ရရှိစေရန်အတွက် ကျွန်တော်တို့ပြုလုပ်ရမည့်အရာမှာ ယုံကြည်ခြင်း ရှိရန်သာ ဖြစ်ပါသည်။ ကျမ်းစာတွင် ရေးသားထားသည်မှာလည်း "ယုံကြည်သောသူများအတွက် အရာခပ်သိမ်း ဖြစ်နိုင်သည်။" ဟုဆို ထားပါသည်။ ကျွန်တော်တို့ငိုကြွေး၍ ဆုတောင်းသောအခါ ခြေလက်သေနေသော ကလေးငယ်ကဲ့သို့"ကိုယ်တော်ရှင် ကျွန်တော်ယုံပါသည်။ ကျွန်တော်၏ မယုံကြည် မှုကို စောင်မတော်မူပါ" ဟူ၍ဖြစ်ပါသည်။

ကိုယ်တော်ရှင်၏ ကြီးမြတ်တော်မူသော ဘုန်းတန်ခိုးတော် ကိုယ်တော်ရှင် ကိုယ်တော်တိုင် မိမိကိုယ်တိုင် ဖော်ပြ တော်မူသော ဗျာဒိတ်တော်ကို ဤ နောက်ဆုံးသောနေ့ရက်များတွင် ဖော်ပြတော်မူခြင်းအတွက် ကျေးဇူးတင်ပါသည်။ အသက်ရှင်တော်မူ သော ဘုရားသခင်နှင့်ဆက် သွယ်ခွင့်ရသောကြောင့် ကျွန်ုပ်တို့၏နှလုံးသားမှာ အပျော်ရွှင်ဆုံးနှင့် ဝမ်းမြောက်ရဆုံး ဖြစ်ပါ သည်။ ကိုယ်တော်ရှင်က ရုပ်ပိုင်းဆိုင်ရာ အဖြစ်အပျက်များတွင် ရှေးလွန်ခဲ့သောကာလများက ပြသခဲ့သည့်အတိုင်း ယနေ့အ တွက်လည်း ဂတိတော်ရှိပါသည်။ ကိုယ်တော်ရှင်ဘုရားကို ကျွန်ုပ်တို့အလွန်ကျေးဇူးတင်ပါသည်။ ဤ မှောင်မိုက်သော နေ့ရက်ကာလတွင် ဘယ်လမ်းသွားရမည်ကို မသိရသောအချိန်တွင် လုံခြုံစိတ်ချရသော နေရာကို ကျွန်ုပ်တို့တွေ့ရသောကြောင့် အလွန်ဝမ်းမြောက်ပါသည်။

ယခု ကျွန်တော်တို့ကိုယ်တော်၏နှုတ်ကပတ်တော်ကို ဟောပြောသောကြောင့် ကောင်းချီးပေးတော်မူပါ ကိုယ်တော်။ ကျွန်ုပ်တို့အား ပေးထားသော ဂတိတော်များကို ကျွန်ုပ်တို့၏နှလုံးသားများထဲတွင် ရင့်ကျက်လာပါစေ။ လေးမြတ်စွာ ရှိစေပါ။ စစ်မှန်သောဘုရားကို ကြည်ညိုသည့် စည်းမျဉ်း ဥပဒေနှင့် ၎င်းတို့ကို လေးစားပါစေ။ သခင်ယေရှု၏နာမတော်မြတ်၌ ဆု တောင်းပါသည်။ အာမင်။

2 ၂။ (တစ်စုံတစ်ယောက်သောသူက ဘာရာသာဗရမ်ဟမ်ကို စကားပြောပါသည်။ - အယ်ဒီတာ) မေတ္တာဖြင့် ပူဇော်ခြင်း ဖြစ်ပါသလား? သူတို့ထိုသို့မလုပ်သင့်ပါ။ မည်သူက ထိုသို့လုပ်ပါသနည်း? သင့်မှာအပြစ်ရှိပါသလား? ကျွန်တော်က မန်နေဂျာကို သွားခေါ်ပါမည်။ သူသည်ကျွန်တော့်အတွက် မေတ္တာဖြင့် ပူဇော်ခြင်းကို ကျွန်တော့်အတွက် ယူခဲ့ပါသည်။ သူမလုပ်သင့်ပါ။ ကျွန်တော် ဂုဏ်ယူပါသည်။ ဘုရားသိပါသည်။ သို့သော်လည်း ထိုအရာအတွက် ကျွန်တော်လာခြင်းမဟုတ် ပါ။ ကျေးဇူးတင်ပါသည်။ ဘုရားသခင် ကောင်းချီးပေးပါစေ။ ကျွန်တော် တတ်နိုင်သမျှ အားလုံးကို ကျွန်တော်လုပ်ပါမည်။ နိုင်ငံခြားသာသနာပြုများ လက်ထဲသို့ကျွန်တော် ထည့်လိုက်ပါမည်။ ဘုရား သခင်၏နိုင်ငံတော်အတွက် ဖြစ်သွားပါလိမ့်မည်။ ဘုရားသခင်အလိုတော် ရှိပါက ကျွန်တော့်အတွက် ကျွန်တော်ယူ ပါမည်။ နိုင်ငံတိုင်းသို့ ဖြန့်ဖြူး၍ ဤဧဝံဂေလိတရားကို ယခုအပါတ်အတွင်း နားထောင်၍ သင်တင်ဆက် သည့်အတိုင်း သင်ယုံကြည်သည်အတိုင်း ဖြစ်ရပေမည်။ ကျွန်ုပ်ကို ကိုယ် တော်ရှင်က ကူညီစောင်မတော်မူပါမည်။

ဤအပါတ်မြောက်များစွာ တက်ရောက်လာကြသည့်အတွက် အလွန်ကျေးဇူး တင်ကြပါသည်။ ယနေ့ည တစ်ဖန် တယ်လီဖုန်း ဆက်ကြသည့်အတွက်လည်း ကျေးဇူးတင်ပါသည်။ သင်တို့တစ်ဦးစီ တစ်ယောက်စီအတွက်လည်း ကျွန်တော်တို့ကျေးဇူးတင် ပါသည်။

3 ၃။ ဘီလီက ယနေ့မနက် ကျွန်တော့်ကိုပြောပါသည်။ "ဒယ်ဒီ ယနေ့မနက် စောစော အလင်းရောက်သည်နှင့် ဤနေရာ သို့ ရောက်လာပြီး မိခင်များက သူတို့ကလေးငယ်များကို ကားများထဲတွင် နိုတိုက်နေသည်ကိုတွေ့ပါက သနားစဖွယ် ကောင်းပါသည်။ မိုးရေထဲတွင် ထိုသူများ စောင့်ဆိုင်းနေကြရပြီး ဘယ်အခါမှာ တံခါးဖွင့်မည်ကို မြော်နေကြပါသည်။" သမ္မာတရားကို သင့်အားကျွန်ုပ် ပြောပြပါက ကျွန်တော်မှာ မည်မျှသူတော်ကောင်း ယောင်ဆောင်နေကြောင်း သိရပါမည်။ ကျွန်တော်သည် အမှန်တစ်ကယ်ပင် အသုံးမကျသောသူ ဖြစ်သွားပေမည်။ တစ်ခါတစ်ရံ ကျွန်တော်သည် နာကျင်မှုဝေဒနာ ကို ခံစားရပါသည်။ ကျွန်တော်ဖြစ်လိုသော ဆန္ဒကြောင့် မဟုတ်ပါ။ ဘာကြောင့်လဲဆိုတော့ ....နာကျင်မှုကို ဖြစ်စေသူမှာ ကျွန်တော်မဟုတ်ပါ။ သမ္မာတရားက နာကျဉ်စေခြင်းပင် ဖြစ်ပါသည်။ ကျွန်တော် .... သင်လာရခြင်း၏ အကြောင်းရင်းကို ကျွန်တော် ယုံကြည်ပါသည်။ အကြောင်းမှာ ကျွန်တော်သည် သင်နှင့်ပတ်သက်၍ အမှန်တစ် ကယ်ပင် ရိုးသားမှုရှိပါသည်။ သင့်ကိုကူညီနိုင်သမျှ ကူညီပေးလိုပါမည်။ သင်တို့တစ်ဦး စီကို ဘုရားသခင်ကူညီ စောင်မတော်မူပါစေ။

4 ၄။ သူတို့၏ကောင်းမွန်သော ပူပေါင်းဆောင်ရွက်မှုကြောင့် လူများကိုကျွန်တော် ကျေးဇူးတင်လိုပါသည်။ ကျွန်တော်တို့အားပေးသော ဤမြို့ရှိလူများကို လည်း ကျေးဇူးတင်ပါသည်။ ဤကျောင်းဆိုင်ရာ အိမ်၊ ခမ်းမဆောင်နှင့် အားကစားရုံကို ဆက်လက်၍ ငှားရမ်းပါရစေ။ ဤနေရာသို့ရောက်ရှိနေ ပါက အစိုးရ အရာထမ်း အမှုထမ်းများကိုလည်း ကျေးဇူးတင်လိုပါသည်။ Houston Calvin ကိုလည်း ကျွန်တော်ကျေးဇူးတင်လိုပါသည်။ သူက ဤနေရာ ကိုအုပ်ချုပ်ရသူ ဖြစ်ပြီး ဤနေရာကိုရရှိရန်အတွက် ပူးပေါင်းဆောင်ရွက်ရသူ ဖြစ်၍ ညတိုင်းလည်း ကျွန်တော်တို့နှင့်အတူ ရှိနေသူဖြစ်ပါသည်။ ဂျက်ဖာဆင်ဗီးလ် ရဲတပ်ဖွဲ့အနေဖြင့် လာရောက်ပြီး ဈေးပေါပေါနှင့်ကူညီ သည့်အတွက်လည်း ကျေးဇူးတင်ပါသည်။ တစ်နာရီကို (၂)ဒေါ်လာသာ ကုန်ကျ၍ အထူးတာဝန်ဖြင့် စောင့်ကြတ်၍ ကားများကိုလည်း ထားခွင့်ပြုပါ သည်။ ဘာမှမဖြစ်ဘဲ အားလုံးအဆင်ပြေသည်ကို တွေ့ရပါသည်။ ထိုအတွက် လူအများကို ကျေးဇူးတင်ပါသည်။ အင်ဂျင်နီယာကိုလည်း ကျေးဇူးတင် ပါသည်။ ဘုတ်အဖွဲ့ကိုလည်း ကျေးဇူးတင်ပါသည်။ ကျွန်တော်တို့နှင့်အတူပူး ပေါင်းဆောင်ရွက်သည်ကို သတိပြုမိသည့်အတွက် အမှန်တစ်ကယ်ပင် ကျေးဇူးတင်ပါသည်။

5 ၅။ လက်ဆောင်များအတွက် ခင်ဗျားတို့တစ်ဦးစီကို ကျွန်တော်ကျေးဇူးတင်ပါသည်။ ဘီလီက ကျွန်တော့်ကို ယ နေ့ နေ့လည် လက်ဆောင်တစ်ခု ယူလာပါသည်။ များပြားလှပါသည်။ ဘူးကလေးများနှင့် သကြားလုံးများစသည် တို့ဖြစ်ပါသည်။ တစ်ခုမှာ မင်္ဂလာတရားတော်ဖြစ်၍ ခရစ်တော်၏ရုပ်ပုံပါသည်။ တောင်ပေါ်ဒေသနာလည်း ပါပါသည်။ အမှန်တစ်ကယ်ဘဲ လှပပါသည်။ ကျွန်တော်တစ်ကယ်ဘဲ ကျေးဇူးတင်ပါသည်။ ဘယ်လိုကျေးဇူးတင် ရမှန်း မသိတော့ပါ။ စည်းဝေးပွဲကြီးအတွက် ငွေကြေးအားဖြင့်

ပံ့ပိုးကူညီမှု ပေးသည့်အတွက်လည်း အမှန်တစ်ကယ်ပင် စိတ်နှလုံးအကြွင်းမဲ့ ကျေးဇူးတင်ပါသည်။ ကိုယ်တော်ရှင်က သင်တို့တစ်ဦးစီကို ကြွယ်ဝစွာ ကောင်းချီး ချပေးပါစေ။

ဘီလီက တစ်ဦးချင်းတွေ့ဆုံလိုကြောင်း တောင်းဆိုသူများစွာ ရှိသည်ဟုဆိုပါသည်။ ကလေးငယ်လေးများကို ဆက်ကပ်ပူ ဇော်ရန်များစွာတို့က တောင်းဆိုကြပါသည်။ ကျွန်တော်လည်း လုပ်ပေးလိုလှပါသည်။

6 ၆။ ကိုယ်တော်ရှင် အလိုရှိပါက ကျွန်တော်တို့မကြာမီ ပြန်လာကြပါမည်။ အီစ တာအတွက် ကျွန်တော်တို့တစ်စုံတစ်ရာ ပြောကြားလိုပါသည်။ ကျွန်တော် ပြန်၍ ကြည့်ပါဦးမည်။ ကယ်လီဖိုးနီးယားတွင် ကျွန်တော်ချိန်းဆိုထားခြင်း ရှိပါသည်။ ဖိမာန်တော်သို့ ကျွန်တော်တို့ပြန်လည် ရောက်ရှိလာကြသောအခါတွင် ကျွန်တော်တို့ကဒ်ပြားပို့လိုက်ပါမည်။ နေ့ရက် အချိန်စသည်တို့ကို သင်တို့၏အသင်းတော်နှင့် ချိန်းဆိုပါမည်။ ထိုအချိန်တွင် ပြန်လည်၍ တွေ့ဆုံ ကြမည်ထင်ပါသည်။ ဖျားနာသူများအတွက် ဆုတောင်းပေးရန် ကျွန်တော်တို့အချိန်သတ်မှတ် မထားပါ။ လူများကို စုဝေးစေပြီး ဆုတောင်းပေး သည့် ဝတ်ပြုစည်းဝေးမျိုး ကျွန်တော်တို့မလုပ်ကြပါ။ ဆုတောင်းမည့်သူများကို စေလွှတ်ပါသည်။ ဤနေရာတွင် ရှိနေကြ သောညီအစ်ကိုများက တရားဟောပေးကြပါမည်။ Brother Lee Vayle နှင့် Brother .... တို့ဖြစ်ကြပါသည်။ ဤညီ အစ်ကိုများက တရားဟောပြောကြပြီး ဖျားနာသူများအတွက် ဆုတောင်းပေးကြပါသည်။ ရေဗတ္တိဇံပေးကြသည်။ ကျွန်တော် တို့မူ နှုတ်ကပတ်တော်နှင့်သာ မွေ့လျော် စေကြပါသည်။ ဤလူများကို ကျွန်တော်တို့ ကျေးဇူးတင်ကြပါသည်။ သူတို့က အလွန်ကောင်းသော အလုပ်ကို လုပ်နေကြပါသည်။

7 ၇။ ကျွန်တော်တွေ့ဆုံလိုသော မိတ်ဆွေများစွာရှိပါသည်။ ကျွန်တော်ငုံ့ကြည့် လိုက်သောအခါ John နှင့် Earl ကိုတွေ့ရ ပါသည်။ စည်းဝေးပွဲကြီး၏ မန်နေဂျာ တစ်ဦးဖြစ်သူ Dr. Lee Vayle ရှိပါသည်။ Brother Ray Borders လည်းရှိပါသည်။ သူတို့ကို ကျွန်တော်လက်ဆွဲ၍ မနုတ်ဆက်ဝံ့ပါ။ အခွင့်အရေးလည်း မရခဲ့ပါ။ ကင်တာကီမှ မိတ်ဆွေများကို ကျွန်တော် သတိရပါသည်။ ဤနေရာမှ မိတ်ဆွေများနည်းတူ အားရပါးရ လက်ကိုဆွဲ၍ နှုတ်ဆက်ချင်ပါသည်။ Brother Blair ကိုလည်း တစ်နေ့ကတွေ့ပါသည်။ ကျွန်တော်ချစ်သော မိတ်ဆွေများစွာ စည်းဝေးပွဲများတွင် တွေ့သမျှကို လက်ဆွဲနုတ်ဆက်ခွင့် မရခဲ့ပါ။ ကျွန်တော်ကြိုးစားနေပါသည်။ .... ကျွန်တော်မလုပ်လိုသောကြောင့် မဟုတ်ပါ။ အချိန်မရသောကြောင့် ဖြစ်ပါသည်။ ကျွန်တော်အလျင်စလို ဖြစ်နေပါသည်။

8 ၈။ ကလေးငယ်များကို ဆက်ကပ်ပူဇော်ခြင်းနှင့် ပတ်သက်၍သေချာသည်မှာ ကျွန်တော်၏သားနှင့် မြေးကလေးကိုယနေ့မနက် ဆက်ကပ်ပူဇော်ရန် ဖြစ်ပါသည်။ အချိန်မရသောကြောင့် ဖြစ်ပါသည်။ မြေးကလေးမှာ ဒါဝိဒ်ကလေး ဖြစ်ပြီး ကျွန်တော်ကတော့ ဖိုးဖိုးဖြစ်နေပါပြီ။ မစ္စတာမေက ယနေ့ညဤ နေရာမှာရှိမည်ဆိုပါက သူ့အားသိစေလိုသည်မှာ သူကတောင်ဝှေးလက် ဆောင်ပေးသဖြင့် မကြာမီ ကျွန်တော်အသုံးပြုရတော့မည်ဟု ထင်ပါသည်။

ထို့ကြောင့် ဘီလီလေးကို ကျွန်တော်ကပြောပါသည်။ “သမ္မာကျမ်းစာက မြောက်များစွာ ပွားများကြလော့။ ကမ္ဘာကြီးကို ပြည့်နှက်စေကြလော့ဟုဆို ထားသော်လည်း အားလုံး၏ဝန်ထုပ်ကို ထမ်းရန်မဆိုထားပါ။” ဤမြေးကလေးများလည်း လျင်မြန် စွာ ပေါက်ဖွားလာကြပါသည်။

9 ၉။ ဤကလေးငယ် မမွေးဖွားမီ (၂)လအလိုခန့်က ကျွန်တော်စားပွဲတွင်မနက် စာထိုင်၍ စားနေစဉ် ကျွန်တော်နှင့်မျက်နှာ ချင်းဆိုင်တွင် Lyce နှင့်ဘီလီ ထိုင်နေပါသည်။ ကျွန်တော်က Lyce သည် ပန်းရောင် ...သို့မဟုတ်အပြာ ရောင်စောင်က လေးနှင့် ထုတ်ထားသောကလေးငယ်ကို နို့တိုက်နေသည်ကို တွေ့ရပါသည်။ ဘီလီမှာဒေါင့်တွင်ထိုင်ပြီး ပေါလ်ကလေးကို အစာကျွေးနေ သည်ကို တွေ့ရပါသည်။ ကျွန်တော်က ပြောပါသည်။ “ဘီလီ ကျွန်တော် ယခုပင် ရူပါရုံ မြင်ရပါသည်။ Lyce မှာ အပြာရောင်စောင်ကလေးဖြင့် ပတ်ထားသော ကလေးငယ်ကို နို့တိုက်နေသည်ကို ကျွန်တော်တွေ့ရပါတယ်” သူက “(၉)လကြာသွားပြီ” ဟုဆိုသည်။ (၁၁)လခန့်ကြာသောအခါ ဒါဝိတ် ကလေးမွေးလာပါသည်။ သူ့ကို ဘုရားသခင်အား ကျွန်တော် ယနေ့ထက်တိုင် မဆက်ကပ်ရသေးပါ။ ကျွန်တော်တို့ခရီးထွက်ရာမှ မပြန်လာမချင်း ဆက်ကပ်နိုင်ဦးမည် မဟုတ်ပါ။ ဘာလဲဆိုတာ ခင်ဗျားတို့နားလည်နိုင်ပါသလား?

10 ၁၀။ လူများကို ကျွန်တော်ချစ်ပြီး မိဿဟာရဖွဲ့ရသည်ကို ကျွန်တော်နှစ်သက်ပါ သည်။ ကျွန်တော်တို့၏ ညီအစ်ကိုများက ဖျားနာသူများအတွက် ဆုတောင်း ပေးနေကြပါသည်။ အောင်မြင်ကြောင်းလည်း သိရပါသည်။ ညစဉ်ညတိုင်း လူနာများအ တွက် ကျွန်တော်တို့ ဆုတောင်းပေးနေကြပါသည်။ အားလုံး အတူတကွ တစ်ဦးပေါ်တစ်ဦးလက်တင်၍ ဆုတောင်းပေးကြပါ သည်။ အားလုံးအတွက် ဆုတောင်းပေးခြင်းပင် ဖြစ်ပါသည်။ ဘုရားသခင် အလိုတော်ရှိပါက .... ကဒ်ပြားပေါ်တွင် ကျွန်တော် သတ်မှတ်ထားပါမည်။ ပြန်လာပါက ကျွန်တော် နှစ်ရက်၊ သုံးရက်ဆက်ကပ်လိုပါသေးသည်။ ဖျားနာသူများအတွက် ဆုတောင်းခြင်းနှင့် ထိုကဲ့သို့ပြုလုပ်ရန်ပင် ဖြစ်ပါသည်။ အများ၏ ကူညီမှုအတွက် တစ်ဖန်ပြန်လည်၍ ကျေးဇူးတင်ကြောင်း ပြောလိုပါသည်။

11 ၁၁။ မနက်တရားဟောချက်အပေါ် ကျွန်တော်အနည်းငယ် ကောက်ချက်ချလိုပါသည်။ အစအဆုံးပြီးဆုံးအောင် ကျွန် တော်မပြောနိုင်ခဲ့သော်လည်း ခင်ဗျားတို့နားလည်မည် ကျွန်တော်ထင်ပါသည်။ ကျွန်တော်ဘာလုပ်ရမည်ကို ခင်ဗျားတို့သိကြမည်မဟုတ်ပါ။

ခင်ဗျားတို့အတွက် အလွန်ရိုးရှင်းလှပါသည်။ ခင်ဗျားဘာလုပ်သည်ကို ခင်ဗျားသိပါရဲ့လား? ဘုရားနေရာကို ခင်ဗျားယူနေ ခြင်းဖြစ်ပါသည်။ တစ်စုံတစ်ရာကို ပြောဆိုရန်ပင် ဖြစ်ပါသည်။ ကျွန်တော်မပြုလုပ်မီ ဘုရားသခင်ထံမှ အဖြေရရန်လိုပါသည်။ သူဆင်းသက်ကြွလာတော်မူရပါမည်။ သူက မိမိကိုယ်ကို ထင်ရှားစွာပြသ၍ ဗျာဒိတ်တော်ကို ပေးအပ်ရပါမည်။ အသင်း တော်အတွက် ဖြစ်ပါသည်။ ကျွန်တော် ပြောခဲ့သည်ကိုလည်း သတိရပါ။ “ကျွန်တော် ပြောခဲ့သမျှသောအရာတို့မှာ အသင်း တော်အတွက်သာ ဖြစ်ပါသည်။”

သင်တို့စိတ်ချစွာ ယုံကြည်သိရှိရန်မှာ ဘုရားသခင်က ကျွန်တော့်ကို ပြောဆို ခြင်းဖြစ်ကြောင်းပေတည်း။ “ပြောပါ၊ သူတို့ဘယ် နေရာမှာ ရှိမည်ကိုပြောပါ” (၃)ကြိမ်တိုင်တိုင် ဖြစ်ပျက်ခဲ့ပါသည်။ ကိုယ်တော်ရှင်က ထိုနှုတ်ကပတ်တော်ဖြင့် ဖန်ဆင်းနိုင်ခဲ့ ပါက

တရားစီရင်ရာနေရက်တွင် မည်မျှခိုင်မာပါမည်နည်း? လူအများက ဤအရာများကိုမြင်၍ သိရှိကြပါသည်။ ရှေးကာလက ပေါလုပြောခဲ့သကဲ့သို့ဖြစ်ပါသည်။ သူနှင့်အတူ လူသားတစ်ဦး ရှိခဲ့ပါသည်။ ကမ္ဘာကို တုန်လှုပ်စေသူ ဖြစ်သည်။ အသံကိုမူ မကြားရပါ။ မီးတိုင်ကိုသာ မြင်ရပါသည်။

12 ၁၂။ ကျွန်တော်အတွက် ကောင်းပါသည်။ အားလုံးပြီးဆုံးသွားသောအခါ ခင်ပွန်းသည်များနှင့် ဇနီးသည်များမှာ တစ်ဦးကို တစ်ဦးဖက်၍ ငိုကြွေးကြပါသည်။ စစ်မှန်သော ခရစ်ယာန်များအဖြစ် သိရှိရပါသည်။

နားထောင်ပါ မိတ်ဆွေများ၊ ဘုရားသခင်က သူ၏နှုတ်ကပတ်တော်ကို နိမိတ်လက္ခဏာ အထောက်အထားများဖြင့် အတည်ပြု ပါသည်။ နှုတ်ကပတ်တော် မှန်ကန်ကြောင်းသက်သေပြခြင်းပင်ဖြစ်ပါသည်။ တိမ်တိုက်ထဲတွင် ရှိနေသောအလင်းသည် ဗျာဒိတ်ပေးတော်မူပါသည်။ ကျွန်တော်သည်....

ကျွန်တော်၏သမီးလေးက ကျွန်တော့်ကိုပြောပါသည်။ စာရာလေးက သူတို့ .... အာရီဇိုးနားတွင်ရှိသော ကျောင်းက နေပြီး မြူတိမ်ကင်းစင်သော ကောင်းကင်ပြင်ကြီးကို မော့ကြည့်နေပါသည်။ တောင်ပေါ်တွင် ထိုတိမ်ကြီးကို ကြည့်နေမိ ပါသည်။ တိမ်တိုက်ကြီးမှာ နိမ့်လိုက်မြင့်လိုက်နှင့် မီးမှာလည်း တောက်လောင်နေပါသည်။ ဆရာက အတန်းများနားပြီး ကျောင်းများပိတ် လိုက်ပါသည်။ ကလေးငယ်များကို ရှေ့သို့ခေါ်ထုတ်ပြီး ပြောလိုက်ပါသည်။ "ဒါမျိုးတွေ့ ဘူးကြသလား? အဲဒီမှာ ပေါ်နေတဲ့ပုံကိုကြည့်ပါ" ဟူ၍ ဖြစ်သည်။

ကျောက်ပေါ်တွင် အလားတူ အလင်းတန်းကလေးရှိသည်ကို တွေ့ရပါသည်။ အလားတူ ဘုရားသခင်ပင်ဖြစ်၍ အလားတူဗျာဒိတ်တော်ပင် ဖြစ်ပါသည်။ "သူတို့ကို ဤအရာကို ပြုလုပ်ရန်ပြောပါ။" ယနေ့မနက် ကျွန်တော်ပြောသည့်အ တိုင်းပင် ဖြစ်ပါသည်။

13 ၁၃။ ကျွန်တော်၏မိတ်ဆွေကောင်း Bro. Roy Roberson က Tueson တွင် နားထောင်နေပါသည်။ တောင်ပေါ်တွင် ရှိနေစဉ်က မြင်ရသော ရုပ်ပုံကို မှတ်မိပါသလား? ကျွန်တော့်ထံသို့တက်လာပြီး ထိုတိမ်တိုက်မှာ တောင်ပေါ်တွင် ရှိပါသ လား? အောက်ဆင်းလာပါက သူဘာပြောကြောင်း သင်သိပေမည်။ အောက်သို့လမ်းလျှောက်၍ ဆင်းလာသောအခါ ကိုယ် တော်က သင့် အားဘာပြောကြောင်း သင်သိပါသည်။ ထိုအိမ်တွင် ကျွန်တော်ကသင့်ကို ပြောပြခဲ့ပါသည်။ တနေ့က မဟုတ်ပါလား? ဟုတ်ပါသည်။ Roy ဘာမှမစိုးရိမ် ပါနှင့်သား" အားလုံးပြီးဆုံး သွားပါပြီ။

ထိုအရာသည် ဘာအဓိပ္ပါယ်ဖြစ်ကြောင်း သင်မသိပါ။ ကျေးဇူးတော်ပင် ဖြစ်ပါသည်။ ကိုယ်တော်က သင့်ကိုချစ်ပါသည်။ သင်သည် ကိုယ်တော်ကိုချစ်သည်။ နှိမ့်ချစွာ ကိုယ်တော်ကိုအစေခံ၍ ကိုယ်တော်ကို ဝတ်ပြုကိုးကွယ်ပါသည်။ ပျော်ရွှင်စွာဖြင့် ဆက်လက်၍ အသက်ရှင်နေထိုင်ပါ။ သင်ပျော်ရွှင်ပါက ထိုအတိုင်းဆက်လက်၍ နေထိုင်ပါ။ အများထပ်မံ၍ မပြုလုပ်ပါနှင့်။ ဆက်လက်၍ လုပ်ကိုင်ပါ။ ဘုရားသခင်၏ ကျေးဇူးတော်ပင် ဖြစ်ပါသည်။

14 ၁၄။ ယခုတစ်ဖန်ထပ်မံ၍ ဆုတောင်းပြီး နှုတ်ကပတ်တော်ကို လေ့လာပါမည်။ ဘယ်နှစ်ယောက် ကျွန်တော့်အတွက် ဆုတောင်းပေးပါမည်နည်း? စည်းဝေးပွဲ တစ်ခုပြီးတစ်ခု ကျွန်တော်ဆက်လုပ်ပါမည်။ ဆုတောင်းပါမည်လား?

နှုတ်ကပတ်တော်ကို မလေ့လာမီ ကျွန်တော်တို့အားလုံးအတူတကွ စုပေါင်း၍ သီချင်းကလေးတစ်ပိုဒ် သီဆိုကြပါစို့။ သို့မှသာ ကျွန်တော်တို့ဘုရားသခင်ကို သိပါမည်။ ... ဆက်ကပ်မှုကလေးသာ ဖြစ်ပါသည်။ "ကိုယ်တော်ရှင် ကသင့်အတွက် စောင်မတော်မူသည်" ဟူသော သီချင်းကလေးကို သင်ကြား ဘူးပါသလား? နေခြည်အားနှင့် ကြေကွဲရခြင်းများအားဖြင့် ကိုယ်တော်က သင့်ကို စောင့်ရှောက်တော်မူပါသည်။

မိန်းကလေးတစ်ဦး စန္ဒယားကြီးဆီသို့တက်လာပါသည်။ ဤမိန်းကလေးကို လည်း ကျွန်တော် ကျေးဇူးတင်လိုပါသည်။ သူမ မည်သူမည်ဝါဖြစ်ကြောင်း ကျွန်တော်မသိပါ။ သင်းထောက်တစ်ဦးဦး၏ သမီးဖြစ်ပါလိမ့်မည်။ Bro. Wheeler ၏သမီးကလေး ဖြစ်ပေလိမ့်မည်။ သူမသည် ယခုအခါမှာ ကြီးပြင်း လာပြီဖြစ်ပါသည်။ ကျွန်တော်၏ဒူးပေါ်တွင် ထိုင်၍ကြီးပြင်းလာသူကလေး ဖြစ်ပါသည်။ ယခုအခါမှာ မိန်းမငယ်ကလေး ဖြစ်နေပါပြီ။ သူမ၏ဂီတနှင့် သက်ဆိုင်သည့် ဆုကျေးဇူးကို အသုံးပြုသဖြင့် သူမကိုအမှန်တစ်ကယ် ကျေးဇူးတင်ပါသည်။ သူမ၏ စန္ဒယားတီးခတ်သံမှာ ကောင်းမွန်လှပါသည်။ ကျွန်တော်တို့ကို သင်္ကေ တ ပေးပါလား ညီမငယ်? ကျွန်တော်တို့အားလုံး ယခုအတူတကွ သီဆိုကြပါစို့။

ကိုယ်တော်သင့်ကို ကြည့်ရှုတော်မူပါသည်။

ကိုယ်တော်သင့်ကို ကြည့်ရှုတော်မူပါသည်။

နေရောင်ခြည်တွင်ဖြစ်စေ၊ အရိပ်တွင်ဖြစ်စေ။

ကိုယ်တော်သင့်ကို ကြည့်ရှုတော်မူပါသည်။

ခင်ဗျားနှစ်သက်ပါသလား? အားလုံးအတူတကွ ထပ်၍သီဆိုကြပါစို့။

ကိုယ်တော်သင့်ကို ကြည့်ရှုတော်မူပါသည်။

ကိုယ်တော်သင့်ကို ကြည့်ရှုတော်မူပါသည်။

နေရောင်ခြည်တွင်ဖြစ်စေ၊ အရိပ်တွင်ဖြစ်စေ။

ကိုယ်တော်သင့်ကို ကြည့်ရှုတော်မူပါသည်။

Bro. Dauch ကိုယ်တော် သင့်အတွက် ပြုလုပ်တော်မူပါသည်။ ကိုယ်တော်ရှင်ကို သင်ချစ်သည် မဟုတ်ပါလား? (ပရိသတ်က အာမင်ဟု ဆိုသည်။ အယ်ဒီတာ)

ယခုအခါ ကျွန်တော်တို့၏ခေါင်းများငုံ့၍ ဆုတောင်းကြပါစို့။

15 ၁၅။ ကျေးဇူးတော်ကြီးမားလှသော အဖဘုရားသခင် လူများကို ပြောစရာအနည်း ငယ်နှင့်အတူ ဤသင်္ကေတကလေးဖြင့် ယနေ့မနက် ပြန်လည်၍ အညွှန်းပြု ရန်အတွက် ယခုလာသောသူများ ကြားနာကြရန် ပြင်ဆင်ပါဟု ကျွန်တော် ဆုတောင်းပါ သည်။ လူအများက ဘုရားသခင်ချစ်၍ ဂရုပြုတော်မူကြောင်းကို သိစေပါ။ ကျွန်တော်က ထိုအရာကိုပေးသောသူ မဟုတ်ပါ။ သမ္မာတရားဖြစ်ကြောင်း ဖော်ပြပြီး ဖြစ်ပါသည်။ ကျွန်တော်ဆုတောင်းပါသည် အဖ ဘုရားသခင် ကိုယ်တော်၏မေတ္တာတော် သည် လူများအကြားတွင် အမြဲတည် နေတော်မူပါစေ။ ယနေ့ညဝတ်ပြုစည်းဝေးပြီးလျှင် ကျွန်တော်တို့ခွဲခွာရတော့မည် ဖြစ်ပါသည်။ အသီးသီး မိမိတို့အိမ်များသို့ပြန်ကြရပါမည်။ ကျွန်တော်တို့ကို နက်နဲစွာ ဆွဲဆောင်တော်မူပါ ကိုယ်တော်။ ဤသူများကို ကောင်းချီးပေးပါမည်အကြောင်း ကျွန်တော်ဆုတောင်းပါသည်။

ယခု ကျွန်တော်တို့နှုတ်ကပတ်တော်ကို လေ့လာသောအခါ ဆုတောင်း၍ယနေ့ည ဤနှုတ်ကပတ်တော်သည် ကျွန်တော် တို့အတွက် အသက်ရှင်ပါမည့်အကြောင်း မစတော်မူပါ။ ဤအဆောက်အဦကို ခွဲခွာ၍မိမိတို့၏အိမ်များသို့အသီးသီးပြန်ကြ သောအခါ တနေ့လုံး ကိုယ်တော်နှင့်လျှောက်ရသော ဧမောက်သားများကဲ့သို့ကိုယ်တော်ကို မသိဘဲဖြစ်ပြီး နောက်မှသိရသ ကဲ့သို့ဖြစ်နိုင်ပါစေ။ ထိုညက ကိုယ်တော်နှင့်အတူ အတွင်းသို့ရောက်၍ တံခါးများ အားလုံး ပိတ်လျှက်ရှိပြီးသားဖြစ်၍ ကားတင်ခြင်းမခံရမှီကဲ့သို့ဖြစ်ပါသည်။ ထိုအကြောင်းအရာအားဖြင့် သူတို့သည် ကိုယ်တော်ရှင်ထမြောက်တော်မူ ကြောင်းကို သိရပါသည်။

ယနေ့ညလည်း ကိုယ်တော်ရှင်အမှု ပြုတော်မူပါ။ တံခါးများပိတ်လျှက် ကိုယ်တော်ရှင်၏ သားသမီးတစ်စုထိုင်၍ စောင့်ဆိုင်း လျှက်ရှိပါသည်။ အဖ ယနေ့ညကျွန်တော်တို့အိမ်ပြန်ကြသောအခါ သူတို့ကဲ့သို့ပြောဆိုပါမည်။ “လမ်းတလျှောက်လုံး ကိုယ်တော်ရှင်ပြောသမျှကို နားထောင်၍ ကျွန်တော်ု၎၏ စိတ်နှလုံးများ တောက်လောင်လျှက် ရှိသည်မဟုတ်ပါလား?” ကိုယ် တော်ရှင်၏ လက်တော်ထဲသို့ကျွန်တော်တို့ကိုယ်ကို ကျွန်တော်တို့အပ်နှံကြပါသည် အရှင်ဘုရား။ ကိုယ်တော်ရှင် ကျွန်တော့် တို့အား သင့်လျှော်သလို စီမံပြုလုပ်တော်မူပါ။ ယေရှုနာမ၌ ဆုတောင်းပါသည်။ အာမင်။

16 ၁၆။ ယခုလျှင်မြန်စွာ ပြန်လည်၍ ဝတ်ပြုကိုးကွယ်ကြပါစို့။ ဟေဗြဲသြဝါဒစာ စောင်ကို ဖတ်ကြည့်ကြပါစို့။ ယနေ့ညခေတ္တ စကားပြောကြပါစို့။ ကိုယ်တော်ရှင်ကို အလိုရှိပါက (ဟေဗြဲ ၇း၁-၃)ကို ဖတ်ကြည့်ကြပါမည်။ ကိုယ်တော်ရှင် ဤကျမ်းပိုဒ် နှင့်ပတ်သက်၍ ဘာလုပ်မည်ကို ကျွန်တော်တို့မသိကြပါ။ ကျွန်တော်တို့လုပ်နိုင်သော တစ်ခုတည်းသောအရာမှာ ဆုတောင်း ၍ စောင့်ကြည့်ယုံကြည်ရန်သာ ဖြစ်ပါသည်။ “ကိုယ်တော်ကို ချစ်တော်မူသောသူများအတွက် အရာခပ်သိမ်း ကောင်းစေရန် ကိုယ်တော်ပြုလုပ်သည်။” ဟုသာ ယုံကြည်ရပါမည်။ အကြောင်းမှာ ကိုယ်တော်ရှင် ဂတိတော်ရှိသောကြောင့် ဖြစ်ပါသည်။

မင်းကြီးများကို လုပ်ကြံရာမှ ပြန်လာသောအာဗြဟံကို ခရီးဦးကြိုပြု၍ ကောင်းချီးပေးပြီးလျှင် အာဗြဟံလှူသော လက်ရည်စွာရှိသမျှကို ဆယ်ဘို့တစ်ဘို့ခံယူသော ထိုရှာလင်မင်းကြီးတည်းဟူသော အမြင့်ဆုံးသောဘုရားသခင်၏ ယဇ်ပ ရောဟိတ် မေလခိဇေဒက်သည် နာမရင်းအနက်အားဖြင့် တရားမင်းထိုမှတစ်ပါး၊ ငြိမ်သက်ခြင်းမင်းဟု ဆိုလိုသော ရှာလင်မင်း ဖြစ်လျှက် အဘမရှိ၊ အမိမရှိ၊ ရှေးမျိုးစဉ်မျိုးဆက်မရှိ၊ အသက်အပိုင်းအခြား မရှိဘဲ ဘုရားသခင်၏သားတော်နှင့်တူ၍ ယဇ်ပ ရောဟိတ်အရာ၌ အစဉ် အမြဲတည်၏။

17 ၁၇။ ဤပုဂ္ဂိုလ်ကြီးအကြောင်းကို စဉ်းစားပါ။ ဤလူသားသည် မည်မျှကြီး မြတ်ပါမည်နည်း? မေးရမည့်မေးခွန်းမှာ “ဤသူသည် မည်သူဖြစ်ပါသနည်း? သီဩလော်ဂျီပညာရှင်များတွင် အတွေးအခေါ် အမျိုးမျိုးရှိပါသည်။ တံဆိပ် (၇)ချက်ကို ဖွင့်လိုက်သောအခါ နက်နဲသောစာအုပ်ဖြစ်ပြီး ကျွန်တော်တို့အတွက် လျှို့ဝှက်နက်နဲရာ ဖြစ်ပါသည်။ .... (ဗျာဒိတ် ၁၀း၁-၇) အရဆိုလျှင် ဤစာစောင်ထဲတွင် ရေးထားသမျှ နက်နဲရာများအားလုံးမှာ ပြုပြင်ပြောင်းလဲရေးကာလ တစ်လျှောက်လုံး ဖုံးကွယ်ထားရာဖြစ်၍ ကောင်းကင်တမန်က ဖွင့်ဆိုပြသရပါမည်။ နောက်ဆုံးသောအသင်းတော်ကာလတွင် ဖွင့်ပြပါမည်။ မှန်ကန်ကြောင်း ဘယ်နှစ်ယောက်သိပါသလဲ? (ပရိသတ်က အာမင်ဟု ပြောသည်။ အယ်ဒီတာ) မှန်ပါသည်။ လျှို့ဝှက်နက်နဲ ရာ စာအုပ်ထဲမှ နက်နဲရာများအားလုံးကို လောဒိကိအသင်းတော်ကာလ၏ သတင်းပို့ဆောင်သူကို ဖော်ပြပါမည်။

ဤပုဂ္ဂိုလ်ကြီးနှင့် ပတ်သက်၍သော်၎င်း၊ ဤဘာသာရပ်နှင့်ပတ်သက်၍သော်၎င်း၊ အငြင်းအခုန်များစွာ ဖြစ်ကြောင်း သိရသ ဖြင့် ဤပုဂ္ဂိုလ်ကြီးမှာ မည်သူမည်ဝါဖြစ်ကြောင်း ရှာဖွေဖော်ထုတ်ရပါမည်။ ကိုယ်တော်ရှင်နှင့်ပတ်သက်၍ အမျိုးမျိုးပြောကြ သည်ကို တွေ့ရပါသည်။

ပြောဆိုချက်တစ်မျိုးမှာ “သူသည် ပုံပြင်သက်သက်သာ ဖြစ်သည်။ လူစင်စစ် မဟုတ်ပါ။” ဟူ၍ဖြစ်သည်။

နောက်ပြောဆိုချက်တစ်မျိုးမှာ “ယဇ်ပရောဟိတ် ဖြစ်ခြင်းပင် ဖြစ်ပါသည်။ မေလခိဇေဒက်တည်းဟူသော ယဇ်ပရော ဟိတ်ဖြစ်ခြင်းပင် ဖြစ်ပါသည်” ဤ ကဲ့သို့သော ယူဆချက်ကို ပို၍လက်ခံကြကြောင်း တွေ့ရပါသည်။ အကြောင်း မှာ သူတို့က ယဇ်ပရောဟိတ်ဖြစ်ခြင်းကို ဆိုလိုသောကြောင့်ဖြစ်ပါသည်။

အခန်းငယ်(၉)တွင် သူသည် ပုဂ္ဂိုလ်တစ်ဦးဖြစ်ကြောင်း ဖော်ပြထားသဖြင့် ယဇ်ပရောဟိတ် မဖြစ်နိုင်ပါ။ “လူသား” တစ်ဦးဖြစ်ပါသည်။ ပုဂ္ဂိုလ်သစ် တစ်ဦးဖြစ်ရန်အတွက် ကိုယ်တော်ရှင်မှာ ပုဂ္ဂိုလ်ရေးရာရှိပါသည်။ လူသား ဖြစ်ပါသည်။ အစီအစဉ်တစ်ခုမဟုတ်ပါ။

ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါသည်။ ကိုယ်တော်သည် ယဇ်ပရောဟိတ် အစီအစဉ် မဟုတ်သကဲ့သို့ပုံပြင် လည်းမဟုတ်ပါ။ လူပုဂ္ဂိုလ် ဖြစ်ပါသည်။

18 ၁၈။ ပုဂ္ဂိုလ်မှာ ထာဝရဖြစ်ပါသည်။ သင်သတိပြုမိပါက "အဘမရှိ၊ အမိမရှိ၊ ရှေးမျိုးစဉ်မရှိ၊ အသက်အပိုင်းအခြားမရှိဘဲ ဘုရားသခင်၏သားတော်နှင့်တူ၍ ...." ဟုဆိုထားပါသည်။ ယနေ့ည အသက်ရှင်လျှက် မည်သူရှိနေပါသနည်း? ယနေ့ညအ သက်ရှင်လျှက် ရှိနေဆဲဖြစ်ပါသည်။ သမ္မာကျမ်းစာက "အဘမရှိ၊ အမိမရှိ၊ ရှေးမျိုးစဉ်မရှိ၊ အသက်အပိုင်းအခြားမရှိဘဲ ...."ဟု ဆိုထားသဖြင့် ထာဝရပုဂ္ဂိုလ်ပင် ဖြစ်ပေမည်။ မှန်ပါသလား? (ပရိသတ်က "အာမင်" ဟုဆိုသည်။ - အယ်ဒီတာ) ထာဝရ ပုဂ္ဂိုလ်ပင် ဖြစ်ပါသည်။ ပုဂ္ဂိုလ်တစ်ပါးတည်းသာ ဖြစ်နိုင်ပါသည်။ အကြောင်းမှာ ကိုယ်တော်သည် ထာဝရတည်နေသော တစ်ပါးတည်းသော ဘုရားဖြစ်သောကြောင့် ဖြစ်ပါသည်။

(၁တိ ၆း၁၅နှင့်၁၆)တွင် ဖေါ်ပြထားသည်ကို ဖတ်ရှုလိုပါသည်။

ကျွန်တော်၏စိတ်နှလုံးထဲတွင် ကြေနပ်မှုရှိသည်မှာ ကိုယ်တော်ရှင်သည် ဘုရားဖြစ်တော်မူ၍ ကိုယ်တော်တစ်ပါး တည်းသာလျှင် သေဆုံးခြင်းမရှိနိုင် ကြောင်းပင် ဖြစ်ပါသည်။ ဘုရားသခင်က မိမိကိုယ်ကို လူပုဂ္ဂိုလ်အဖြစ် ပြောင်းလဲပစ်၍ လူသားဖြစ်တော်မူပါသည်။ "အဘမရှိ၊ အမိမရှိ၊ ရှေးမျိုးစဉ် မရှိ၊ အသက်အပိုင်းအခြား မရှိဘဲ ...." ဖြစ်သည်ဟု ဆိုပါသည်။

19 ၁၉။ ကျွန်တော်တို့သည် သမ္မာကျမ်းစာထဲတွင် မြောက်များစွာသောသူတို့က "ဘုရားတစ်ဆူတွင် ပုဂ္ဂိုလ်(၃)ပါးရှိကြောင်း သွန်သင်ထားသည်" ကိုတွေ့ရပါသည်။ လူပုဂ္ဂိုလ်တစ်ဦး မဖြစ်ဘဲနှင့် ပုဂ္ဂိုလ်ရေးရာ ကိစ္စများမရှိနိုင်ပါ။ ပုဂ္ဂိုလ်ရေးရာရှိရန် ပုဂ္ဂိုလ်တစ်ဦး လိုအပ်ပါသည်။

လွန်ခဲ့သော ရက်သတ္တပတ်အနည်းငယ်ခန့်က နှစ်ခြင်းခံမှုဆရာတစ်ဦး ရောက်လာပြီး ကျွန်တော်အိမ်တွင် ပြောဆိုပါ သည်။ "အချိန်ရပါက ဘုရားသခင်နှင့်ပတ်သက်၍ ခင်ဗျားကိုလမ်းတည့်ပေးချင်ပါတယ်။"

ကျွန်တော်က "အခုအချိန်ရပါတယ်။ ကျွန်တော့်ဟာလည်း ဖြောင့်မတ်ချင်ပါတယ်။ တည့်မတ်ဘို့ရန်အတွက် အားလုံးကိုခဏ ဘေးချထားနိုင်ပါတယ်" ဟုဆိုသည်။ သူကလည်း ထိုအခါ ပြောပါတော့သည်။ " Brother Branham ဘုရားသခင်တစ် ပါးတည်းသာ ရှိတယ်လို့ခင်ဗျားသွန်သင်တယ်"

ကျွန်တော်က "ဟုတ်ပါတယ်ဆရာ" ဟု ဖြေသည်။ သူကလည်း ပြောပါသည်။ "ဘုရားသခင်တစ်ပါးတည်းရှိကြောင်း ကျွန်တော်ယုံကြည်ပါသည်။ သို့သော်လည်း ပုဂ္ဂိုလ်(၃)ပါးတစ်ဆူ ဖြစ်ပါသည်။" ဟုဆိုသည်။

ကျွန်တော်က "ထပ်ပြောပါအုန်း ဆရာ" ဟု ဆိုသည်။ သူက "ဘုရားတစ်ဆူ တည်းရှိ၍ ပုဂ္ဂိုလ်(၃)ပါးဖြစ်သည်။" ဟု ဆိုပါသည်။

"ခင်ဗျား ဘယ်ကျောင်းတက်တာလဲ?" ဟု ကျွန်တော်ကမေးသောအခါ သူက ကျမ်းစာကျောင်းဟု ဆိုပါသည်။ ကျွန်တော်က လည်း "ကျွန်တော်ယုံ နိုင်ပါသည်။ ပုဂ္ဂိုလ်ရေးရာမရှိဘဲနှင့် သင်သည် ပုဂ္ဂိုလ်တစ်ဦးမဖြစ်နိုင်ပါ။ သင်သည် ပုဂ္ဂိုလ်ရေးရာ ရှိပါက သင့်ကိုယ်သင် ပုဂ္ဂိုလ်ရေးရာတစ်ဦးသာ ဖြစ်ရပါမည်။ သင်သည် သီးခြားပုဂ္ဂိုလ်တစ်ဦး ဖြစ်ပါသည်။" ဟု ကျွန်တော်က ပြောလိုက်သည်။ သူကလည်း "သီဩလော်ဂျီပညာရှင်များပင်လျှင် ထိုအရာကို ရှင်းမပြတတ်ကြပါ။" ဟုဆိုသည်။ ကျွန်တော်က "ဗျာဒိတ်တော် အားဖြင့်ဖြစ်သည်" ဟု ဆိုလိုက်ပါသည်။

သူက "ကျွန်တော် ဗျာဒိတ်တော်ကို လက်မခံနိုင်ပါ" ဟုပြန်ပြောသည်။

"သင့်ထံသို့ရောက်နိုင်ရန်အတွက် ဘုရားသခင်မှာ နည်းလမ်းမရှိတော့ပါ။ အကြောင်းမှာ ပညာတတ်တို့၏ မျက်ကွယ်မှ ဖုံးအုပ်ထားခြင်းခံရ၍ လက်ခံ နိုင်မည့် ကလေးသူငယ်များကိုသာ ဖေါ်ပြခြင်း ဖြစ်ပါသည်။" ဟု ကျွန်တော်က ပြောပြသည်။ "သင့်ထံသို့ ရောက်နိုင်ရန်အတွက် ဘုရားသခင်မှာ နည်းလမ်းမရှိတော့ပါ။ ကိုယ်တော်ရှင်ထံတော်မှ သင့်ကိုယ်သင်လမ်းပိတ် ထားပြီ ဖြစ်ပါသည်"

သမ္မာကျမ်းစာ တစ်အုပ်လုံးမှာ ဘုရားသခင်၏ဗျာဒိတ်တော်ပင် ဖြစ်ပါသည်။ အသင်းတော်တစ်ခုလုံးမှာ ဘုရားသခင် ၏ဗျာဒိတ်တော်အပေါ်တွင် တည်ဆောက်ထားခြင်း ဖြစ်ပါသည်။ ဗျာဒိတ်အားဖြင့်လွဲ၍ ဘယ်အရာနှင့်မျှ ဘုရားသခင်ကို တွေ့နိုင်မည့်နည်းလမ်း မရှိပါ။ "သားတော်က ဘုရားသခင်ကို ဖေါ်ပြတော်မူပါမည်။" အရာခပ်သိမ်းသည် ဗျာဒိတ်တော်အား ဖြင့် ဖြစ်ပါသည်။ ဗျာဒိတ်ဖေါ်ပြချက်ကို လက်မခံပါက သင်သည်အေးစက်နေသော သီဩော်လော်ဂျီပညာရှင်သာ ဖြစ်သည်။ သင့်အတွက် မျှော်လင့်ချက်မရှိ တော့ပါ။

20 ၂၀။ ဤပုဂ္ဂိုလ်မှာ "အဘမရှိ၊ အမိမရှိ၊ ရှေးမျိုးစဉ်မရှိ၊ အသက်အပိုင်းအခြား မရှိဘဲ ဘုရားသခင်၏သားတော်နှင့်တူ၍ ....." ဟုဆိုထားပါသည်။ ဘုရားသခင် ဖြစ်တော်မူ၍ EN morphe ဖြစ်ပါသည်။

လောကနှင့်ဆိုင်သောအရာတွင် ဂရိစကားလုံးတစ်လုံးကို တွေ့ရပါသည်။ အသုံးပြုထားသော ဂရိစကားလုံး၏အ ဓိပ္ပါယ်မှာ "ပြောင်းလဲသည်" ဟု အဓိပ္ပါယ်ရပါသည်။ မိမိကိုယ်ကို ပြောင်းလဲ၍ EN morphe မှ ပုဂ္ဂိုလ်တစ်ဦး မှပုဂ္ဂိုလ်တစ်ဦး သို့ ပြောင်းလဲခြင်းပင် ဖြစ်ပါသည်။ ဂရိစကားလုံး EN morphe ၏ အဓိပ္ပါယ်မှာ ....ဇါတ်စင်ပေါ်မှာကဲ့သို့ဖြစ်ပါသည်။ လူပုဂ္ဂိုလ်တစ်ဦးသည် မိမိ၏မျက်နှာဖုံးကို ပြောင်းလဲခြင်းပင် ဖြစ်ပါသည်။ မိမိကိုယ်ကို အခြားဇါတ်ဆောင်ပုံစံ ပြောင်းလဲရန်ပင် ဖြစ်ပါသည်။

မကြာသေးမီ အချိန်က ကျောင်းမှာကဲ့သို့ကျွန်တော်ယုံကြည်ပါသည်။ ရေဗက်ခါမှာ သူမဘဲ့မရမီက ရိုတ်စပီးယား၏ ပြဇါတ်ကိုတွေ့ရပါသည်။ လူငယ်တစ်ဦးမှ ပြဇါတ်ထဲတွင် အကြိမ်ပေါင်းများစွာ အဝတ်အစားလဲရပါ သည်။ အကြောင်းမှာ သရုပ်ဆောင်မှုနှစ်ပိုင်း(သို့) သုံးပိုင်းပြုလုပ်ရသော ကြောင့် ဖြစ်ပါသည်။ သို့သော်လည်း သူပုဂ္ဂိုလ်မှာ သူတစ်ဦးတည်းသာဖြစ် သည်။ တစ်ခါ

သရုပ်ဆောင်ရန်ထွက်လာသောအခါ လူဆိုးဖြစ်၍နောက် တစ်ခါထွက်လာသောအခါ ပုံစံတစ်မျိုး ဖြစ်နေပါ သည်။ ဂရိစကားလုံး EN morphe ၏အဓိပ္ပါယ်မှာ "သူ၏မျက်နှာဖုံးကို သူပြောင်းလဲပစ်သည်။" ဟု အဓိပ္ပါယ်ရပါသည်။

21 ၂၁။ ထိုကဲ့သို့ဘုရားသခင်က ပြုလုပ်ခဲ့ခြင်းပင် ဖြစ်ပါသည်။ တစ်ချိန်လုံး အလားတူ ဘုရားသခင်ပင် ဖြစ်ပါသည်။ ဘုရားသခင်သည် ခမည်းတော်၏ပုံစံ ဝိညာဉ် ဖြစ်သည်။ မီးတိုင်ဖြစ်သည်။ ထိုဘုရားသခင်ပင်လျှင် အသွေးအသား ဇာတိခံယူ၍ ကျွန်ုပ်တို့နှင့်အတူ ကျိန်းဝပ်တော်မူသည်။ EN morphe ဖြစ်သည်။ သူ့အားဖြင့် တွေ့စေနိုင်ရန်အတွက် ခေါ် ထုတ်တော်မူပါသည်။ အလားတူ ဘုရားသခင်မှာလည်း သန့်ရှင်းသောဝိညာဉ်တော် ဖြစ်တော်မူပါသည်။ ခမည်းတော်၊ သားတော်၊ သန့်ရှင်း .... ဘုရားသုံးပါး မဟုတ်ပါ။ ဌာန(၃) ခုဖြစ်ပါသည်။ တစ်ပါးတည်းသောဘုရားသခင်၏ လှုပ်ရှားမှု(၃)မျိုး ဖြစ်ပါသည်။

သမ္မာကျမ်းစာက "ဘုရားသခင် တစ်ပါးတည်းရှိတော်မူသည်" ဟုဆို ထားပါသည်။ (၃)ပါးဟု မဆိုပါ။ သို့သော်လည်း သူတို့က လက်မခံနိုင်ပါ။ ဤအချက်ကို ဖြောင့်တန်းစွာ သူတို့ကလက်မခံနိုင်ပါ။ ဘုရား(၃)ပါးဟုသာ လက်ခံထားပါသည်။ ဂျူးတစ် ယောက်ကို လှည့်ဖျား၍မရပါ။ ကျွန်တော် ပြောပြပါမည်။ ပိုမိုသိရှိနားလည်သူအနေနှင့် ဘုရားတစ်ပါးတည်းသာ ရှိကြောင်း သိပါသည်။

22 ၂၂။ ကိုယ်တော်ရှင်သည် ပန်းပုရုပ်တုကဲ့သို့မျက်နှာဖုံးဖြင့် ဖုံးကွယ်လျှက်ရှိပါသည်။ ဤခေတ်ကာလအတွင်း ဘုရားသခင် ထိုကဲ့သို့ပင် ပြုလုပ်ပါသည်။ ဖုံးကွယ်ထားခြင်း ခံရပါသည်။ ဤအရာများအားလုံး ဖုံးကွယ်ထားခြင်း ခံရပါသည်။ ဤခေတ်ကာ လတွင် ဖော်ပြခြင်းခံရရန်ပင် ဖြစ်ပါသည်။ သမ္မာကျမ်းစာဆိုသည်ကား နောက်အချိန်ကာလများတွင် ဖော်ပြရမည့်အရာ များဟု ဆိုပါသည်။ ပန်းပုရုပ်တုတစ်ခုလုံးကို ဖုံးကွယ်ထားပြီးနောက်ဆုံး မျက်နှာဖုံးကို ခွာချလျှက် ဖုံးကွယ်ထားသဖြင့် ထိုဖွင့်လှစ်ရ မည့်အချိန်အထိ ဖြစ်ပါသည်။

သမ္မာကျမ်းစာများလည်း ထိုကဲ့သို့ပင် ဖြစ်ပါသည်။ ဖုံးကွယ်ထားခြင်းခံရသော ဘုရားသခင်၏လက်ရာတော်နှင့် တူပါ သည်။ ကမ္ဘာလောကကြီးကို စတင်၍ ဖန်ဆင်းစကတည်းက ထိုကဲ့သို့ပင်ဖြစ်ပါသည်။ နက်နဲလျှို့ဝှက်မှု (၇)ခု ပါဝင်ပါသည်။ ယနေ့ခေတ်ကာလ လောဒိကိအသင်းတော်လက်ထက် တွင် ဖုံးကွယ်ထားသည့် အရာတစ်ခုလုံးကို ဖွင့်လှစ်လိုက်သောအခါ ၎င်းကို တွေ့မြင်ရပါသည်။ မည်မျှဘုန်းထင်ရှားစေသောအရာ ဖြစ်ပါသနည်း?

ဘုရားသခင်တည်းဟူသော EN morphe ကမီးတိုင်ထဲတွင် ဖုံးကွယ်၍နေပါသည်။ ဘုရားသခင်တည်းဟူသော EN morphe ကယေရှုတည်းဟူသော လူသားအထဲ၌ ရှိနေပါသည်။ ဘုရားသခင်က EN morphe မှာ သူ၏အသင်းတော်ထဲတွင် ရှိနေပါ သည်။ ဘုရားသခင် ကျွန်တော်တို့အပေါ်တွင် ရှိနေတော်မူ၍ ကျွန်တော်တို့နှင့်အတူ ရှိနေတော်မူပါသည်။ ဘုရားသခင် ကျွန် တော်တို့အတွင်း၌ ရှိနေတော်မူပါသည်။ ဘုရားသခင်၏ နှိမ့်ချခြင်းပင် ဖြစ်ပါသည်။

အထက်အရပ်တွင် သန့်ရှင်းတော်မူ၍ မည်သူမှ ကိုယ်တော်ကို မတို့ထိဝံ့ပါ။ တောင်ပေါ်တွင် ကိုယ်တော်ရှင်က စတည်းချသောအခါ ထိုတောင်ကို တိရိစ္ဆာန်က တို့ထိလိုက်ပါက သေရပါမည်။

၎င်းနောက် ဘုရားသခင်ဆင်းသက်ကြွလာတော်မူ၍ သူ၏တဲတော်ကို ပြောင်းလိုက်ပြီး ကျွန်တော်တို့နှင့်အတူနေ ထိုင်၍ ကျွန်တော်တို့နှင့် တလုံးတစ်ဝတည်း ဖြစ်တော်မူပါသည်။ (၁တိ ၃း၁၆) မှန်သောကိုးကွယ်ခြင်း၏ နက်နဲသောအရာ သည် ကြီးစွာသောအရာဖြစ်သည်ဟု ငြင်းခုံရန်မရှိ။ ဘုရားသခင်၏ကိုယ်ခန္ဓာ၌ ပေါ်ထွန်းတော်မူပြီ။ ဟုတ်မှန်တော်မူခြင်း အကြောင်းသည် ..." ဘုရားသခင်သည် အသားစားသည်။ ရေသောက်သည်။ အိပ်သည်။ ငိုကြွေးတော်မူပါသည်။ ကျွန်တော် တို့ထဲမှ တစ်ဦးပင် ဖြစ်ပါသည်။ လှပသည်။ သမ္မာကျမ်းစာတွင် ဖော်ပြသကဲ့သို့ဖြစ်ပါသည်။

ဘုရားသခင်သည် ကျွန်တော်တို့အထက်တွင် ရှိနေတော်မူခဲ့သည်။ ယခုအခါတွင် ကျွန်တော်တို့နှင့်အတူ ရှိတော်မူ သည်။ ကျွန်တော်တို့အထဲတွင် ရှိတော်မူသည်။ သန့်ရှင်းသောဝိညာဉ်တော် ဖြစ်တော်မူပါသည်။ တတိယ ပုဂ္ဂိုလ် မဟုတ်ပါ။ ထိုပုဂ္ဂိုလ်တစ်ဦးတည်းပင် ဖြစ်ပါသည်။

23 ၂၃။ ဘုရားသခင် ဆင်းသက်ကြွလာတော်မူပြီး ခရစ်တော်တည်းဟူသော ပုဂ္ဂိုလ်၌ အသေခံတော်မူပါသည်။ မိဿဟာရဖွဲ့ နိုင်ရန်အတွက် အတွင်းသို့ဝင် ရောက်နိုင်ရန် အသင်းတော်ကို သန့်ရှင်းစေရပါမည်။ ဘုရားသခင်က မိဿဟာရဖွဲ့ခြင်းကို နှစ်သက်ပါသည်။ လူကို ပထမဆုံးဖန်ဆင်းရခြင်း အကြောင်းရင်းမှာလည်း မိဿဟာယဖွဲ့ရန်ပင် ဖြစ်ပါသည်။ ဘုရားသခင် သည် တစ်ဦးတည်း ခေရုဗိမ်များနှင့်အတူ ကျိန်းဝပ်တော်မူပါသည်။

အစအဦး၌ ဘုရားသခင်တစ်ဦးတည်း ကျိန်းဝပ်တော်မူပါသည်။ သူ၏ စရိုက်လက္ခဏာများဖြင့် ယနေ့မနက် ကျွန်တော် ပြောသည့်အတိုင်းပင် ဖြစ်ပါသည်။ ၎င်းအရာမှာ သူ၏အတွေးအခေါ်ပင် ဖြစ်ပါသည်။ ဘာမှမရှိပါ။ ဘုရားသခင် တစ်ပါးတည်း သာရှိပါသည်။ သို့သော်လည်း သူ့အထဲမှာ အ တွေးအခေါ်များ ရှိပါသည်။

ကြီးမားလှသော ဗိသုကာကြီးတစ်ဦးက အေးဆေးစွာထိုင်ပြီး သူ၏ စိတ်နှလုံးထဲတွင် သူစဉ်းစားထားသည့် အရာများ ကိုပုံဆွဲ၍ တည်ဆောက်နိုင်ပါသည်။ ဖန်တီးနိုင်ပါသည်။ ယခုအခါတွင်မူ သူမဖန်တီးနိုင်သေးပါ။ ဖန်တီးပြီးသားတစ်ခုကို ယူ၍ပုံစံတစ်မျိုး ပြုလုပ်နိုင်ပါသည်။ ဘုရားသခင်သည် တစ်လမ်းတည်းဖြစ်၍ ဖန်တီးနိုင်သူတစ်ပါးတည်းသာ ဖြစ်ပါသည်။ သူဘာ လုပ်မည်ကို သူ့စိတ်နှလုံးထဲတွင် သူရရှိပါသည်။ ထိုအရာများမှာ သူ၏အတွေးအခေါ်များပင် ဖြစ်ပါသည်။ ၎င်းနောက် သူကစကားဖြင့် ပြောဆိုလိုက် သောအခါ စကားလုံး ဖြစ်ပေါ်လာပါသည်။ နှုတ်ကပတ်တော်မှာ ......

24 ၂၄။ အတွေးတစ်ခုကို ဖော်ပြလိုက်သောအခါ စကားဖြစ်လာပါသည်။ ဖော်ပြထားသောအတွေးတစ်ခုမှာ နှုတ်ကပတ်တော် ပင်

ဖြစ်ပါသည်။ သို့သော်လည်း ပထမဆုံးအနေနှင့် အတွေးဖြစ်ရပါမည်။ ဘုရားသခင်၏လက္ခဏာများက အတွေးဖြစ် လာပါသည်။ ၎င်းနောက် နှုတ်ကပတ်တော် ဖြစ်လာပါသည်။

ကိုယ်တော်၏ တွေးတောချက်များ ထွက်ပေါ်လာသောအရာသည် ထိုနှုတ်ကပတ်တော် ဖြစ်ပေါ်လာသည်။ ဦးစွာတွေးတော ဆင်ခြင်သောအရာသည် နှုတ်ထွက်စကားတော် ဖြစ်လာပါသည်။ ဘုရားသခင်၏ ဂုဏ်အင်္ဂါလက္ခဏာ အားဖြင့် နှုတ်ကပတ် တော် ဖြစ်ပေါ်လာပါသည်။

25 ၂၅။ ထာဝရအသက်မှာ ကိုယ်တော်ရှင်နှင့်အတူ ရှိတော်မူပါသည်။ ကိုယ်တော်အထဲ၌ ရှိပါသည်။ သူ၏အတွေးထဲ၌လည်း ရှိနေပါသည်။ ၎င်းမတိုင်မီကောင်း ကင်တမန်ရှိပါသည်။ ကြယ်၊ ခေရုဗိမ်(သို့) ဘာဘဲဖြစ်ဖြစ် ရှိနေပါသည်။ ၎င်းအရာမှာ ထာဝရအရာပင် ဖြစ်ပါသည်။ သင့်မှာ ထာဝရအသက်ရှိလျှင် သင်သည် အမြဲတမ်းရှိနေပါမည်။ သင်ဤနေရာမှာ ရှိနေသည် သာမက အရွယ်အစားနှင့်ပုံသဏ္ဌာန်မှာလည်း အကန့်အသတ် မရှိသောဘုရားကဲ့သို့ပင် ဖြစ်ပါသည်။

ကိုယ်တော်ရှင်သည် အကန့်အသတ်မရှိပါက ဘုရားမဟုတ်တော့ပါ။ ဘုရားသခင်မှာ အကန့်အသတ်မရှိတော့ပါ။ ကျွန်တော် တို့မှာ ကန့်သတ်မှုရှိပါသည်။ ကိုယ်တော်ရှင် အကန့်အသတ်မဲ့ဖြစ်၍ ကိုယ်တော်ရှင်မှာ နေရာတိုင်း တွင်ရှိသည်။ အရာခပ် သိမ်းကို သိမြင်တော်မူသည်။ အရာခပ်သိမ်းကိုလည်း ပိုင်တော်မူပါသည်။ ထိုသူတို့မတတ်နိုင်ပါက သူသည် ဘုရားမဟုတ် တော့ပါ။ အရာခပ်သိမ်းကို သိမြင်တော်မူသည်။ နေရာတိုင်းကို သိသည်။ အကြောင်းမှာ ကိုယ်တော်ရှင်သည် နေရာတိုင်းတွင် ရှိတော်မူသောကြောင့် ဖြစ်သည်။ အရာခပ်သိမ်းကို သိမြင်တော်မူသဖြင့် နေရာတိုင်းတွင် ရှိနေတော်မူပါသည်။ ကိုယ်တော် ရှင်သည် ဘုရားဖြစ်တော်မူသည်။ လေကဲ့သို့ မဟုတ်ပါ။ ကိုယ်တော်ရှင်သည် သက်ရှိဘုရား ဖြစ်သည်။ အိမ်ထဲတွင် ကျိန်းဝပ် တော်မူပြီး အရာခပ်သိမ်းကို သိမြင်တော်မူသဖြင့် နေရာတိုင်းတွင်ရှိနေ တော်မူပါသည်။ ဖြစ်သမျှအရာအားလုံးကို ကိုယ်တော် ရှင်သိမြင်တော်မူ သောကြောင့်ပင် ဖြစ်ပါသည်။

လေးတစ်ကောင်၏ မျက်လုံးမျက်တောင်ခတ်သည်ကို သူမသိသော်လည်း ကိုယ်တော်ရှင် သိမြင်တော်မူပါသည်။ ကမ္ဘာလော ကကြီး မတည်မရှိမှီကပင် ကိုယ်တော်ရှင် သိမြင်တော်မူပါသည်။ ဘယ်နှစ်ခါ မျက်တောင်ခတ်ပါသနည်း? ကမ္ဘာလောကကြီး မတည်မရှိမှီကပင် ဘယ်နှစ်ခါရှိခဲ့သည်တို့မှာ အကန့် အသတ်မရှိပါ။ ကျွန်ုပ်တို့၏ စိတ်နှလုံးများထဲတွင် ဖေါ်ပြ၍မရ နိုင်ပါ။ ထိုအရာမှာ ဘုရားသခင်ပင် ဖြစ်ပါသည်။ ဘုရားသခင်သည် အကန့် အသတ်မရှိပါ။

26 ၂၆။ သင်၏မျက်လုံးများ သင်၏ရပ်တည်ချက် ဘာဘဲဖြစ်ဖြစ် သင်သည် ကိုယ်တော်ရှင်၏အတွေးထဲတွင် အစအဦးက တည်းက ရှိနေပါသည်။ ထုတ်ဖေါ် ပြောပြသော စကားဆိုသည်မှာ သင်၏တစ်ခုတည်းသော အဖြစ်ပင်ဖြစ်ပါသည်။ ကိုယ်တော်ရှင် တွေးတောပြီးနောက် ကိုယ်တော်ရှင် မိန့်တော်မူပါ သည်။ ၎င်းနောက် သင်ဤနေရာသို့ရောက်ရှိလာပါသည်။ သို့မဟုတ်ပါက သင်သည် ကိုယ်တော်ရှင်၏အတွေးထဲတွင် မရှိပါက ထိုနေရာမှာရှိရန်အတွက် သင့်အတွက်နည်းလမ်း ဟူသည် ရှိတော့မည်မဟုတ်ပါ။ အကြောင်းမှာ ကိုယ်တော်ရှင်သည် ထာဝရအသက်ကိုပေးတော်မူသော တစ်ပါးတည်းသော ပုဂ္ဂိုလ်ဖြစ်သောကြောင့်ပေတည်း။

သမ္မာကျမ်းစာကို ကျွန်ုပ်တို့မည်သို့ဖတ်ရှုလေ့လာကြောင်း သင်မှတ်မိ ပါသလား? ဆန္ဒရှိသောသူ(သို့) ပြေးသောသူမဟုတ် ပါ။ သို့သော်လည်း ဘုရားသခင်ပင် ဖြစ်ပါသည်။ ဟုဆိုထားသည်။ သူ၏ကြိုတင်ဖေါ်ပြချက်သည် မှန်ကန်စွာ ရပ်တည်နိုင် ရန်အတွက် ကိုယ်တော်ရှင်က ရွေးချယ်နိုင်ပါသည်။ ဘယ်အချိန်မှာ ဖြစ်ပါစေ။ ဘုရားသခင်သည် သူ၏ရွေးချယ်မှုတွင် အချုပ် အချာအာဏာ ပိုင်ဆိုင်မှုရှိပါသည်။ သင် ထိုအရာကို သိပါသလား? ဘုရား သခင်သည် အချုပ်အချာအာဏာ ပိုင်ဆိုင်သူ ဖြစ်ပါသည်။

ကမ္ဘာလောကကြီးကို ပိုမိကောင်းမွန်စေသော နည်းလမ်းအတိုင်း ပြုလုပ်ရန်အတွက် ကိုယ်တော်ရှင်ကို ပြောပြရန်အ တွက် မည်သူကပြန်ရောက်နေ ရပါသနည်း? ကိုယ်တော်ရှင်၏ လုပ်ကိုင်ဆောင်ရွက်မှုတို့သည် မှားယွင်း နေပြီဟု မည်သူက ကိုယ်တော်ကို ပြောဆိုဝံ့ပါသနည်း?

နှုတ်ကပတ်တော်မြတ်ပင်လျှင် အလွန်ပင်အချုပ်အချာအာဏာနှင့် ပြည့်စုံ တော်မူပါသည်။ ဗျာဒိတ်တော်ပင်လျှင် အချုပ်အချာအာဏာနှင့် ပြည့်ဝမှု ရှိပါသည်။ ကိုယ်တော်ရှင် ဖေါ်ပြတော်မူမည့်သူကို ကိုယ်တော်ရှင်ဖေါ်ပြ တော်မူပါသည်။ ဗျာဒိတ်ဖေါ်ပြတော်မူခြင်းပင်လျှင် ဘုရားသခင်၌ အချုပ် အချာအာဏာနှင့် ပြည့်စုံတော်မူပါသည်။ ထိုအရာမှာ လူတို့က ဘုရားသခင် အပေါ် ပုံချသမျှဖြစ်၍ ဖြစ်ပျက်သမျှပင် ဖြစ်ပါသည်။ အရာရာကိုထိမှန်ပြီး သူတို့ဘာ လုပ်နေသည်ကို သူတို့မ သိကြပါ။ ဘုရားသခင်သည် သူ၏လုပ်ငန်းများနှင့် ပတ်သက်လျှင် အချုပ်အချာအာဏာ ပိုင်ဆိုင်မှုရှိပါသည်။

27 ၂၇။ ကိုယ်တော်ရှင်ကို အစအဦးကတည်းက ကိုယ်တော်ရှင်၏သဘောသဘာဝ လက္ခဏာများကို တွေ့ရပါသည်။ ထိုစဉ်ကတည်းက သင်သည် ကိုယ်တော် ရှင်နှင့်အတူ ရှိနေတော်မူပါသည်။ ထိုစဉ်ကဆိုသည်မှာ အသက်စာစောင် သည် မြင်ကွင်းထဲသို့ရောက်လာစဉ်အခါပင် ဖြစ်ပါသည်။

(ဗျာဒိတ် ၁၃း၈)ကို ဖတ်ပါက “ကွပ်မျက်သော သိုးသူငယ်၏ အသက်စာ စောင်၌ကမ္ဘာဦးကပင် စာရင်းမဝင်သော မြေကြီးသားအပေါင်းတို့သည် သားရဲကို ကိုးကွယ်ကြ၏။” ဟုဆိုထားပါသည်။

စဉ်းစားကြည့်ပါ။ သခင်ယေရှုဖွားမြင်ခြင်း မတိုင်မှီ နှစ်ပေါင်း(၄၀၀၀)က သူဤကမ္ဘာလောကကြီးပေါ်တွင် မရှိမှီ သခင်ယေရှု သည် ဘုရားသခင်၏ စိတ်နှလုံးထဲတွင် ကမ္ဘာလောကြီး၏အပြစ်များအတွက် အသေခံတော်မူပါသည်။ အသက်စာစောင်ကိုပြု လုပ်၍ ကမ္ဘာလောကကြီးကို အခြေပြု၍ မတည်ထောင်မှီကတည်းက သင်၏အမည်ကို အသက်စာစောင်တွင် ထည့်သွင်း ရေးသားခဲ့ခြင်း ဖြစ်ပါသည်။ သမ္မာကျမ်းစာ၏ အမှန်တရားပင် ဖြစ်ပါသည်။ သင်၏အမည်မှာ ဘုရားသခင်၏ ဘိသိတ်ပေးခြင်း ကိုခံရ၍ ကမ္ဘာလောကကြီး

မတည်ဆောက်မှီ ကတည်းက အသက်စာစောင်တွင် ရေးသားထားခဲ့ခြင်း ဖြစ်ပါသည်။

သူ၏လက္ခဏာများထဲတွင် သင်လည်း ရှိပါသည်။ သင်မှတ်မိမည်လည်း မဟုတ်ပါ။ အကြောင်းမှာ သင်သည်ကိုယ်တော်နှင့် အသက်တာ၏တစ်စိတ် တစ်ဒေသဖြစ်သောကြောင့် ဖြစ်ပါသည်။ သင်သည် ဘုရားသခင်၏တစ် စိတ်တစ်ဒေသဖြစ်လာရ သည့်အချိန်မှာ သင်သည် ဘုရားသခင်၏သား သို့မဟုတ် သမီးဖြစ်လာပါသည်။

သင်သည် လောကဖခင်၏ တစ်စိတ်တစ်ဒေသဖြစ်သကဲ့သို့ပင် ဖြစ်ပါသည်။ သင်ဖြစ်သည်မှာ မှန်ပါသည်။ အဖိုသည် သွေးတည်းဟူသော ဟီမိုကလိုဘင် ကို သယ်ဆောင်ပါသည်။ ထိုသွေးသည် သားစုထဲရောက်သွားသောအခါ သင်သည် သင့်ဖခင်၏တစိတ်တစ်ဒေသဖြစ်၍ သင်၏မိခင်မှာလည်း သင်၏ ဖခင်တစ်စိတ်တစ်ဒေသ ဖြစ်လာပါသည်။ သင်တို့အားလုံးမှာ သင့်ဖခင်၏ အစိတ်အပိုင်းတစ်ခုပင် ဖြစ်ပါသည်။

ဘုန်းကြီးလှပါသည်။ ဂိုဏ်းဂဏကို လုံးဝပြင်ပသို့ရောက်သွားစေခြင်းပင် ဖြစ်ပါသည်။ အမှန်တစ်ကယ်ပင် ဖြစ်ပါ သည်။ ဘုရားသခင်သည် အားလုံးထဲတွင် တစ်ခုတည်းသောနေရာပင် ဖြစ်ပါသည်။

28 ၂၈။ သူ၏သဘောလက္ခဏာကို သတိပြုပါ။ သဘောလက္ခဏာမှာ ပထမဆုံး ဘုရားဖြစ်သည်။ အတွေးအခေါ်ဖြစ်သည်။ သဘောလက္ခဏာ မိမိဖာသာ ဖြစ်သည်။ အားလုံးမှာ တစ်ခုတည်းအထဲတွင် ဖြစ်ပါသည်။ မဖော်ပြဘဲနှင့်ပင် ဖြစ်ပါသည်။ ဒုတိယအနေနှင့် သူကဖော်ပြလျှင် သူသည်နှုတ်ကပတ်တော် ဖြစ်လာပါသည်။ "နှုတ်ကပတ်တော်မှာ လူဇာတိခံယူ၍ ကျွန်ုပ် တို့နှင့်အတူ ကျိန်းဝပ်တော်မူပါသည်။"

(ယော ၁း၁) တွင် "အစအဦး၌" ဟုဆိုထားသည်ကို သတိပြုပါ။ သို့သော်လည်း ထာဝရမတိုင်မှီ ဖြစ်ပါသည်။ သတိပြုရ မည်မှာ "အစအဦး၌ နှုတ်ကပတ်တော် ရှိတော်မူသည်" ဟူ၍ ဖြစ်ပါသည်။ အချိန်စတင်လာသောအခါ နှုတ်ကပတ်တော်ပင် ဖြစ်ခဲ့ပါသည်။ သို့သော်လည်း နှုတ်ကပတ်တော်မရှိမီက သဘောတရား၊ အတွေးအခေါ်သာ ဖြစ်ခဲ့ပါသည်။ ၎င်းနောက် ဖော်ပြခြင်းခံရပါသည်။ "အစအဦး၌" သည် "နှုတ်ကပတ်တော်" ကို ဖော်ပြခြင်းပင် ဖြစ်ပါသည်။

ယခုကျွန်တော်တို့မေလခိဇေဒက်ကို ရသည့်နေရာမှာ စတင်ရှိလာပါသည်။ ဤနက်နဲသောပုဂ္ဂိုလ်ပင် ဖြစ်ပါသည်။ "အစအဦး၌ နှုတ်ကပတ်တော်ရှိ၍ ထိုနှုတ်ကပတ်တော်သည်လည်း ဘုရားသခင်နှင့်အတူ ရှိတော်မူပါသည်" နှုတ်ကပတ် တော်သည်လည်း ဘုရားသခင်ဖြစ်တော်မူပါသည်။ နှုတ်ကပတ်တော်သည် လူဇာတိကို ခံယူတော်မူ၍ ကျွန်ုပ်တို့နှင့်အတူ ကျိန်းဝပ်တော်မူပါသည်။ ထိုအရာကို မှတ်သားထားပါ။

ကိုယ်တော်ရှင် ပထမဆုံးဖြစ်တော်မူခြင်းမှာ ဝိညာဉ်ပင်ဖြစ်ပါသည်။ သဘာဝထက် လွန်ကဲပါသည်။ ကြီးမြတ်တော်မူသော ထာဝရဘုရားပင် ဖြစ်ပါသည်။ ဒုတိယမှာ ကိုယ်တော်ရှင်သည် မိမိကိုယ်ကို အသွေးအသားဖြင့် လူဇာတိကို ခံယူတော်မူပါ သည်။ ၎င်းကို နှုတ်ကပတ်တော် ကိုယ်ခန္ဓာဟု ခေါ်ဆိုပါသည်။ ဤကဲ့သို့သောအခြေအနေမျိုးမှာ သူသည် အာဗြဟံနှင့်တွေ့ ဆုံစဉ်အခါ ရှိသည့်အခြေအနေမျိုး ဖြစ်ပါသည်။ သူအား မေလခိဇေဒက် ဟုခေါ်ပါသည်။ သူသည် သီအိုဖိနိပုံစံပင် ဖြစ်ပါ သည်။ ထိုအကြောင်းအရာ အကြောင်းကို ယခုလေ့လာပြီး မိနစ်အနည်းငယ်အတွင်း သက်သေပြပါမည်။ ကိုယ်တော်ရှင်အ လိုရှိပါက ကိုယ်တော်ရှင်သည် နှုတ်ကပတ်တော်ပင် ဖြစ်ပါသည်။

29 ၂၉။ သီအိုဖိနိဆိုသည်မှာ သင်မမြင်ရသော တစ်စုံတစ်ရာပင် ဖြစ်ပါသည်။ ယခုချက်ချင်း ဤနေရာမှာ သင်ရောက် ရှိလာနိုင်ပါသည်။ သို့တိုင်အောင် သင် မြင်ရမည် မဟုတ်ပါ။

တယ်လီဗီးရှင်းကဲ့သို့ပင် ဖြစ်ပါသည်။ အခြားရှုဒေါင့်မှ ပြောဆိုခြင်းပင် ဖြစ်ပါသည်။ တယ်လီဗီးရှင်းပင် ဖြစ်ပါသည်။ လူအများမှာ အခန်းထဲတွင် ယခုအခါ လှုပ်ရှားသွားလာနေပါသည်။ သီချင်းဆိုနေပါသည်။ အရောင်များ လည်း ရှိနေပါသည်။ သို့သော်လည်း မျက်လုံးမှာ အာရုံ(၅)ပါး၏ တစ်ခုတည်းသော လှုပ်ရှားမှုပင် ဖြစ်ပါသည်။..... သင်၏တစ်ကိုယ်လုံးမှာ အာရုံ(၅)ပါး၏တစ်ခုတည်းသော လှုပ်ရှားမှုပင် ဖြစ်ပါသည်။ အမြင်အာရုံက မြင်တွေ့ရရန်အတွက် ကန့်သတ်ထားသော တစ်ခုတည်းသောလှုပ်ရှားမှုပင် ဖြစ်ပါသည်။ အခြားအမြင်တစ်ခုအားဖြင့်ဆိုလျှင် ပြောင်းလဲပေးခြင်းအားဖြင့် တွေ့မြင်နိုင် ပါသည်။ တယ်လီဗီးရှင်းအားဖြင့် ဖြစ်ပါသည်။

တယ်လီဗီးရှင်းသည် ရုပ်ပုံကို ထုတ်လုပ်ခြင်း မဟုတ်ပါ။ တယ်လီဗီးရှင်းသည် ၎င်းကို သားတစ်များအထဲသို့ပို့ပေးခြင်းသာ ဖြစ်ပါသည်။ ၎င်းနောက် တယ်လီဗီးရှင်းဖန်သားပြင်က ကောက်ယူခြင်းပင် ဖြစ်ပါသည်။ ရုပ်ပုံမှာ ထိုနေရာမှာ စတင်ရန်အ တွက် ပေါ်လွင်နေပါသည်။ အာဒံ၊ ဤနေရာမှာ ရှိနေသည့်အချိန်မှာ တယ်လီဗီးရှင်းကလည်း ရှိနေပါသည်။ ဧလိယသည် ကရမေလတောင်ပေါ်မှာ ရှိနေစဉ်အခါက တယ်လီဗီးရှင်းလည်း ရှိနေပါသည်။ ဂါလိလဲကမ်းခြေတွင် နာဇရက်မြို့သား သခင် ယေရှုလျှောက်လှမ်းခဲ့စဉ်အခါကလည်း တယ်လီဗီရှင်း ရှိခဲ့ပါသည်။ သို့သော်လည်း သင်သည် ယခုအခါမှာ တွေ့ရှိရပါသည်။ သူတို့က ယုံကြည်ကြမည်မဟုတ်ပါ။ ထိုသို့ ပြောဆိုပါက သင်သည် ငကြောင်တစ် ဦးဖြစ်နေပေမည်။ ယခုအခါတွင် အမှန်တစ်ကယ်ပင် ဖြစ်နေပေသည်။

ခရစ်တော်မှာလည်း ထိုနည်းအတိုင်းပင် ဖြစ်ပါသည်။ ဘုရားသခင်၏ ကောင်းကင်တမန်များလည်း ဤနေရာမှာ ရှိနေပါသည်။ တစ်နေ့သော အခါမှာ ကျရောက်လာမည့် ဖိလေနိကာလကြီးတွင် တယ်လီဗီးရှင်း(သို့) တစ်စုံတစ်ခုသော အရာထက်ပင် ပို၍အဓိပ္ပါယ်ရှိသောအရာ ရှိလာပါမည်။ အကြောင်းမှာ သူတို့သည် ဤနေရာမှာ ရှိနေခြင်းကြောင့် ဖြစ်ပါသည်။ ကိုယ်တော်ရှင်သည် မိမိကြွေးကြော်တော်မူသည့်အတိုင်းပင် မိမိကိုယ်ကို ကြီးမြတ်တော်မူသောပုံစံဖြင့် ဖော်ပြတော်မူပါသည်။ မိမိကိုယ်ကို EN morphe ဟုမိမိ၏အစေခံကျွန်များအား မိန့်တော်မူ၍ သက်သေပြတော်မူခဲ့ပါသည်။

ကိုယ်တော်ရှင်သည် ယခုအခါမှာ ဝိညာဉ်တော်၏ပုံစံပင် ရှိနေပါသည်။ ၎င်းနောက် ကိုယ်တော်ရှင်သည် .... EN morphe ၏ပုံစံဖြင့်ရောက်လာပါသည်။ အာဗြဟံထံသို့ကိုယ်တော်ရှင်က မိမိကိုယ်ကို ဖော်ပြပါသည်။ EN morphe ဖြစ်ပါသည်။ အာဗြဟံသည် ဘုရင်များကို သတ်ခဲ့ပြီး ပြန်လာသောအခါ မေလခိဇေဒက်ရောက်လာပြီး ကိုယ်တော်ရှင်နှင့်စကားပြော တော်မူပါ သည်။

30 ၃၀။ တစ်နေ့က Tulson သတင်းစာတွင် ကျွန်တော်က ဆောင်းပါးတစ်ပုဒ်ကို ဖတ်လိုက်ရပါသည်။ ထိုဆောင်းပါးတွင် အမျိုးသမီးတစ်ဦးကားမောင်းလာသည့် အကြောင်းတွေ့ရပါသည်။ တစ်နာရီလျှင် မိုင်လေးငါးဆယ်နှုန်းဖြစ်မည်ဟု ကျွန်တော် ယုံကြည်ပါသည်။ သူမသည် အပေါ်မှကုတ်အင်္ကျီဝတ် ထားသူ အဖိုးအိုကို ကားနှင့်တိုက်မိပါသည်။ သူမသည် ဟစ်အော်၍ ကားကို ရပ်လိုက်ပါသည်။ အရှိန်ပြင်းလွန်းသဖြင့် သူသည်လေထဲသို့မြောက်တက်သွားပါသည်။ ကွင်းပြင်ကြီးထဲသို့ရောက်သွားပါသည်။ သူမက ပြန်၍သူ တိုက်မိသူကို ရှာပါသည်။ ထိုနေရာမှာ သူမရှိပါ။ ထိုအခါ သူမဘာလုပ်သနည်း? သူမနောက်ကွယ်မှ လူများကလည်း အဖြစ်အပျက်ကို တွေ့လိုက်ပါသည်။ အဖိုးအိုမှာ လေထဲမြောက်တက်သွားသည်ကို လည်း တွေ့ကြပါသည်။ သူ၏အပေါ်ကုတ်အင်္ကျီမှာလည်း ပျံလွင့်နေပါသည်။ ပြန်၍ရှာတွေ့ရန် သူတို့နောက်သို့ပြေးသွားကြ ပါသည်။ ဘယ်နေရာမှာမှ သူ့ကို ရှာ၍မတွေ့ကြ တော့ပါ။ ရဲတပ်ဖွဲ့ကို အကူအညီတောင်းကြသည်။ ရဲများရောက်လာပြီးထို နေရာကို ရှာဖွေကြသော်လည်း ဘယ်သူကိုမှ ထိုနေရာမှာ မတွေ့ကြရပါ။

သူတို့တစ်ဦးစီ သက်သေခံကြပါသည်။ ကားက လူကိုတိုက်မိပါသည်။ သူသည် လေထဲသို့ပြန်တက်သွားသည်။ လူတိုင်း တွေ့မြင်ခဲ့ကြရသည်။ သက်သေများစွာရှိ၍ ကားနှစ်စီးသုံးစီးစာမျှ ရှိပါသည်။ အဖြစ်အပျက်များကို တွေ့မြင်ကြရပါမည်။ လွန်ခဲ့သော ငါးနှစ်ခန့်က အဖိုးအိုကြီးတစ်ဦးမှာ ထိုနေရာမှာပင် ကားတိုက်၍ သေဆုံးခဲ့ရပါသည်။

သင်ဤနေရာမှ ထွက်ခွာရသောအခါ သင်သည်သေဆုံးခြင်း မရှိသေးပါ။ သင်ပြန်လာရပါမည်။ သင်သည် အပြစ် သားဖြစ်နေစေကာမူ ကိုယ်ခန္ဓာထဲတွင် ပြုလုပ်ခဲ့သောအရာများနှင့် ပတ်သက်၍တရားစီရင်ခြင်း ခံရပါမည်။ ဤလောက ဆိုင်ရာ တဲတော်ပျောက်ကွယ်သွားသောအခါ ကျွန်ုပ်တို့အတွက် စောင့်နေသူတစ်ဦး ရှိနေပါသည်။ EN morphe ဖြစ်ပါသည်။ ၎င်းသည် နတ်ကပတ်တော်ပင် ဖြစ်ပါသည်။

31 ၃၁။ ဘုရားသခင်သည် သူ၏ဖန်ဆင်းခြင်း အဆင့်တွင်ရှိပါသည်။ မကြာမီ အသွေးအသားကို ဖန်တီးပါသည်။ ယေရှုခရစ် ဖြစ်ပါသည်။ မည်သည့်အရာမှ ဖြစ်ပါသနည်း? ကြီးမားလှသော အစဖြစ်သည့်ဝိညာဉ်တော်မှ စတင်၍ ဆင်းသက်လာပြီး နှုတ်ကပတ်တော်ဖြစ်လာပါသည်။ မိမိကိုယ်ကို ဖော်ထုတ်လိုက်ခြင်းပင် ဖြစ်ပါသည်။ နှုတ်ကပတ်တော်က မိမိကိုယ်ကို ပြုလုပ်ခြင်း မဟုတ်ပါ။ နှုတ်ဖြင့် မြွက်ဆိုခြင်းပင် ဖြစ်ပါသည်။ EN morphe ဖြစ်သည်။ မကြာမီ သူကအသွေးအသားဖြစ်၍ သခင်ယေရှုတည်းဟူသော လူသားဖြစ်လာ၍ ကျွန်ုပ်တို့အပြစ်သားများ အားလုံးအတွက် သေခြင်းကို မြည်းစမ်းရန်ပင် ဖြစ်ပါ သည်။

အာဗြဟံက ကိုယ်တော်ရှင်နှင့်တွေ့သောအခါ သူသည်မေလခိဇေဒက် ဖြစ်ပါသည်။ ကိုယ်တော်ရှင်သည် သွင်ပြင်လက္ခဏာ များအားလုံးကိုဖယ်ရှား၍ နောက်ဆုံးအချိန်တွင် အာဗြဟံ၏သားယောက်ျားတိုင်းကို ဖြစ်စေပါသည်။ ယုံကြည်ခြင်း၏သား တိုင်းက အလားတူအရာကိုပင် အတိအကျပြုလုပ်ပါသည်။ ကျွန်ုပ်တို့မည်ကဲ့သို့လာရမည်ကို ကျွန်တော်ကြည့်လိုပါသည်။

ရှသဝတ္ထုတွင် ကိုယ်တော်ရှင်အား ဖော်ပြထားသည်ကို တွေ့ရပါသည်။ ဗောဇမှာ အမျိုးတော်စပ်သူ ကယ်တင်ရှင်ဖြစ်၍ သူမည်ကဲ့သို့ အသွေး အသားတော်စပ်ရန် ပြုလုပ်ရပါသနည်း ဆိုသည်ကိုကြည့်ပါ။

32 ၃၂။ ယခုအခါ ကျွန်ုပ်တို့သည် သွင်ပြင်လက္ခဏာများကို တွေ့ရပါသည်။ ကိုယ်တော်ရှင်၏ ဝိညာဉ်တော်၏သား များဖြစ်ကြပါသည်။ နှုတ်ကပတ်တော် ပုံစံ ကိုယ်ခန္ဓာအတွင်းသို့မဝင်ရောက်သေးပါ။ သို့သော်လည်း သီအိုဖိနစ်၏ ခန္ဓာကိုယ် သည် နှုတ်ကပတ်တော်အတွက် အရာဝတ္ထုဖြစ်ခြင်းမှာ ကြီးမားခြင်းကို စောင့်မျော်၍ ကိုယ်ခန္ဓာကို ပြောင်းလဲစေပါသည်။

ကိုယ်တော်ရှင်နှင့် သင်၏အကြား သားအဖြစ်ကွာခြားချက်မှာ သူသည် "အစအဦး၌ နှုတ်ကပတ်တော်ဖြစ်၍ EN morphe ကိုယ်ခန္ဓာဖြစ်သည်။ ကိုယ်တော်ရှင်ကြွလာတော်မူ၍ ထိုအထဲတွင် အသက်ရှင်နေထိုင်ပါသည်။ မေလခိဇေဒက်တည်း ဟူသော ပုဂ္ဂိုလ်အထဲ၌ဖြစ်တော်မူပါသည်။ နောက်ပိုင်းတွင် ကျွန်တော်တို့သည် မေလခိဇေဒက်အကြောင်း ဘာမှမကြားရ တော့ပါ။ အကြောင်းမှာ သူသည် ယေရှုခရစ်ဖြစ်လာသောကြောင့် ဖြစ်ပါသည်။ မေလခိဇေဒက်မှာ ယဇ်ပရောဟိတ်ဖြစ်၍ သူသည် ယေရှုခရစ်ဖြစ်လာပါသည်။ သင်သည် ကျော်ဖြတ်သွားရပါသည်။ အကြောင်းမှာ ၎င်းပုံစံဖြင့် ကိုယ်တော်ရှင်သည် အရာခပ်သိမ်းကို သိမြင်တော်မူပြီး သင်သည် ထိုအရာကို သိမြင်ရန် မစွမ်းနိုင်တော့ပါ။

သင်သည် အာဒံကဲ့သို့ရောက်လာပါသည်။ ကျွန်ုပ်ကဲ့သို့ဖြစ်ပါသည်။ သွင်ပြင်လက္ခဏာမှ အသွေးအသားအဖြစ်သို့ပြောင်းလဲပြီး စုံစမ်းနှောက် ယှက်ခြင်း ခံရပါသည်။ သို့သော်လည်း ဤလောကတွင် အသက်တာပြီးဆုံး သွားသောအခါ ဤလောက၏တဲတော်ပြီးဆုံးသွားသောအခါ ကျွန်တော်တို့မှာ အခြားတစ်ခုစောင့်နေနှင့်သည့်အရာ အဆင်သင့်ရှိပါသည်။ ကျွန်တော် တို့သွားရမည့် နေရာဖြစ်၍ နှုတ်ကပတ်တော်လည်း ဖြစ်ပါသည်။ ကျွန်တော် တို့အနောက်သို့ပြန်၍ လှည့်ကြည့်ခဲ့ပြီး ကျွန်တော်တို့ဘာလုပ်ခဲ့သည်ကို တွေ့ရ ပါသည်။ ကျွန်တော်တို့နားမလည်နိုင်ပါ။ ကျွန်တော်တို့သည် နှုတ်ကပတ် တော် ဘယ်တော့မှမဖြစ်လာပါ။ ဇာတိလူသားသာဖြစ်ပါသည်။ နှုတ်ကပတ် တော်မဟုတ်ပါ။

ရှင်းလင်းစွာဖြင့် ၎င်းကို ရှင်းလင်းစေပါသည်။ သင်သည် ဘယ်သောအခါမှ နှုတ်ကပတ်တော်ဖြစ်မည် မဟုတ်ပါ။ အစအဦး ကတည်းက သင်သည်အတွေးအခေါ် မဟုတ်ပါက မဖြစ်နိုင်ပါ။ ဘုရားသခင်၏ကြိုတင်ခွဲခန့် သတ်မှတ်ခြင်းကို သက်သေ ပြခြင်းပင် ဖြစ်ပါသည်။ သင်သည် အတွေးထဲတွင် မရှိဘဲနှင့် နှုတ်ကပတ်တော် မဖြစ်နိုင်ပါ။ သင်သည် ပထမဆုံးအဖြစ် အ တွေးထဲ၌ရှိရပါမည်။

စုံစမ်းနှောက်ယှက်ခြင်းကို ခံရပ်နိုင်ရန်အတွက် The Ophey ကိုကျော်ဖြတ် သွားရပါမည်။ လူ့ဇာတိဖြင့် ဆင်းသက် ကြွလာတော်မူရမည်။ အပြစ်အားဖြင့် သွေးဆောင်ခြင်းကို ခံရမည်။ သင်သည် ခံရပ်၍ “ငါ့အဖင့်ါအားပေး အပ်သမျှသည် ငါ့ထံသို့ရောက်လာမည်။ နောက်ဆုံးသောနေ့ရက်များတွင် လည်း သူ့ကိုငါ ထမြောက်စေမည်” ဟုဆိုထားပါမည်။ သင်သည် ပထမဆုံး ဖြစ်ရပါမည်။

33 ၃၃။ ကိုယ်တော်ရှင် ဆင်းသက်ကြွလာတော်မူပါသည်။ ပုံမှန်လမ်းကြောင်းအတိုင်း အသက်ရှင်ခြင်းမှ .... ကမ္ဘာလောက ကြီးကို အုတ်မြစ်မချမှီသူ ၏အမည်ကို သိုးသူငယ်၏အသက်စာအုပ်ထဲ ထည့်သွင်းထားပါသည်။ သို့မှ သူသည် နှုတ်ကပတ် တော်ဖြစ်လာပါသည်။ ဖြစ်ပေါ်လာနိုင်သော၊ ပျောက်ပျက်သွားနိုင်သော သီအိုဖိနစ်ဖြစ်ပါသည်။ သူသည် အသွေးအသားဖြစ် လာ၍ တစ်ဖန်ပြန်ကြွလာတော်မူပါသည်။ ထိုကိုယ်ခန္ဓာကိုပင် ရှင်ပြန်ထမြောက်စေ၍ ဘုန်းထင်ရှားစေသော ကိုယ်ခန္ဓာဖြစ် လာပါသည်။

သို့သော်လည်း ကြည့်ပါ။ ဤကိုယ်ခန္ဓာသည် ဘုရားသခင်၏ ဝိညာဉ်တော်ကို လက်ခံသောအခါ သင့်အထဲမှာရှိသော မပျက်စီးနိုင်သောအသက်တာသည် ဤကိုယ်ခန္ဓာကို ဘုရားသခင်၏အရာဝတ္ထုအဖြစ်သို့ပြောင်းလဲပစ်လိုက်ပါသည်။ ဟာလေ လုယာ၊ ဘုရားသခင် မွေးဖွားတော်မူသောသူသည် အပြစ်ပြုလုပ်ခြင်း မရှိပါ။ (ရောမ ၈း၁) ယေရှုခရစ်၌ရှိသောသူအတွက် မည်သည့်စစ်ကြော စီရင်ခြင်းမှ မရှိပါ။ သူတို့သည် အသွေးအသားနောက်သို့လိုက်လျှောက်ခြင်း မဟုတ်ပါ။ ဝိညာဉ်တော်၏ သဘောအတိုင်း လျှောက်ခြင်းဖြစ်ပါသည်။ သင်၏ကိုယ်ခန္ဓာသည် အရာဝတ္ထုဖြစ်ပါသည်။

“ငါအရက်ဖြတ်နိုင်ရင် သိပ်ကောင်းမှာဘဲ ငါဖြတ်နိုင်ပါက”.... ဟုသင် ပြောစရာမလိုပါ။ ခရစ်တော်အထဲသို့ဝင်ကြည့် ပါ။ အားလုံးပျောက်ကွယ်သွားမည် ဖြစ်ပါသည်။ သင်၏ကိုယ်ခန္ဓာသည် ဝိညာဉ်ပြုလုပ်မည့်အရာဖြစ် သောကြောင့်ပင် ဖြစ်ပါသည်။ လောကဆိုင်ရာ အရာများအတွက် မဟုတ် တော့ပါ။ သူတို့အားလုံးမှာ အသေပင်ဖြစ်ပါသည်။ သင်၏အပြစ်များမှ ဗတ္တိဇံအားဖြင့် မြေထဲသို့ မြှုပ်နှံပြီးသားဖြစ်သည်။ သင်သည် ခရစ်တော်၌အသစ်သောသတ္တဝါ ဖြစ်ပါသည်။ သင်၏ကိုယ်ခန္ဓာ မှာလည်း ဝိညာဉ်အတွက် ပြုလုပ်သည့်အရာပင် ဖြစ်လာပါသည်။ မှန်ကန်သောအသက်တာဖြင့် အသက်ရှင်ရန် ကြိုးစားပါ။

34 ၃၄။ သင်တို့သည် အမျိုးသမီးများ သန့်ရှင်းသောဝိညာဉ်တော်ရှိသည်ဟု ကြွေးကြော်ပြီး အပြင်ဘက်သို့ဘောင်းဘီတိုက လေးများဝတ်၍ မည်သို့ထွက်သွား နိုင်ပါသနည်း? ဘုရားသခင်၏ ဝိညာဉ်တော်သည် သင့်အားထိုသို့လုပ်ခွင့် မည်သို့ပေးပါ သနည်း? မဖြစ်နိုင်ပါ။ တစ်ကယ်ကို မဖြစ်နိုင်ပါ။ သူသည် ညစ်ညူးသော ဝိညာဉ်မဟုတ်ပါ။ သူသည် သန့်ရှင်းသောဝိညာဉ် တော်ဖြစ်ပါသည်။

သင်သည် ထိုဝိညာဉ်တော်၏ပြုလုပ်သူ ဖြစ်နေသောအခါ သင်တစ်ကိုယ်လုံးကိုလည်း ဝိညာဉ်တော်၏ပြုလုပ်သူ ဖြစ်စေပါ မည်။ ထိုဝိညာဉ်တော်မှာ ကမ္ဘာလောကကြီးထဲတွင် ဘာမှမဟုတ်သော်လည်း ဤနှုတ်ကပတ်တော်မျိုး စေ့မှာ ဖော်ပြခြင်းကိုခံ ရ၍ ပေါ်ထွန်းလှုပ်ရှားစေပါသည်။ ဟာလေလုယာ၊ အသက်ရှင်စေပါသည်။ သမ္မာကျမ်းစာဆိုသည်မှာ “ဤအရာကို မလုပ်ပါ နှင့်” ဖြစ်ပါက ထိုကိုယ်ခန္ဓာမှာ နှုတ်ကပတ်တော်သို့အလျှင်အမြန်ပြောင်း လဲသွားပါသည်။ ဘာမေးခွန်းမှ မရှိတော့ပါ။

၎င်းမှာ ဘာဖြစ်ပါသနည်း။? ရှင်ပြန်ထမြောက်ခြင်းကို အရေးတကြီးလို အပ်ခြင်းပင် ဖြစ်ပါသည်။ ဤကိုယ်ခန္ဓာသည် တစ်ဖန်ရှင်ပြန်ထမြောက် မည်ဖြစ်ပါသည်။ အကြောင်းမှာ ၎င်းသည် စတင်နှင့်ပြီဖြစ်သောကြောင့်ဖြစ် ပါသည်။ အစက ၎င်းသည်အပြစ်နှင့်သော်၎င်း၊ ညစ်ညူးခြင်း၊ ပျက်စီးခြင်း နှင့်သော်၎င်း ဆိုင်ပါသည်။ သို့သော်လည်း ယခုအခါတွင် အမြန်ဆုံး ကောင်းကင်ဆိုင်ရာသို့ပြောင်းလဲသွားပါသည်။ ယခုအခါတွင် ချီဆောင်ခြင်းထဲသို့သင်သည်ပါသွားရပါမည်။ အလွန်အရေး ကြီးသောအရာ ဖြစ်ပါသည်။

ဖျားနာနေသော ပုဂ္ဂိုလ်တစ်ဦးမှာ လုံ့လျော်၍ သေလုမြောပါးဖြစ် နေပါသည်။ ဘာမှမဖြစ်တော့ဘဲ သေဘို့ရန်သာ ရှိပါတော့ သည်။ ကင်ဆာရောဂါ၊ တီဘီရောဂါတို့ဖြင့် သူ့ခန္ဓာတဖြည်းဖြည်းနှင့် လုံးပါးပါးသွားသည်ကို တွေ့ရပါသည်။ နောက်ခဏကြာ ရင် ပုံမှန်ပြန်ဖြစ်ပြီး ခိုင်မာသန်စွမ်းသွားကြပါသည်။ အနာရောဂါငြိမ်းစေခြင်းမရှိလျှင် ရှင်ပြန်ထမြောက်ခြင်းလည်း မရှိတော့ပါ။ အကြောင်းမှာ အနာရောဂါငြိမ်းစေခြင်းသည် ရှင်ပြန်ထမြောက်စေရန်အတွက် အရေးတကြီးလိုအပ်ချက်ပင် ဖြစ်ပါသည်။ အာမင်၊

ဤအရေးတကြီးလိုအပ်သော ငွေမှာဘာဖြစ်သည်ကို သင်သိပါသလား? ချက်ချင်း လက်ငင်းပေးရမည့်ငွေပင် ဖြစ်ပါသည်။ ကိုယ်တော်ရှင်သည် ကျွန်ုပ်တို့အပြစ်များအတွက် အနာရောဂါဖြစ်လျှက် သူ၏ဒဏ်ချက်ရာအားဖြင့် ကျွန်တော်တို့မှာ အနာ ရောဂါငြိမ်းခွင့်ရပါသည်။ မည်မျှနှစ်သက်ဘွယ်ရာ ဖြစ်ပါသနည်း? ကိုယ်တော်ကို ကျွန်ုပ်တို့ချစ်ပါသည်။

35 ၃၅။ ဤကိုယ်ခန္ဓာသည် ဝိညာဉ်အတွက်ပြုရမည့်အရာ ဖြစ်ပါသည်။ နှုတ်ကပတ်တော်ပုံစံသို့သင်ရရှိခဲ့သည်မဟုတ် ပါလား? သို့သော်လည်း ကျွန်ုပ်တို့မှာ အသွေးအသားပုံစံ၌သာ ရှိနေပါသေးသည်။ နှုတ်ကပတ်တော်အတွက် အရာဝတ္ထု ဖြစ် ပါသည်။ ဇာတိ၌သေသည့်အခါ ကျွန်ုပ်တို့အား ထိုနေရာသို့ဆောင်ယူသွားမည် ဖြစ်ပါသည်။ ထိုနည်းအတိုင်းပင် လူငယ်ကလေးတစ်ဦးအကြောင်း စဉ်းစားပါ။ သင်သည် အမျိုးသမီးတစ်ဦးအကြောင်းကို လေ့လာနိုင်ပါ သည်။ သူမသည် မည်မျှပင် ဆိုးဝါးစေကာမူ သူမသည်ကိုယ်ဝန်ဆောင်၍ မိခင်ဖြစ်ရပေတော့မည်။ ကလေးငယ် မဖွား မြင်မှီကြည့်ပါ။ သူမသည် မည်မျှပင် ကောက်ကျစ်စဉ်းလဲစေကာမူ ကျွန်တော်ဂရုမစိုက်ပါ။ သူမတစ်ကယ်ဘဲ ကြင်နာတတ် လာပါမည်။ သူမ၏ အသံနှင့်ပတ်သက်၍ တစ်စုံတစ်ခုဖြစ်လာပါသည်။ .... ဘုရားတရား မြဲလာပါသည်။ မိခင်ကလေးတစ်ဦး ကလေးငယ်အားဖြင့် မိခင်ဖြစ်ရန် ကြိုးစားနေခြင်း ဖြစ်ပါသည်။ ဘာကြောင့်ဖြစ်ရပါသနည်း? ထိုကလေးငယ်မှာ အသက်မရှင်နိုင်ပါ။ အသား နှင့်ကြွက်သားများသာ ရှိခြင်းကြောင့်ပင် ဖြစ်ပါသည်။ ကြွက်သားများ လှုပ်ရှားနေခြင်းပင် ဖြစ်ပါသည်။ ဝမ်းဗိုက်ထဲမှ လွတ်ထွက်လာသောအခါ ဘုရားသခင်သည် အသက် ကိုရှုသွင်းပေးခြင်းပင် ဖြစ်ပါသည်။ ၎င်းနောက် သူက ဟစ်အော်ငိုကြွေး ပါသည်။ သဘာဝကိုယ်ခန္ဓာဖွဲ့စည်းပြီးသည်မှာ သေချာသည့်အခါ ဝိညာဉ် ကိုယ်ခန္ဓာကို လက်ခံရန်ရှိပြီး ထိုနေရာရောက် သည်နှင့် လက်ခံရရှိမည် ဖြစ်ပါသည်။

36 ၃၆။ ထိုသူသည် ဒုတိယမွေးခြင်းကို ကောင်းကင်နိုင်ငံမှ ခံရပါက ခရစ်တော်၌သူ သည် ဝိညာဉ်ကလေးငယ်သာ ဖြစ်ပါ သည်။ အသွေးအသားနှင့်ဆိုင်သည့် ဤဝတ်ရုံကွာကျသွားသောအခါ သဘာဝကိုယ်ခန္ဓာ ပေါ်ထွက်လာပါသည်။ သီအိုဖိနိ ဖြစ်ပါသည်။ ကလေးငယ်မှာ လက်ဖြင့်ပြုလုပ်ထားခြင်း မဟုတ်ပါ။ မိန်းမအားဖြင့် ဖွားမြင်ခြင်းလည်း မဟုတ်ပါ။

ငင်းနောက် ထိုကိုယ်ခန္ဓာသည် ပြန်လှည့်လာပြီး ဘုန်းထင်ရှားစေသော ကိုယ်ခန္ဓာကို ကောက်ယူလိုက်ပါသည်။

သခင်ယေရှုအသေခံတော်မူပြီး ငရဲထဲသို့သွားရခြင်းအကြောင်း ရှိပါသည်။ ငရဲထဲတွင် ရောက်နေသောဝိညာဉ်များ ထိုတရားဟောခြင်းဖြစ်၍ သီအိုဖိနိသို့ပြန်လှည့်ခြင်း ဖြစ်ပါသည်။ အံ့ဖွယ်ရာဖြစ်သည်။ ဘုရားသခင်ကို ကျေး ဇူးတင်ပါသည်။

(၂ကော ၅း၁) "ဤယာယီတဲဖြစ်သော ငါတို့မြေအိမ်သည် ပျက်လျှင်ကောင်းကင်ဘုံ၌ လူလက်ဖြင့်မလုပ်ဘဲ ဘုရားသခင် ဖန်ဆင်းတော်မူသော နိစ္စထာဝရအိမ်ရှိကြောင်းကို ငါတို့သိကြ၏။" ကျွန်တော်တို့ထိုအရာကို ကျော်လွှန် ခဲ့ရပါသည်။ ဘုရားသခင်ထံမှ တည့်တည့်မတ်မတ် လာရပါသည်။ သွင်ပြင်လက္ခဏာပင် ဖြစ်ပါသည်။ ဇာတိဖြစ်လာပြီး စုံစမ်း နှောက်ယှက်ခြင်းခံရ၍ အပြစ်အားဖြင့် စစ်ဆေးခြင်းခံရပါသည်။ အာဒံကဲ့သို့ပင် ဖြစ်ပါသည်။ သို့သော်လည်း ကိုယ်တော်ရှင် ၏နှုတ်ကပတ်တော်ကို စစ်ဆေးခြင်း ပြီးဆုံးသွားသောအခါ ကျွန်တော်တို့အတွက် ပြင်ဆင်ထားသော ဤကိုယ်ခန္ဓာသည် အထက်သို့ချီဆောင်ခြင်းကို ခံရပါသည်။ ကျွန်တော်တို့အတွက် ကမ္ဘာလောကကြီး မစတင်မီကတည်းက ပြင်ဆင်ခြင်းခံရသူ ဖြစ်ပါသည်။ နှုတ်ကပတ်တော်ရှိ၍ ကျွန်ုပ်တို့ကျော်လွှားသွားရမည့် အရာပင် ဖြစ်ပါသည်။ ဤနေရာသို့ရောက်လာပြီး စုံစမ်းစစ်ဆေးခြင်း ခံကြရန်ပင် ဖြစ်ပါသည်။ ကျွန်တော်တို့သည် ထိုအရာကို ကျော်ဖြတ်သွားရသောအခါ ဘာစုံစမ်း နှောက်ယှက်ခြင်းမှ မရှိတော့ပါ။ ကျွန်တော်တို့သည် အရာခပ်သိမ်းကို သိမြင်တော်မူပါသည်။ အရာခပ်သိမ်းကို သခင်ယေရှု က သိမြင်ရခြင်းအကြောင်း ရင်းပင် ဖြစ်ပါသည်။ အကြောင်းမှာ ကိုယ်တော်ရှင်သည် လူဇာတိကိုမခံယူမီ နှုတ်ကပတ်တော် ဖြစ်တော်မူပါသည်။ ငင်းနောက် ကျွန်တော်တို့သည် နှုတ်ကပတ်တော် ဖြစ်လာပါသည်။

နှုတ်ကပတ်တော် ပုံရိပ်အတွက် ကျွန်တော်တို့မှာ ပုံဖော်ခြင်းခံရပါသည်။ နှုတ်ကပတ်တော်ကို မြည်းစမ်းရန်အတွက် နှုတ်ကပတ်တော်ကို စားသုံးရန် အတွက် အစအဦးကတည်းက ကြိုတင်ရွေးချယ်ခန့်အပ်ခြင်း ခံရပါသည်။ သင်သည် ထိုအသက်တာ၏ မီးတောက်ငယ်ကလေးကို တွေ့ရပါသည်။ အစ ကတဲက သင့်အထဲမှာ ရှိနေပါသည်။ သင်၏ခရီးကို သင်စတင်လိုက်သော အခါတွင် ဖြစ်ပါသည်။ သင်တို့အထဲတွင် များစွာတို့က သတိရနိုင်ပါလိမ့်မည်။ သင်သည် ဤအသင်း တော်တွင် ပါဝင်၍ ထိုအသင်းတော်၌လည်းပါ ဝင်ပါသည်။ ထိုအရာကို မြည်းစမ်း၍ ဤအရာကိုလည်း မြည်းစမ်းပါသည်။ ဘာမှကြေနပ်စရာ မကောင်းပါ။ တစ်နေ့သောအခါ သင်မှတ်မိပါလိမ့်မည်။

37 ၃၇။ တစ်နေ့ညက ကျွန်တော်သည် တစ်နေရာတွင် ကျမ်းစာသွန်သင်ခြင်းများ ပြုလုပ်ပါသည်။ ကယ်လီဖိုးနီးယား(သို့) အရီဇိုးနားတွင်ဖြစ်သည်ဟု ကျွန်တော် ထင်ပါသည်။ ဤနေရာမှာ ကျွန်တော်ဤပုံပြင်ကလေးကို ပြောခဲ့သည်ဟု ကျွန်တော် ယုံကြည်ပါသည်။ လူတစ်ဦးသည် ကြက်မတစ်ကောင်ကို သိမ်းငှက်ဥကို ဝပ်စေခြင်းအကြောင်းပင် ဖြစ်ပါသည်။ ထိုသိမ်း ငှက်ဥပေါက် လာသောအခါ ကြက်ပေါက်ကလေးများကြားတွင် ထိုငှက်ပေါက်ကလေးမှာ ရယ်စရာအကောင်းဆုံးဖြစ် နေပါ သည်။ သို့သော်လည်း သူကလျှောက်ပတ်၍ သွားပါသည်။ သူတို့ အားလုံးအကြားတွင် သူသည်အရုပ်ဆိုးသောသူ ဖြစ်နေ ပါသည်။ မစင်ပုံကိုယက်၍စားပြီး တကျွတ်ကျွတ်မြည်နေသော ကြက် သဘာဝကို သူကနားမလည်နိုင်အောင် ဖြစ်ရပါသည်။ သူစဉ်းစား၍ မရနိုင်အောင် ဖြစ်ရပါသည်။ ကြက်မကြီးက ပြောပါသည်။ "လာခဲ့ လာပြီးစားပါလား သားလေးရယ်" သို့သော်လည်း သူသည် သိမ်းငှက်ဖြစ်သဖြင့် ထို သို့ သောအစာမျိုးကို မစားတတ်ပါ။ သူ၏အစာ မဟုတ်ပါ။

ကြက်မသည် နှံကောင်ကလေးများကိုဖမ်းပြီး ကြက်ကလေးများကို ခေါ် သည်။ ကြက်ကလေးများ အားလုံးကလည်း ဝိုင်းလာ ကြပြီး တကျွတ်ကျွတ်နှင့် ဝါးစားကြပါမည်။ သို့သော်လည်း သိမ်းငှက်ကလေးမှာ ဘာမှမလုပ်တတ်ပါ။ သူအတွက် လုပ်ရိုး လုပ်စဉ်မဟုတ်မှန်း သူသိနေပါသည်။

တစ်နေ့သောအခါ သူ၏မိခင်ရောက်လာပြီး သူကိုရှာဖွေသည်။

38 ၃၈။ ထိုအခါ ထိုကြက်မကလေးအော်သံကို သူကြားရပါသည်။ ကြက်ကဲ့သို့အော်နိုင်ရန် သူအစွမ်းကုန်ကြိုးစားသော် လည်း မအော်နိုင်ပါ။ ကြက်ကလေးများ ကဲ့သို့လည်း တကျီကျီမြည်အောင် သူမလုပ်နိုင်ပါ။ သူသည် သိမ်းငှက်ဖြစ်ပါသည်။ သူသည် သိမ်းငှက်ဖြင့်သဖြင့် သိမ်းငှက်ကဲ့သို့သာ စတင်နိုင်ပါမည်။ ကြက်မ၏အောက်တွင် အက်ကွဲရခြင်းသာ ဖြစ်ပါသည်။

အချို့သော အသင်းသားများကဲ့သို့ပင် ဖြစ်ပါသည်။ ထိုနည်းအတိုင်း ပင်ဖြစ်ပါသည်။ ငှက်သိုက်ကြီးတစ်ခုလုံးတွင် တစ်ကောင်တည်း ပါဝင်လာရ ခြင်းပင် ဖြစ်ပါသည်။

တစ်နေ့သောအခါ သိမ်းငှက်မကြီးက အပေါ်မှပျံသန်းသွားသည့်အခါ အော် မြည်သွားသံကို သူကြားရပါသည်။ သူအသံကို မှတ်မိပါသည်။ အသံမှန်ပင် ဖြစ်သည်။ အဘယ်ကြောင့်နည်း။¿ သူသည်သိမ်းငှက်အဖြစ် စတင်ရမည် ဖြစ်သောကြောင့် ဖြစ်ပါသည်။

ဇဝံဂေလိတရားလည်း ထိုနည်းငှင်းပင် ဖြစ်ပါသည်။ နှုတ်ကပတ်တော်၊ သခင်ယေရှုခရစ်၏ တန်ခိုးတော်မှာလည်း ထိုနည်းငှင်းပင် ဖြစ်ပါသည်။ ထာဝရအသက်အတွက် လူတစ်ဦးမှာကြိုတင် ခန့်အပ်ခြင်း ခံခဲ့ရပါက သူသည် စစ်မှန်သောအ သံကို ကြားရပါသည်။ ဘုရားသခင်၏ ဟစ်အော်သံပင် ဖြစ်ပါသည်။ အဘယ်အရာကမှ သူကိုမတားဆီးနိုင်ပါ။

အသင်းတော်က "အံ့ဖွယ်နိမိတ်လက္ခဏာများ ပြသရသည့်အချိန် ကုန်ဆုံးပြီ" ဟုဆိုပေမည်။ "ဒီမှာရပ်၍ ဒီအစာ ကိုစားပါ။ ဒီမှာရပ်၍ ဒီအစာကို စားပါ။" ဟုဆိုပေမည်။

ထိုယာတဲမှအစာသည် သူအတွက်လုံးဝ အသုံးမဝင်တော့ပါ။ သူထွက်သွားပြီဖြစ်ပါသည်။ "အရာခပ်သိမ်းမှာ ဖြစ်နိုင်ချေ ရှိပါသည်။"

သူသည်မြေပြင် မှ ထွက်ခွာသွားပါသည်။

ထိုကြောင့် ယနေ့ခရစ်ယာန်များ၏ ပြဿနာမှာ မြေကြီးပေါ်မှ သူတို့၏ခြေထောက်များကို သူတို့မခွာနိုင်ခြင်းပင် ဖြစ်ပါသည်။

မိခင်အိုကြီးက ပြောပါသည်။ “သားလေး ခုန်ပါ၊ မင်းဟာသိမ်း ငှက်ဖြစ်တဲ့ အတွက် ခုန်နိုင်ပါတယ်။

“သူပြောပါသည်။ အမေ ကျွန်တော့်အသက်တာ၌ တစ်ကြိမ်တစ်ခါမျှ မခုန်ဘူးပါ။”

မင်းဟာကြက်မဟုတ်ပါဘူး၊ ထိုအခါသူသည် ပထမဆုံးအကြိမ်ထ၍ ခုန်လိုက်ပြီး တောင်ပံများကို ခတ်လိုက်သည်။ သိပ်တော့ မကောင်းလှပါ။ သို့သော်လည်း မြေကြီးပေါ်မှ မြောက်တက်သွားပါသည်။ ထိုနည်းအတိုင်းပင် ကျွန်တော်တို့ပြုလုပ်ခြင်း ဖြစ်ပါသည်။ ဘုရားသခင်ကို ယုံကြည်ခြင်းအားဖြင့် ကျွန်တော်တို့လက်ခံပါသည်။ ရေးသားထားသော နှုတ်ကပတ်တော်အား ဖြင့် ဖြစ်ပါသည်။ ၎င်းအထဲတွင် တစ်စုံတစ် ခုရှိပါသည်။ ထာဝရအသက်ပင် ဖြစ်ပါသည်။ သင့်အားထိုအတွက် ကြိုတင် ရွေးချယ်ထားခြင်းပင် ဖြစ်ပါသည်။

သူ၏အဖိုးနှင့်အဖွားမှာလည်း သိမ်းငှက်များပင်ဖြစ်ပါသည်။ သူသည်လည်း တစ်ချိန်လုံး သိမ်းငှက်ပင် ဖြစ်ခဲ့ပါသည်။ သိမ်းငှက် များမှာ အခြားငှက်များ နှင့်ရောထွေးနေထိုင်ခြင်း မရှိပါ။ သူသည် မျိုးစပ်ထားသော ငှက်မဟုတ်ပါ။ သူသည်သိမ်းငှက်ပင် ဖြစ်ပါသည်။

39 ၃၉။ ဘုရားသခင်၏ နှုတ်ကပတ်တော်မြတ်မှာ သိမ်းငှက်၏အစာဖြစ်ကြောင်း သူအသိအမှတ်ပြုပြီးနောက် သူသည် အခြားအရာကို ထားခဲ့ပါသည်။ အသက်ရှင်တော်မူသော ဘုရားသခင်၏ အသက်ရှင်တော်မူသော ပုံရိပ်ထဲသို့သင်သည် ပုံဖော်ခြင်း ခံရပါသည်။ သင်၏သီအိုဖိနစ်ထဲမှ သင်ကြားရပါသည်။ ဤလောကဆိုင်ရာခန္ဓာကိုယ် ပျက်စီးသွားသောအခါ ကျွန်တော်တို့အား စောင့်စားနေသူတစ်ဦး ရှိပါသည်။ သင်က “မှန်ပါသလား? ဘရာသာ ဘရင်(န်)ဟမ်ဟု မေးပေမည်။

ကောင်းပါပြီ။ သိမ်းငှက်နှစ်ကောင်ကိုယူ၍ မိနစ်အနည်းငယ်အကြာ သူတို့ကို ကြည့်ကြပါစို့။ မောရှေအမည်ရှိသော သူတစ်ဦး ရှိပါသည်။ သမ္မာကျမ်းစာထဲတွင် ပရောဖက်မှာ သိမ်းငှက်ဟုအခေါ်ခံရကြောင်း လူတိုင်းသိပါသည်။

မောရှေအမည်ရှိသော ပရောဖက်တစ်ပါးရှိပါသည်။ တစ်နေ့သောအခါမှာ ဘုရားသခင်က သူ့အားဆင့်ခေါ်ပါသည်။ နယ်မြေ ကိုဖြတ်၍ ဘုရားခွင့်မပြု တော့ပါ။ ကျောက်တောင်ပေါ်မှာ သေဆုံးသွားရပါသည်။ ကောင်းကင်တမန်များက သူ့အလောင်းကို သယ်ဆောင်၍ မြှုပ်နှံပစ်ကြပါသည်။

နောက်တစ်ဦးမှာ နောက်ထပ်သိမ်းငှက်တစ်ကောင်ပင် ဖြစ်ပါသည်။ သေဆုံးစရာပင် မလိုပါ။ ယော်ဒန်မြစ်ကို ဖြတ်လျှောက်သွားပြီး ဘုရားသခင်က မြင်းလှည်းကို စေလွှတ်လိုက်ပါသည်။ သူ၏အသွေးအသား ကိုယ်ခန္ဓာကို ချထားခဲ့ပြီး ထ၍ထာဝရဆုကို ဖမ်းယူရရှိပါသည်။

နောက်နှစ်ပေါင်း(၂၀၀)ခန့်ကြာသောအခါ တောင်ပေါ်တွင် လူနှစ်ဦးရပ် နေသည်ကို တွေ့ရပါသည်။ မောရှေ၏ကိုယ် ခန္ဓာမှာ နှစ်ပေါင်းများစွာအကြာမှာ ပုပ်သိုးပျက်စီးသွားပါသည်။ သို့သော်လည်း ပေတရု၊ ယာကုပ်နှင့်ယောဟန်တို့ မှတ်မိနိုင်သည့် အနေအထားမျိုးမှာပင် သူကရှိနေပါသည်။ အာမင်၊ ဤလောကဆိုင်ရာတဲတော် ပျက်စီးသွားသော်လည်း သင်သည် ဤလောက တွင် ဘုရားသခင်ဖေါ်ပြထားသော ပုံသဏ္ဌာန်တော်ဖြစ်ပါက ဤလောက ကြီးမှ ခွာသွားသောအခါ သင့်အားစောင့်မျှော်နေသော ခန္ဓာကိုယ်ရှိပါသည်။ သူတို့သည် တောင်ပေါ်တွင် ရပ်နေပါသည်။ စကားပြောနေကြပါသည်။ သူတို့သည် ပရောဖက်များဖြစ်ကြ၍ နှုတ်ကပတ်တော်သည် သူတို့ထံသို့ရောက်လာပါသည်။

40 ၄၀။ နောက်ထပ် ပရောဖက်တစ်ပါးကို သတိပြုကြပါစို့။ ရှမွေလဟု အမည် မှည့်ခေါ်ထားပါသည်။ သူသည် မြင့်မြတ် သောသူဖြစ်ပါသည်။ ဣသရေလကို သွန်သင်ပေးခဲ့ပါသည်။ ဘုရင်မရှိသင့်ကြောင်း သူတို့ကို ပြောပြပါသည်။ “သခင်ဘုရား ၏နာမတော်မြတ်၌ ကျွန်တော်မပြောပြခဲ့ပေဘူးလား? ဒါပေမဲ့ ဘာဖြစ် လာပါသလဲ?”

သူတို့၏အဆိုမှာ “သင်ပြောသမျှအရာအားလုံးမှာ သခင်ယေရှု၏ နာမတော်မြတ်၌ ဖြစ်၍အားလုံး ဖြစ်ပျက်ခဲ့ပါသည်။”

သူသည် ပရောဖက်ဖြစ်၍ သူသေဆုံးခဲ့ရပါသည်။

သုံးလေးနှစ်ခန့်ကြာသောအခါ ရှင်ဘုရင်မှာ ဒုက္ခရောက်ရပါတော့သည်။ သခင်ယေရှု၏အသွေးမသွန်းလောင်းမှီက ဖြစ်ပါသည်။ ကိုယ်တော်ရှင်သည် ပရဒိသုဘုံဥယျာဉ်တွင် ရှိနေတော်မူပါသည်။ Endor မှစုန်းမက တစ်စုံတစ်ဦးကိုခေါ်၍ ရှောလုမင်းနှင့်တွေ့စေပါသည်။ စုန်းမက သူ့အားရပ်နေသည်ကို တွေ့ရသောအခါ သူမက “ဘုရားက မြေကြီးထဲမှ ထ မြောက်လာသည်ကို ငါတွေ့သည်” ဟုဆိုပါသည်။

41 ၄၁။ ထိုသူသေသွားပြီးနောက် သင်္ချိုင်းတွင်း သင်္ဂြိုလ်ခြင်းခံရ၍ ဂူထဲတွင် ပုပ်သိုး သွားပါက ဤနေရာမှာ သူသည်ဂူထဲတွင် ထိုင်နေပါသည်။ ပရောဖက်၏ ဝတ်ရုံများဖြင့်ပင် ဖြစ်ပါသည်။ ပရောဖက်ဖြစ်နေဆဲပင် ဖြစ်ပါသည်။အာမင်၊ သူကလည်း ပြောပါသည်။ “ငါအိပ်ပျော်နေသည့်အချိန်၊ နားနေ သည့်အချိန်တွင် သင်ဘာကြောင့် ငါ့ကိုခေါ်ရသနည်း? ဘုရားသခင်၏ ရန်သူဖြစ်လာကြောင်းကို တွေ့ရပါသည်။ သူပရောဖက်ပြုသည်ကို ကြည့်ပါ။” “မနက်ဖန်ည ဤအချိန်တွင် သင်သည် ငါနှင့်အတူရှိမည်” သူသည် ပရောဖက်ဖြစ်နေဆဲပင် ဖြစ်ပါသည်။ သို့သော်လည်း သူသည် ဤကိုယ်ခန္ဓာမှ ပျောက်ကွယ်သွား ပါသည်။

သူသည် ဤနေရာသို့ရောက်လာ၍ နှုတ်ကပတ်တော်၏ တစ်စိတ် တစ်ဒေသ ဖြစ်ပါသည်။ ကမ္ဘာကြီး အုတ်မြစ်မ ချမှီကတည်းက ပြင်ဆင်ခဲ့သော ကိုယ် ခန္ဓာအတွင်းသို့အသွေးအသားအသက်တာဖြင့် သူကဝင်ရောက်ခဲ့ခြင်းပင် ဖြစ်ပါသည်။ သူသည် သီအိုဖိနိထဲသို့ ဝင်ရောက်လာပါသည်။ နှုတ်ကပတ် တော် ဖြစ်ပါသည်။ သင်သဘောပေါက်ပါသလား? ယုံကြည်သူများအားလုံး ကျွန်တော်တို့ဤနေရာမှ

လှည့်ထွက်သွားပါက သွားရမည့်နေရာပင် ဖြစ်ပါသည်။

ထိုပုံစံဖြင့် ကန့်လန့်ကာ ဖုံးကွယ်ထားသောအရာကို မလိုက်ခြင်း ဖြစ်ပါသည်။ သင်သည်ထိုအထဲသို့ရောက်သွားပါက နှုတ်ကပတ်တော်ဖြစ်ပါသည်။ ကလေးငယ်တစ်ဦးအနေနှင့် မကြာမှီက ကျွန်တော်ပြောသကဲ့သို့ဖြစ်ပါသည်။

သတိပြုပါ။ ဤအဖွင့်တံဆိပ်များအတွက် ဘုရားသခင်ကို ကျေးဇူးတော် ချီးမွမ်းပါ။ ဤအရာများကို သိစေရန်အတွက် ကျွန်တော်ဆုတောင်းပေးပါ သည်။

42 ၄၂။ စစ်မှန်သော မေလခိဇေဒက်၏ ဗျာဒိတ်တော်ရောက်လာပါသည်။ ဘာဖြစ် ပါသနည်း။¿ သူသည် ဘုရားဖြစ်ပါသည်။ နှုတ်ကပတ်တော်ဖြစ်ပါသည်။ သူသည် လူ့ဇာတိကို ခံယူပါသည်။ နှုတ်ကပတ်တော် ဘုရားသခင်ဖြစ်ပါ သည်။ သူဖြစ်ရပါ မည်။ ကိုယ်တော်ရှင်ကဲ့သို့မည်သူမှ မဖြစ်နိုင်ပါ။ ကိုယ်တော်သည် သေခြင်း၊ နာခြင်း၊ အိုခြင်းကင်းမဲ့သော ပုဂ္ဂိုလ်ဖြစ်သည်။ ကျွန်တော်မှာ ဖခင်နှင့် မိခင်ရှိသကဲ့သို့သင်လည်း ရှိပါသည်။ သခင်ယေရှု မှာလည်း ဖခင်နှင့်မိခင်ရှိပါ သည်။ သို့သော်လည်း ဤလူသားမှာ မရှိပါ။ သခင်ယေရှုက သူ၏ဘဝကို ပေးဆပ်ခဲ့သည်။ ဤလူသားမှာ မပေးဆပ်နိုင် ပါ။ အကြောင်းမှာ သူသည် အသက်ဖြစ်သောကြောင့် ဖြစ်ပါသည်။ တစ်ချိန်လုံးသူသည် ထိုလူသားပင် ဖြစ်ပါသည်။ သင့်အား ဘုရားသခင်ဖော်ပြမည် ဟု ကျွန်တော်မျော်လင့်ပါသည်။ တစ်ချိန်လုံး ထိုလူသားပင်ဖြစ်ပါသည်။

သူ၏ဘွဲ့နာမကို သတိပြုပါ။ "ဖြောင့်မတ်ခြင်း၏ဘုရင်" ဖြစ်ပါသည်။ (ဟေဗြဲ ၇း၂)မှာ "ဖြောင့်မတ်ခြင်း၏ ဘုရင်ဖြစ်ပါသည်။ ငြိမ်သက်ခြင်း၏ဘုရင်" ဖြစ်ပါသည်။ သူသည် ဘုရင်နှစ်ပါးဖြစ်ပါသည်။ (ဟေဗြဲ ၇း၂)ကိုကြည့်ပါ။ "ဖြောင့်မတ်ခြင်း၏ဘုရင် ဖြစ်သည်သာမက ငြိမ်သက်ခြင်း၏ဘုရင်ဖြစ်ပါသည်။ ဘုရင်နှစ်ပါး ဖြစ်ပါသည်။ သူသည်အသွေးအသား ကိုယ်ခန္ဓာနှင့်ကြွ လာတော်မူ၍ သူ၏ ကိုယ်ခန္ဓာကို လက်ခံယူပါသည်။ (ဗျာဒိတ် ၂၁း၁၆)တွင် သူ့အား "ဘုရင်တကာတို့၏ဘုရင်" ဟုခေါ်ပါသည်။ သူသည် သူတို့အားလုံး သုံးဦးအတူတကွပင် ဖြစ်ပါသည်။ ဘုရင်ဘုရား၊ ဘုရင်သီအိုဖိနိ၊ ဘုရင်ယေရှုပင် ဖြစ်ပါသည်။ "ကိုယ်တော်ရှင်သည် ဘုရင်တကာတို့၏ဘုရင် ဖြစ်ပါသည်။"

အားလုံးတွေ့ဆုံခွင့်ရပါသည်။ အသက်၊ ကိုယ်ခန္ဓာနှင့်ဝိညာဉ်ဖြစ်ပါသည်။ အားလုံးတစ်စုတည်း ဖြစ်လာပါသည်။

သူသည် ခမည်းတော်ဖြစ်ပါသည်။ ပထမဆုံးဖြစ်၍ သားတော်၊ သန့်ရှင်း သောဝိညာဉ်တော်နှင့် ဝိညာဉ်တော်လည်း ဖြစ်ပါသည်။

"ဖြောင့်မတ်ခြင်း၏ဘုရင်" ဝိညာဉ်လက္ခဏာ သီအိုဖိနိ "ငြိမ်သက်ခြင်း၏ဝိညာဉ်" သီအိုဖိနိဖြစ်ပါသည်။ အသွေးအ သား၌ "ကိုယ်တော်ရှင်သည် ဘုရင်တကာတို့၏ဘုရင်မှာ" ဖြစ်ပါသည်။ အလားတူပုဂ္ဂိုလ်ပင် ဖြစ်ပါသည်။

43 ၄၃။ မောရှေက ကိုယ်တော်ရှင်ကိုတွေ့ရသောအခါ (ထွက် ၃၃း၂)တွင် သူသည် သီအိုဖိနိဖြစ်ပါသည်။ မောရှေမှာ ဘုရားသခင်ကို တွေ့မြင်လိုပါသည်။ သူ၏အသံကို ကိုယ်တော်ရှင်က ကြားရပါသည်။ ကိုယ်တော်ရှင် သူကိုစကား ပြောသံကို ကြားရပါသည်။ ခြုံပုတ်ထဲတွင် ကိုယ်တော်ရှင်ကို တွေ့မြင်ခဲ့ရပါ သည်။ ကြီးမားသောမီးတိုင် တစ်ခုအနေနှင့် ဖြစ်ပါသည်။ သူကသင်သည် မည်သူ ဖြစ်ပါသနည်း¿ သင်မည်သူဖြစ်ကြောင်း ငါသိချင်ပါသည်။ မောရှေ က "ငါအလိုရှိသည်" ...."ကိုယ်တော်ရှင်တွေ့မြင်ခွင့်ကို ပေးမည်ဆိုပါက ကိုယ်တော်၏မျက်နှာတော်ကို တွေ့လိုပါသည်" ဟုဆိုပါသည်။

ကိုယ်တော်ရှင်က "ငါ့မျက်နှာကို မည်သူမှမတွေ့နိုင်" ဟု ဆိုပါသည်။ ငါ့လက်ကို သင်၏မျက်လုံးများကို ဖုံးကွယ်၍ ငါဖြတ်လျှောက်သွားမည်။ ငါ၏ နောက်ကြောကို သင်တွေ့မြင်နိုင်ပါသည်။ သို့သော်လည်း မျက်နှာကိုမတွေ့ နိုင်ပါ ဟုဆိုသည်။ ကိုယ်တော်က တွေ့မြင်ခွင့်ပေးသောအခါ လူသား၏ နောက်ကြော ဖြစ်နေပါသည်။ သီအိုဖိနစ် ဖြစ်နေပါသည်။ မောရှေထံသို့ရောက်လာသော နှုတ်ကပတ်တော်မှာ "ငါဖြစ်၏" ဟူ၍ဖြစ်ပြီး နှုတ်ကပတ်တော်ပင် ဖြစ်ပါသည်။ နှုတ်ကပတ် တော်သည် မောရှေထံသို့မီးတိုင်၏ ပုံသဏ္ဌာန်ဖြင့် ကြွလာတော်မူ၍ မီးတောက်သောခြုံအားဖြင့် ဖြစ်ပါသည်။ "ငါဖြစ်၏" ဟူ၍ဖြစ်ပါသည်။

သီသြလော်ဂျီ .... သီအိုဖိနစ်မှလာသော နှုတ်ကပတ်တော်မှာ အာဗြဟံထံသို့လူသားအားဖြင့် ရောက်လာခြင်း ဖြစ်ပါသည်။ ဝက်သစ်ချပင်အောက်တွင် ဖြစ်ပါသည်။ ထိုနေရာကိုကြည့်ပါ။ အာဗြဟံထံသို့လူသားအဖြစ် ရောက်လာပါသည်။ ၎င်းတို့(၃)ဦးပေါင်း ဖြစ်သည်။ ဝက်သစ်ချပင်အောက်တွင် ထိုင်နေပါသည်။ (၃)ဦးဖြစ်သည်။ အာဗြဟံနှင့်စကားပြောပြီးနောက် သတိပြုပါ။

44 ၄၄။ ဘာကြောင့် သူလာပါသနည်း? အာဗြဟံသည် ဂတိတော်နှင့်ပတ်သက်ပြီး ကြွလာတော်မူမည့် သားတော်၏သတင်းစကားပင်ဖြစ်ပါသည်။ သူ၌ ဘုရားသခင်၏နှုတ်ကပတ်တော်ပင် ဖြစ်ပါသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ယုံကြည် စိတ်ချခြင်းပင် ဖြစ်ပါသည်။ နှုတ်ကပတ်တော်မှာ မည်မျှအပြစ်ကင်းစင်ကြောင်း သိပါသလား? ပရောဖက်ထံသို့နှုတ်ကပတ် တော်ရောက်လာပါသည်။ ဘုရားသခင်သည် သီအိုဖိနစ်တွင် ရှိပါသည်။ သမ္မာကျမ်းစာဆိုသည်မှာ ပရောဖက်ထံသို့နှုတ်က ပတ်တော်ရောက်လာသည် ဟူ၍ဖြစ်သည်။ ဤနေရာမှာ နှုတ်ကပတ်တော်သည် သီအိုဖိနစ်ဖြစ်ပါသည်။ ဘုရားဖြစ်ပါသလား? ဟုသင်က ဆိုပါသည်။

အာဗြဟံက ဟုတ်သည်ဟုဆိုပါသည်။ သူ၏အမည်မှာ နူသ့ဇာ ဖြစ် သည်ဟု သူကဆိုပါသည်။ (ကမ္ဘာဦး ၁)တွင် သင်တွေ့ရပါသည်။ အစအဦး၌ နူသ့ဇာ သည် ကောင်းကင်များနှင့်မြေကြီးကို ဖန်ဆင်းသည်ဟု ဆိုပါသည်။(ကမ္ဘာဦး ၁၈)တွင် ထိုအချက်ကို ကျွန်တော်တို့ တွေ့နိုင်ပါသည်။ အာဗြဟံက ဤပုဂ္ဂိုလ်အား ခေါ်ပါသည်။ ....ထိုနေရာမှာ ချထား၍ သူနှင့်စကား ပြောပါသည်။ သူနှလုံးသားလျှို့ဝှက်ချက်များကို ပြောပြနိုင်ပါသည်။ ဆရာက နောက်ကွယ်တွင် ဘာစဉ်းစား နေကြောင်း ပြောပြနိုင်ပါသည်။ အာဗြဟံက ၎င်း၌ နူသ့ဇာ ဖြစ်သည် ဟုဆိုပါသည်။ သီအိုဖိနစ်ပုံစံ ဖြစ်ပါသည်။ သင်သဘော ပေါက်ပါသလား?

45 ၄၅။ သူသည် သီအိုဖိနစ်ပုံစံ ဖြစ်ကြောင်း ကျွန်တော်တို့တွေ့ရှိရပါသည်။ ကိုယ် တော်ရှင်က သူ့အား "ဘုရားသခင်၊ အီလိုဟင် Elohim "

ဟုခေါ်ပါသည်။ (ကမ္ဘာ ၁၈) တွင်ငင်းအရာသည် မှန်ကန်ကြောင်း ကျွန်တော်တို့တွေ့ရပါသည်။

အာဖြဟံကို သတိပြု၍ကြည့်ပါ။ သူတို့သုံးဦးအတူတကွ ရှိပါသည်။ သို့သော်လည်း အာဖြဟံက သူတို့သုံးဦးနှင့်တွေ့ဆုံသော အခါ သူက "ကျွန်ုပ်၏အ ရှင်သခင်" ဟုဆိုပါသည်။

သောဒုံမြို့တွင် သူတို့နှစ်ဦး ဆင်းသွားပါသည်။ လောတက သူတို့နှစ်ဦးလာ နေသည်ကိုတွေ့သောအခါ "ငါ၏သခင်များ" ဟုဆိုပါသည်။ ဘာဖြစ်ပါသနည်း? ပထမဆုံးအချက်ပြောရမည်မှာ လောတသည် ပရောဖက်မဟုတ်ပါ။ ထိုအချိန်ကာလ၏သတင်းစကား ဟောပြောသူလည်း မဟုတ်ပါ။ သူ့အတွက် မည်သည့်ဗျာဒိတ်ဖော်ပြချက်မှ မရှိပါ။ လောတကသူတို့အား "သခင်များ" ဟုခေါ်နိုင်ပါသည်။ သူတို့ဒါဇင်ပေါင်းများစွာရှိ၍ "သခင်များ" ဟုဆိုနိုင်ဆဲပင် ဖြစ်ပါသည်။ သို့သော်လည်း အာဖြဟံတွေ့ဆုံသည်မှာ ဘယ်နှစ်ဦးပင်ဖြစ်ဖြစ် အရှင်တစ်ဦးတည်းသာ ဖြစ်ပါသည်။ ဘုရားရှိပါသည်။ မေလခိဇေဒက်ပင် ဖြစ်ပါသည်။

တိုက်ပွဲပြီးဆုံးသွားသောအခါ မေလခိဇေဒက်က သူ၏အောင်မြင်မှု ရရှိသော အသိုက်အမြုံလေးကို အစေခံပါသည်။ သူကိုယ်တိုင်ပင်ဖြစ်သော အစိတ်အပိုင်း ဖြစ်ပါသည်။ ဤနေရာမှာတွေ့ရသော ပုံစံမှာ ပွဲတော်ပေးခြင်းပင် ဖြစ်ပါသည်။ တိုက်ပွဲပြီးသွားသောအခါ သူကိုယ်သူ ပေးအပ်လိုက်ပါသည်။ အကြောင်းမှာပွဲတော်မင်္ဂလာသည် ခရစ်တော်၏ တစိတ်တဒေ သ ဖြစ်သောကြောင့် ဖြစ်ပါသည်။ တိုက်ပွဲပြီးဆုံးသွားသောအခါ သင်သည် ခရစ်တော်နှင့် အတူတကွ တစိတ်တဒေသ ဖြစ်လာပါသည်။ ဘုရားသခင်၏ တစိတ်တစ်ဒေသ သင်သဘောပေါက်သလား?

46 ၄၆။ ယာကုပ်သည် တစ်ညလုံးနပန်းလုံး ရပါသည်။ သူကောင်းချီးမပေးမခြင်း သူ့အားမလွှတ်ပါ။ အသက်အတွက် တိုက်ပွဲဝင်ရခြင်း ဖြစ်ပါသည်။ တိုက်ပွဲ ပြီးဆုံးသွားသောအခါ သူသည်မိမိကိုယ်ကိုမိမိ သင့်အတွက် ပေးဆပ်ပါ သည်။ သူ၏စစ်မှန်သော မိဿဟာယဖွဲ့ခြင်းပင် ဖြစ်ပါသည်။ မုန့်နှင့်ဝေဖာ ကလေးက ငင်းကိုကိုယ်စား ပြုပါသည်။ တိုက်ပွဲဝင်ခြင်း မရှိဘဲမယူသင့်ပါ။ ဘုရား၏တစိတ်တဒေသ ဖြစ်ရပါမည်။

ထိုအချိန်က ပွဲတော်ကို မပြုလုပ်ခဲ့ကြပါ။ သခင်ယေရှုသေဆုံးပြီး နောက်မှ သာ ပြုလုပ်နိုင်ခြင်းပင် ဖြစ်ပါသည်။ နှစ်ရာပေါင်း မြောက်များစွာကြာ ပြီးနောက်ပိုင်းမှ ဖြစ်ပါသည်။

သို့သော်လည်း မေလခိဇေဒက်သည် သူ၏သားအာဖြဟံက အောင်မြင် ခွင့်ရပါသည်။ မေလခိဇေဒက်က သူနှင့်တွေ့၍ မုန့်နှင့်စပျစ်ရည်ကို ပေးပါသည်။ ဤလောက တိုက်ပွဲပြီးဆုံးသွားသောအခါ ကိုယ်တော်နှင့် ကောင်း ကင်တွင် ဆုံပြီးတစ် ဖန်ပြန်လည်၍ ပွဲတော်ဝင်ခွင့်ရပါသည်။ မင်္ဂလာဆောင် ညစာစားပွဲ ဖြစ်ပါသည်။ "ငါသည် စပျစ်ရည်ကို မသောက်သုံးတော့ပါ။ စပျစ်သီးကိုလည်း မစားတော့ပါ။ ငါ့အဖ၏နိုင်ငံတော်တွင် အသစ်တစ်ဖန် ပြန်လည် ဆုံတွေ့သောအခါမှသာ စားသောက်ပါ မည်။" မှန်ပါသလား?

47 ၄၇။ မေလခိဇေဒက်သည် အိမ်ပြန်မရောက်မီ အာဖြဟံကိုသွား၍ ဆုံတွေ့ပါသည်။ မည်မျှလှပသောပုံစံ မေလခိဇေဒက်က အိမ်ပြန်မရောက်မီ အာဖြဟံ နှင့် ဆုံတွေ့ပါသည်။ တိုက်ပွဲပြီးဆုံးသည့် ကာလပင်ဖြစ်ပါသည်။

အိမ်ပြန်မရောက်မီ သခင်ယေရှုကို ကျွန်တော်တို့လေထဲတွင် ဆုံတွေ့ခွင့်ရခဲ့ပါသည်။ (၂သက်)တွင် ထိုအကြောင်း ကို ဖော်ပြထားပါသည်။ "ကိုယ်တော်ကို လေထဲတွင် တွေ့ဆုံရပါသည်။" လှပသောပုံစံဖြစ်၍ ရေဗက္ကာနှင့်က္ကဇက် ကွင်းထဲတွင် အေးချမ်းသောနေ့အချိန်တွင် တွေ့ကြသည့်ပုံစံ ဖြစ်ပါသည်။ "ကျွန်တော်တို့ကိုယ်တော်ကိုလေထဲတွင် တွေ့ဆုံရပါသည်။" (၂သက်)တွင် ရေးသားထားပါသည်။ "သခင်ဘုရားသည် ကြွေးကြော်ခြင်း၊ ကောင်းကင်တမန်မင်း အသံပေးခြင်း ဘုရားသခင် ၏တံပိုးတော်ကို မှုတ်ခြင်းနှင့်တကွ ကောင်းကင်ဘုံမှ ကိုယ်တိုင်ဆင်းသက်တော်မူ၍ ခရစ်တော်၌ သေလွန်သော သူတို့သည် အစအဦးထမြောက်ကြလိ်မ့်မည်။ ထိုအခါ အသက်ရှင်၍ ကျန်ကြွင်းသော ငါတို့သည် အာကာသ ကောင်းကင်၌ သခင်ဘုရား ထံတော်သို့ရောက်စေခြင်းငှာ ထိုသူတို့နှင့်တကွ မိုးတိမ်ပေါ်သို့ချီဆောင်ခြင်းကို ခံရသောအားဖြင့် သခင်ဘုရားနှင့်အတူ အစဉ်မပြတ် နေရကြလိမ့်မည်။" ဤပုံစံများအားလုံးမှာ အပြစ်ကင်းစင်ပါသည်။

ထို့ကြောင့် သီအိုဖိနစ်ဖြစ်ပါသည်။ သင်သည် သေဆုံးပြီး ထိုသီအို ဖိနစ်ထဲသို့ဝင်ရောက်ရပါမည်။ ဘာဖြစ်ပါသနည်း? သီအိုဖိနစ်သည် ကမ္ဘာလောက ကြီးပေါ်သို့ရောက်လာပြီး ကယ်တင်ခြင်းရပြီးသား ကိုယ်ခန္ဓာကို ကောက်ယူ လိုက်ပါသည်။ သင်သည် ယခုဤနေရာတွင် လေထဲ၌ရှိနေပါက ကိုယ်ခန္ဓာ ကိုယူဆောင်၍ သီအိုဖိနစ်နှင့်တွေ့ဆုံပါ။ "ချီဆောင်ခြင်းခံရ၍ ကိုယ်တော် ရှင်ကို လေထဲတွင် ဆုံတွေ့ရပါမည်။"

ဤမေလခိဇေဒက်သည် မည်သူဖြစ်ပါသနည်း? ဘုရားသခင်ပင်ဖြစ်ပါသည်။

48 ၄၈။ ကျွန်တော်တို့၏ အသက်တာများမှာ လုံးဝလျှို့ဝှက်နက်နဲစွာဖြင့် ရှိနေကြောင်း ကျွန်တော်တို့တွေ့ရပါသည်။ သေခြင်း တရားပင်ဖြစ်၍ ကျွန်တော်တို့သေဆုံးပြီးနောက် ကြုံတွေ့ရပါမည်။ ကြိုတင်ခွဲခန့်မှတ်သားခြင်းကိုလည်း ဤနေရာမှာ ရှင်းလင်းစွာ တွေ့မြင်ရပါသည်။ ဤအရာကို သေချာစွာသွန် သင်ပေးသည့်အခါ သေချာစွာနားထောင်ပါ။

ထာဝရကာလ၏ ရည်ရွယ်ချက်များ အဆင့်ဆင့်ကို ကိုယ်တော်ရှင်၌လျှို့ဝှက်စွာ ရှိနေသည့်အရာများကို ယခုအခါတွင် ဖော်ပြပြီး ဖြစ်ပါသည်။ အပြစ်ကင်းစင်ခြင်း ဖြစ်စေရန်အဆင့်(၃)ဆင့် ရှိပါသည်။ ကမ္ဘာလောကကြီးကို ကိုယ်တော်ရှင် ကယ်တင်ခဲ့သကဲ့ သို့ပင် ဖြစ်ပါသည်။ သူ၏အသင်းတော်ကိုလည်း ထိုနည်းအတိုင်းပင် သူကကယ်တင်ခဲ့ပါသည်။ အဆင့်(၃)ဆင့်အားဖြင့် သူကလူများကို ကယ်တင်ခဲ့ပါသည်။ ပထမဆုံးမှာ ဖြောင့်မတ်ခြင်းဖြစ်၍ လူသာဟောပြောခဲ့သကဲ့သို့ပင်ဖြစ်ပါသည်။ ဒုတိယ မှာ သန့်ရှင်းစေခြင်းဖြစ်၍ ဝက်စလီဟောပြောသကဲ့သို့ပင် ဖြစ်ပါသည်။ တတိယမှာ သန့်ရှင်းသောဝိညာဉ်တော်ဗတ္တိဇံ ဖြစ်ပါသည်။ ငင်းနောက် ချီဆောင်ခြင်းခံရပါမည်။

ကမ္ဘာလောကကြီးကို ကိုယ်တော်ရှင်မည်သို့ကယ်တင်ခဲ့ပါသနည်း? ပထမဆုံးအချက်အနေနှင့် ကိုယ်တော်ရှင်သည် ကမ္ဘာ လောကကြီး

အပြစ်လုပ်ပါက ကိုယ်တော်ရှင် ဘာလုပ်ပါသနည်း? ရေဗတ္တိဇံအားဖြင့် ကိုယ်တော်ရှင်က ဆေးကြောပစ်ပါသည်။ သူ၏အသွေးကို သွန်းလောင်းခဲ့ပါ သည်။ ကားတိုင်ပေါ်မှနေ၍ သန့်ရှင်းစေခြင်းဖြစ်၍ သူ၏ပိုင်ဆိုင်မှုများ ခေါ်ဆိုပါသည်။ ကိုယ်တော်ရှင်က ဘာလုပ်ပါသနည်း? သင့်အထဲမှ လောက အရာများအားလုံးကို ကိုယ်တော်ရှင်က ဖျက်ဆီးပစ်သကဲ့သို့သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် အားလုံးကို ပြန်လည်၍ ပြင်ဆင်မွမ်းမံထားပါသည်။ ကမ္ဘာလောကကြီးကိုလည်း ပြန်လည်၍ ပြင်ဆင်မွမ်းမံမည် ဖြစ်ပါသည်။ မီးဖြင့်လောင်ကျွမ်းသွားပါမည်။ ပိုးမွှားအားလုံးကို မိုင်သန်းပေါင်းများစွာ သန့်ရှင်းသွားစေပါမည်။ အရာခပ်သိမ်းမှာ သန့်ရှင်းသွားပါမည်။ ကောင်းကင်သစ်နှင့်မြေကြီးသစ် ရှိလာမည်ဖြစ်ပါသည်။ ယေရှုခရစ်၌ သင်သည် အသစ်သောသတ္တဝါ ဖြစ်လာပေမည်။ သန့်ရှင်းသောဝိညာဉ်တော်က သင့်ကိုချုပ်ကိုင်သွားမည် ဖြစ်ပါသည်။ အရာခပ်သိမ်းမှာ ရှင်းလင်းလျှက် ရှိပြီး အားလုံးမှာ သုံးခုထဲတွင် ရှိနေပါသည်။

49 ၄၉။ သာမန်အားဖြင့် မွေးဖွားသောအခါ မိန်းမတစ်ဦးပထမဆုံး ကလေးမွေးသောအခါ ဘာဖြစ်ပါသနည်း? ပထမဆုံး ဘာပေါက်ကွဲပါသနည်း? ရေဖြစ်သည်။ နောက်ထပ်ဘာဖြစ်ပါသနည်း? နောက်အဆင့် ဘာဖြစ်ပါသနည်း? အသက်၊ ရေ၊ သွေး၊ ဝိညာဉ်ပင်ဖြစ်ပါသည်။

အပင်အတွက် ဘာဖြစ်ပါသနည်း? ပထမဦးဆုံးအရာမှာ ဘာဖြစ်ပါသနည်း? အညောင့်ပေါက်ခြင်းပင် ဖြစ်ပါသည်။ နောက်တစ်ခုမှာ ဘာဖြစ်ပါသနည်း? ပန်းပွင့်ဖြစ်သည်။ နောက်တစ်ခုမှာ ဘာဖြစ်သနည်း? အခွံဖြစ်သည်။ ၎င်းနောက် အဆံထွက်ပေါ်လာပါသည်။ အဆင့်(၃)ဆင့်ပင် ဖြစ်ပါ သည်။ မျိုးစေ့ ဖြစ်လာသည့်အထိ ဖြစ်ပါသည်။

ဘုရားသခင်က ထိုအရာကို ဖော်ပြတော်မူပါသည်။ ၎င်းအရာသည် အမြဲ တမ်းမှန်ကန်ပါသည်။ ဘုရားသခင်က မှန်ကန် သည်ဟု ဖော်ပြပါသည်။ ရှင်းလင်းစွာ ပြသပါသည်။ ကြိုတင်ခွဲခန့်မှတ်သားထားခြင်းဆိုသည်မှာ ကယ်တင်ခြင်းတွင် တစ်ခု တည်းသော စဉ်းစားရမည့်အရာပင် ဖြစ်ပါသည်။ သင်သဘော ပေါက်ပါရဲ့လား¿ ကျွန်တော်ထပ်၍ ပြောပါရစေ။ ကြိုတင်ခွဲ ခန့်မှတ်သားခြင်းဆိုသည်မှာ ကယ်တင်ခြင်းအတွက် စဉ်းစားရမည့် တစ်ခုတည်းသောအရာပင် ဖြစ်ပါသည်။ ကြိုတင်ခွဲခန့်မှတ် သားထားသူများကိုသာ စစ်မှန်သောကယ်တင်ခြင်းကို ရရှိပါသည်။ “ကယ်တင်ခြင်း” ဆိုသောစကားလုံး၏အဓိပ္ပါယ်မှာ “ပြန်လည်၍ ယူဆောင်လာရန်” ပင်ဖြစ်ပါသည်။ ကယ်တင်ခြင်းဆိုသည်မှာ တစ်စုံတစ်ရာပင် ဖြစ်ပါသည်။ တစ်စုံတစ်ရာကို ကယ်တင်ခြင်းပင် ဖြစ်ပါသည်။ “မူရင်းနေရာသို့ပြန်လည်၍ ယူဆောင်လာရန်ပင် ဖြစ်ပါသည်။” ဟာလေလုယာ၊ ကြိုတင် ရွေးချယ်ထားသူများကိုသာ ပြန်လည်၍ ဆောင်ယူလာမည် ဖြစ်ပါသည်။ အခြားသူများ လာမည်မဟုတ်ပါ။ “ပြန်လည်ဆောင် ယူရမည်” ဖြစ်ပါသည်။

50 ၅၀။ အစကတည်းက ကိုယ်တော်ရှင်နှင့် ထာဝရဖြစ်ရပါသည်။ သင့်ထံမှရှိသော ထာဝရအသက်ပင် ဖြစ်ပါသည်။ သင်ဘာ ဖြစ်သည်ကို ကိုယ်တော်ရှင်က စဉ်းစားပါသည်။ သင့်အားဖြစ်စေလိုသည်သာ ဖြစ်ပါသည်။ တရားဟော ပလ္လင်တွင် ကျွန်တော့် အား ကိုယ်တော်က ရပ်စေလိုပါသည်။ ယနေ့ည သင့်အားထိုင်ခုံတွင် ထိုင်စေလိုပါသည်။ ကိုယ်တော်ရှင်၏ ထာဝရအကြံအ စည်တော်ကို ကျွန်တော်တို့ အစေခံရပါမည်။ အိမ်ပြန်နှင့်ပြီ ဖြစ်ကြသူများက ကိုယ်တော်ရှင်၏ အကြံအစည်ကို အစေခံရန်ဤ လောကသို့ကြွလာတော်မူ ခြင်းဖြစ်ပါသည်။ အားလုံးပြီးဆုံးသွားသောအခါ ဘုန်းထင်ရှားစေသော အခြေအနေမျိုးသို့ပြန် လည်ရောက်ရှိပြီး ရင့်ကျက်မှုရှိ၍ တစ်ဖန်ပြန်လည်၍ ယူဆောင်လာပြန်ပါသည်။

သူ၏ခေါင်းကို ဖြတ်ရန်အတွက် ပြင်ဆင်နေကြစဉ်အခါ ပေါလုက “အိုသေခြင်းတရား သင်၏အဆိပ်အတောက် ဘယ်မှာရှိပါသနည်း? သင်၏ အောင်မြင်မှုဘယ်မှာရှိပါသနည်း?” ဟု ဆိုနိုင်ခြင်းမှာ အံ့ဘွယ်မဟုတ်ပါ။ ကျွန်တော်တို့အား အောင်မြင်မှုကို ပေးသောဘုရားသခင်ကို ကျေးဇူးတင်ပါသည်။ ကိုယ်တော်ရှင်က သေခြင်းတရားကို အောင်မြင်ခဲ့ပါပြီ။ ထာဝရအသက်ကို ကျွန်တော်ပိုင်ဆိုင်ပါပြီ။ အာမင်၊ ကိုယ်တော်ရှင်က သိမှတ်တော် မူပါသည်။ သေခြင်းငရဲနှင့်သင်္ချိုင်းက သူ့ကိုမတားဆီး ချုပ်ကိုင်နိုင်တော့ပါ။ ကျွန်တော်တို့ကို ဘယ်သူမှ မထိခိုက်နိုင်ပါ။ ထာဝရအသက်ရပါပြီ၊ ထာဝရ အသက်ဖြင့် သူကောင်းချီးခံစားရကြောင်း သူသိပါပြီ။

51 ၅၁။ နှင်းပွင့်ကလေးကဲ့သို့ပင် ဖြစ်ပါသည်။ ကျွန်တော်နားလည်ပါက.. ဓါတုဗေဒအကြောင်း ကျွန်တော်များစွာမသိပါ။ ပတ်ဝန်းကျင် ရေငွေ့သိမ်းဆည်းမှုနှင့် သက်ဆိုင်ပါသည်။ ညဖက်တွင်မှောင်မိုက်၍ အေးချမ်းလာသောအခါ ကောင်းကင်မှ ကျလာ၍ မြေကြီးပေါ်သို့ သက်ရောက်ပါသည်။ တနေရာမှ ကျလာခြင်း ဖြစ်ပါသည်။ နောက်တနေ့မနက် နေမထွက်မီထိုနေ ရာမှာ လဲလျောင်းနေသော လူငယ်ကလေး တုန်နေသည်ကို တွေ့ရပါသည်။ နေထွက်လာပါစေ။ တောက်နေသည်ကိုကြည့် ပါ။ ပျော်ရွှင်ဖွယ်ရာဖြစ်သည်။ အဘယ်ကြောင့်နည်း။ နေသည်သူထွက်လာသည့်နေရာသို့ပြန်လည်၍ခေါ် မည်ဖြစ်ပါသည်။

ထိုနည်းအတိုင်းပင် ခရစ်ယာန်တစ်ဦးလည်း ဖြစ်ပါသည်။ ဟာလေလုယာ။ ဘုရားသခင်၏ရှေ့တော်သို့ကျွန်တော်တို့ဝင်သွားသောအခါ ကျွန်တော် တို့အထဲမှာရှိသော တစုံတရာကကျွန်တော်ကို တနေရာမှလာကြောင်း ပြောပြပါသည်။ ထိုတန်ခိုးတော်ဖြင့် ကျွန်တော်တို့ပြန်သွားရပါမည်။ ကျွန်တော်တို့အား ဆွဲဆောင်ခြင်းပင် ဖြစ်ပါသည်။

နှင်းပွင့်ကလေးမှာ အရောင်တဖိတ်ဖိတ်နှင့် တောက်ပ၍ ဟစ်အော် နေပါသည်။ အထက်အရပ်မှ သူလာကြောင်းသူသိပါ သည်။ ထိုနေသည်သူအား တဖန်ပြန်လည်၍ ဆွဲဆောင်ပါမည်။

ဘုရားသခင်၏ သွင်ပြင်လက္ခဏာများရှိသောသူ ဘုရားသခင်အားဖြင့်ဖွား မြင်သောသူက သိပါသည်။ ဟာလေလု ယာ၊ သူသည် ဘုရားသားတော်နှင့် အဆက်အသွယ်ရလာသောအခါ တစ်နေ့သောအခါတွင် ဤနေရာမှသူ သည်ဆွဲတင်ခြင်း ခံရပါသည်။ “ငါသည် မြေကြီးမှမြောက်ထားခြင်းခံရသော အခါ လူအများကို ငါ့ထံသို့ဆွဲဆောင်မည်။” အာမင်၊

52 ၅၂။ မေလခိဇေဒက်ကို ကျွန်တော်တို့တွေ့ရ၍ မာရိမှာ သူ၏မိခင်ဘာကြောင့် မဟုတ်ကြောင်း သိရပါသည်။ ထိုအ ကြောင်းကြောင့် ကိုယ်တော်က သူမအား “မိန်းမ” ဟုခေါ်၍ မိခင်ဟု မခေါ်ကြပါ။ “သူမှာ ဖခင်မရှိပါ။” အကြောင်းမှာ သူသည် ဖခင်ဖြစ်သောကြောင့်

ဖြစ်ပါသည်။ ထာဝရဖခင်ပင် ဖြစ်ပါသည်။ တစ်ခုတည်းထဲတွင် ပါဝင်သော သုံးခုပင် ဖြစ်ပါသည်။ "သူမှာ မိခင်မရှိပါ။" အမှန်တစ်ကယ်ပင်မရှိပါ။ သူမှာ ဖခင်မရှိပါ။ အကြောင်းမှာ သူသည် ဖခင်ဖြစ်သော ကြောင့်ပင် ဖြစ်ပါသည်။ တစ်ခါက ကဗျာဆရာတစ်ဦး ပြောခဲ့သကဲ့သို့ပင် ဖြစ်ပါသည်။ သခင်ယေရှုအတွက် ကြီးမားစွာ နှုတ်ခွန်းဆက်သခဲ့ခြင်းပင် ဖြစ်ပါသည်။

ကျွန်ုတော်သည် မောရှေအား မီးတောက်နေသော ခြုံပင်ထဲမှ စကားပြော နေခြင်းပင် ဖြစ်ပါသည်။

ကျွန်ုတော်သည် အာဗြဟံ၏ဘုရားဖြစ်၍ တောက်ပသော မိုးသောက်ကြယ် ဖြစ်ပါသည်။

ကျွန်ုတော်သည် အာလဖနှင့်ဩမေဃဖြစ်၍ အစနှင့်အဆုံးပင် ဖြစ်ပါသည်။

ကျွန်ုတော်သည် ဖန်ဆင်းခြင်း တစ်ခုလုံးဖြစ်၍ ယေရှုသည် နာမ တော်ပင် ဖြစ်ပါသည်။ (မှန်ပါသည်)

ငါသည် မည်သူဖြစ်ကြောင်း သင်ပြောပါသနည်း?

ငါကြွလာသည့်အချိန် မည်သည့်အချိန်ဖြစ်ကြောင်း ဖော်ပြပါ။

ငါ့အဖကို သင်တို့သိပါသလား? သို့မဟုတ်ပါက သူ၏အမည်ကို ပြောပြနိုင် ပါသလား? (ဟာလေလုယာ)

ထိုအရာမှာ ဖခင်၏အမည်ပင် ဖြစ်ပါသည်။ ငါဖခင်၏အမည်သို့ငါလာပါသည်။ သင်က ငါ့ကိုလက်မခံခဲ့ပါ။ ကိုယ်တော်ရှင် သည် မနေ့၊ ယနေ့နှင့် ထာဝရကာလ အတူတူပင် ဖြစ်ပါသည်။

53 ၅၃။ ဤမေလခိဇေဒက်မှာ လူ့ဇာတိကို ခံယူတော်မူပါသည်။ သူကိုယ်သူ ဘုရားသားတော်အဖြစ် ဖော်ပြ၍ကြွလာတော်မူ ပါသည်။ ပရောဖက်အဖြစ်လည်း ဖော်ပြ၍ ကြွလာတော်မူပါသည်။ ပရောဖက်အဖြစ်လည်း ဖော်ပြပါသည်။ သူသည် နာမ(၃)မျိုးဖြင့် ကြွလာတော်မူပါသည်။ သားတော်၊ လူ၏သား၊ ဘုရား၏သား၊ ဒါဝိဒ်၏သားဟူ၍ ဖြစ်ပါသည်။

သူသည် ဤလောကကြီးပေါ်တွင် ရှိနေစဉ်အခါ သူသည်လူသား ဖြစ်ပါ သည်။ သမ္မာကျမ်းစာကို ပြည့်စုံစေရန်အတွက် ဖြစ်ပါသည်။ မောရှေကမိန့်တော်မူသည်မှာ "သင်၏ဘုရားသခင်က ငါကဲ့သို့သော ပရောဖက်ကို ချီးမြှောက်မည်" ဟုဆိုပါ သည်။ ထို့ကြောင့်သူသည် ပရောဖက်အဖြစ် ကြွလာရ ခြင်း ဖြစ်ပါသည်။

"ငါသည် ဘုရားသားတော်ဖြစ်သည်။" ဟုသူက တစ်ခါမှမဆိုခဲ့ပါ။ "ငါသည် လူသားဖြစ်သည်။ လူသားကို သင်တို့ယုံကြည်ကြပါသလား?" ကိုယ်တော်သည် ထိုအတွက် အသေခံရမည် ဖြစ်ပါသည်။ အကြောင်းမှာ သူဖြစ်ခဲ့ခြင်း ကြောင့်ပင် ဖြစ်ပါသည်။

ယခုအခါ သူသည်အခြားသော သားတစ်ဦး၏အမည်ဖြင့် ကြွလာတော်မူပါသည်။ ဘုရားသားတော်ဖြစ်သည်။ မတွေ့မမြင်ရသော ဝိညာဉ်ဖြစ်ပါသည်။

သူတစ်ဖန်ပြန်၍ ကြွလာတော်မူသောအခါ သူသည်ဒါဝိဒ်၏သား ဖြစ်၍ သူ၏ပလ္လင်ပေါ်တွင် ထိုင်နေရပါမည်။

54 ၅၄။ သူသည် ဤနေရာသို့ရောက်လာပြီးလူ့ဇာတိ ခံယူရသောအခါ သူ့အား "လူသား" ဟုခေါ်ဆိုပါသည်။ လူသား၊ ပရောဖက်အဖြစ် ကိုယ်တော်ရှင်က မိမိကိုယ်ကို တစ်လောကလုံးကို အဘယ်ကြောင့် သိစေပါသနည်း။?

တစ်နေ့သောအခါမှာ ကျွန်ုတော်သည် ပေတရုနှင့်အိန္ဒြေအကြောင်း ပုံပြင်တစ်ပုဒ် ပြောပြနေပါသည်။ သူတို့သည် တံငါသည်များဖြစ်ကြ၍ သူတို့၏ ဖခင်ယောနမှာ ယုံကြည်သူကြီးတစ်ဦး ဖြစ်ပါသည်။ တစ်နေ့သောအခါမှာ သူတို့သည် လှေအနီးတွင် ထိုင်နေကြပါသည်။ သူက "သားတို့၊ အဖေတို့ငါး လိုချင်တဲ့အခါမှာ ဘယ်လိုဆုတောင်းခဲ့ကြသလဲဆိုတာ သားတို့သိမှာဘဲ?" ဟုဆိုသည်။ သူတို့မှာ အသက်မွေးဝမ်းကျောင်းအဖြစ် ကူးသန်းရောင်းဝယ် လျှက်ရှိသော တံငါသည်များ ဖြစ်ကြသည်။ ငါတို့အသက်ရှင်ရေးအတွက် ဘုရားသခင်ကို အားကိုးခဲ့ကြတယ်။ အခုတော့ငါလည်း အသက်ကြီးပြီ။ မင်းတို့နဲ့ကြာကြာမနေ နိုင်တော့ဘူး။ ငါဟာအမြဲတမ်းဘဲ တခြားစစ်မှန်တဲ့ ယုံကြည်သူတွေကို မေရှိယပြန်လာမဲ့အချိန်ကို စောင့်မျှော်နေပါတယ်။ မေရှိ ယအတုတွေဘဲ တစ်ချိန်လုံးကြုံနေရတယ်။ ဒါပေမဲ့ တစ်နေ့သောအခါမှာ စစ်မှန်တဲ့မေရှိယ ရောက်လာမှာပါ။ မေရှိယကြွ လာတဲ့အခါမှာ မင်းတို့ကို လှည့်ဖျားမခံရစေချင်ဘူး။ ဒီမေရှိယကတော့ သီဩလော်ဂျီပညာရှင်ဖြစ်မှာ မဟုတ်ဘူး။ သူကတော့ ပရောဖက်ဘဲဖြစ်လိမ့်မယ်။ ငါတို့ရဲ့ပရောဖက် မောရှေနောက်ကို ငါတို့ဆိုသလိုဘဲ ဖြစ်တယ်ဟု သူကပြောသည်။

ဘယ်ယုဒမျိုးမဆို သူ၏ပရောဖက်ကို ယုံကြည်ပါတယ်။ သိဘိုလည်း သွန် သင်ခြင်း ခံရပါတယ်။ ပရောဖက်ဘာဘဲ ပြောပြော မှန်ကန်ပါတယ်။ သို့သော်လည်း ဘုရားသခင်က ပြောပါတယ်။ "သင်တို့အထဲမှာ ဝိညာဉ်လူ(သို့) ပရောဖက်ရှိပါက ငါတို့ကိုယ်တိုင် သူ့အားသိစေပါသည်။ သူပြောသည့်အရာမှာ ပြည့်စုံပါသည်။ သူ့အားကြောက်ရွံ့၍ ရှက်ရပါမည်။ မဟုတ်ပါ က သူ့ အားလုံးဝ ကြောက်ရွံ့မည် မဟုတ်တော့ပါ။" ပရောဖက်၏ဖော်ပြချက်ပင် ဖြစ်ပါသည်။

55 ၅၅။ မောရှေမှာ အမှန်တစ်ကယ် ဖော်ပြခြင်းခံရသော ပရောဖက် ဖြစ်ပါသည်။ သူက "သင်၏ဘုရားသခင်က သင်တို့အကြားတွင် ပေါ်ထွက်ပါမည်။ ငါကဲ့ သို့သော ပရောဖက်ပင် ဖြစ်ပါသည်။" သူ့အား နာခံမှုမရှိသောလူသည် လူအများ နှင့် ဖြတ်တောက်ခြင်းခံရပါမည်ဟု သူကပြောပါသည်။ "ကလေးများ သတိရရန်မှာ ဟေဗြဲလူများကဲ့သို့ပင် ဖြစ်ပါသည်။ ဘုရားသခင်ဖော်ပြထားသော ပရောဖက်များပင် ဖြစ်ပါသည်။ သေသေချာချာ နားထောင်ပါ။ မလွဲမှားပါစေနှင့်။ သူကပြောပါ သည်။ မေရှိယကြွလာတော်မူသောအခါ သင်က သူ့အားသိပါသည်။ သူသည် ပရောဖက်မေရှိယပင် ဖြစ်ပါသည်။ နှစ်ပေါင်း(၄၀၀)ရှိသွားပြီ ဖြစ်ပါသည်။ မာလခိလက်ထက်မှစ၍ ပရောဖက်

မရှိခဲ့ပါ။ သို့သော်လည်း သူဖြစ်ပါလိမ့်မည်။ တနေ့သောအခါမှာ သူသေဆုံးပြီးနောက် နှစ်အနည်းခန့်အကြာတွင် သူ၏ သားအခြွေက မြစ်ကမ်းတစ်လျှောက် လမ်း လျှောက်၍ လာခဲ့ပါသည်။ တော ၌ဟစ်ကြော်သော တောသားတစ်ဦး၏အသံကို OMI ကားရပါသည်။ ”ထိုမေရှိယကို သင်တို့အလယ်တွင် ယခုရပ်နေပါသည်ဟုဆိုသည်။ တောထဲတွင် ကြီးပြင်းလာရသော ထိုသိမ်းငှက်ကြီးက ပျံသန်း၍ပြောဆိုပါသည်။“ မေရှိယသည် သင်တို့အလယ်တွင် ယခုပင်ရှိနေပါသည်။ သူ့အားကျွန်ုပ်တို့မသိ ရသေးပါ။ သို့သော်လည်း သူသည် သင်တို့အလယ်တွင် ရပ်နေပါသည်။ ကိုယ်တော်အားဖြင့် ကျွန်တော်တို့သိရပါလိမ့်မည်။ အကြောင်းမှာ ကောင်းကင်မှ နိမိတ်လက္ခဏာကို ကျွန်တော်တို့တွေ့ရပါလိမ့်မည်။

တနေ့သောအခါ ကိုယ်တော်ရှင်မိန့်တော်မူသည်မှာ “တလောကလုံး၏ အပြစ်ကိုခံဆောင်သွားသော ဘုရားသခင်၏ သိုးငယ်” ဟုဆိုပါသည်။

သူ၏အစ်ကိုကို ရှာရန်အတွက် အဝေးသို့သူထွက်သွားပါသည်။ သူက “ရှိမုန်၊ သင့်အားဤနေရာသို့လာစေလိုပါ သည်။ ကျွန်ုပ်တို့မှာ မေရှိယကို တွေ့ခဲ့ရပါပြီ” ဟုဆိုသည်။ “ဆက်လက်၍လုပ်ကိုင်ဆောင်ရွက်ပါ။ အိန္ဒြေ၊ သင်က ထိုထက်ပို၍သိပါသည်။

“အို ကျွန်ုပ်သိပါသည်။ သို့သော်လည်း ဤလူသားမှာ တမူထူးခြားပါသည်”

“သူယခုဘယ်မှာရှိပါသနည်း။? သူဘယ်ကလာပါသနည်း ?”

“နာဇရက်မြို့သားယေရှုဖြစ်ပါသည်။”

“အဲဒီမြို့ယုတ်ကလေးလား? ဘာကြောင့်လဲ? အဲဒီမြို့သိမ်မြို့ယုတ်ကလေးကနေ သူရောက်လာတာ ဘယ်လိုမှမဖြစ် နိုင်ဘူး”

“မင်းလာပြီးတော့ ကြည့်ပါ”

တနေ့သောအခါမှာ သူ့အားတိုက်တွန်း၍ ရောက်လာသောအခါ ဤမေရှိယ ၏ရှေ့သို့ရောက်လာပါသည်။ သခင်ယေရှုက မတ်တပ်ရပ်၍ လူများကို စကားပြောနေကြောင်း တွေ့ရပါသည်။ ကိုယ်တော်ရှင်၏ရှေ့တော်သို့ရောက်သောအခါ ကိုယ်တော်က “သင်၏အမည်မှာ ရှိမုန်ဖြစ်သည်။ ယောန၏ သားဖြစ်သည်” ဟုဆိုပါသည်။ နိုင်ငံတော်၏သော့များ သူ့အ ထဲမှာရှိပါသည်။ အဘယ်ကြောင့်နည်း? ကိုယ်တော်ရှင်က သူ့အားမသိဟု သူထင်မြင်ယူဆခဲ့ ပါသည်။ သူကိုယ်တော်အား မည်ကဲ့သို့သိပါသနည်း? ထိုဘုရားကို သိသော သူ၏ဖခင်အို ကြီးမှာ မေရှိယအားယုံကြည်ရန် သူ့အား သွန်သင်ပေးခဲ့သူပင် ဖြစ်ပါသည်။

56 ၅၆။ ဖိလိပ္ပုအမည်ရှိသော သူတစ်ဦးရပ်နေသည်ကို တွေ့ရပါသည်။ သူ့အ မှန်တစ်ကယ်ပင် စိတ်လှုပ်ရှားနေပါသည်။ သူကနောက်ထပ်လူတစ်ဦးကို သိပါသည်။ သူသည် သမ္မာကျမ်းစာကို လေ့လာနေပါသည်။ သူသည်တောင် ကုန်းကိုပတ်၍ သွားပါသည်။ သူ၏သံလွင်ခင်းများကြားတွင် တွေ့ရပါသည်။ သူသည် ဒူးထောက်၍ ဆုတောင်းနေပါသည်။ သမ္မာကျမ်းစာ သင်ခန်းစာ များအတူတကွ လေ့လာခဲ့ကြပါသည်။ ထိုနေရာမှ သူထွက်လာပါသည်။ ဆုတောင်းပြီးနောက်ပိုင်းမှာ “လာကြည့်ပါ။ ကျွန်တော်တို့မည်သူကို တွေ့ရပါသနည်း? နာဇရက်မြို့သား ယေရှုပင် ဖြစ်ပါသည်။ ယောသပ်၏သားဖြစ် ပါသည်။ ကျွန်တော်တို့စောင့် စားနေသော မေရှိယပင် ဖြစ်ပါသည်။”

နာသနေလပြောသောစကားကို ကျွန်တော်တို့ကြားရပါသည်။ “ဖိလိပ္ပိ၊ မင်းဟာ ပို၍နက်နဲသောနေရာကို မရောက် သေးဘူး မဟုတ်ပါလား?”

ကျွန်တော်ပြောပါရစေ။ သမ္မာကျမ်းစာကို ကျွန်တော်တို့အတူတကွ လေ့လာ ကြပါသည်။ မေရှိယ မည်သူဖြစ်မည်ဟု ပရောဖက်က ပြောပါသနည်း?

“သူသည် ပရောဖက် ဖြစ်ပေမည်။”

“ခင်ဗျား ငါးဝယ်သည့် တံငါအိုကြီးကို မှတ်မိပါသလား? သူ၏အမည်ကို လက်မှတ်ထိုးနိုင်လောက်အောင်ပင် ပညာမတတ်ကြပါ။ ရှိမုန်ပင် ဖြစ်ပါသည် မဟုတ်ပါလား။?”

“ဟုတ်ပါတယ်”

သူတက်လာပါသည်။ သင်ဘာသိပါသနည်း? ဤနာဇရက်မြို့သား ယေရှုက သူ၏အမည်မှာ ရှိမုန်ဖြစ်သည်ဟု ပြောပါသည်။ ပေတရုဟု အမည်ပြောင်း ထားပါသည်။ “ကျောက်တုံးကလေး” ပင်ဖြစ်ပါသည်။ သူ၏ဖခင်မှာ မည်သူ မည်ဝါဖြစ်ကြောင်း သူ့အားပြောပြပါသည်။

သူက “ကျွန်တော်မသိပါ။ နာဇရက်မြို့မှ ကောင်းသောအရာ မပေါ်ထွက်လာနိုင်ပေဘူးလား?”

သူက “ထိုအကြောင်းကို မပြောဘဲနေကြပါစို့။” လာပြီးကြည့်ပါ။ ကောင်းသောအတွေးအခေါ်ပင် ဖြစ်ပါသည်။ “လာပြီးကြည့် ပါ” ဟူ၍ဖြစ်သည်။

ဖိလိပ္ပုရောက်လာပြီး နာသနေလကို ခေါ်လာပါသည်။ သူရောက်သွားသောအခါ သခင်ယေရှုမှာ မတ်တပ်ရပ်၍ စကားပြောနေပါသည်။ ဆုတောင်းခံရန် တန်းစီစေပြီး ရောဂါဖြစ်နေသူများကို ဆုတောင်းပေးပါသည်။ သခင်ယေရှုရှိ သောနေရာသို့သူတက်လာသောအခါ လှည့်ပတ်၍ သခင်ယေရှုက သူ့အား ကြည့်နေပါသည်။ “ကောက်ကျစ်စဉ်းလဲမှု မရှိ သော ဣသရေလအမျိုးသား ဖြစ်ပါသည်။” ဟု သူကပြောပါသည်။

57 ၅၇။ ယခုသင်ပြောတယ်။ "ကောင်းပြီ သူသည်လမ်းခရီးဖြစ်သည်။ စံနစ်တကျ ဝတ်ဆင်ထားသည်။" အရှေ့တိုင်းသား အားလုံး၏ အဝတ်အစားသည် တူညီကြပါသည်။ သူသည် ဆီးရီးယား ( Sυμcam ) လူမျိုးဖြစ်သည်။ (သို့)ထိုအုပ်စုမှ တမျိုး မျိုးဖြစ်သည်။ မုတ်ဆိတ်မွေးနှင့်ခြုံထည်ပါရှိသည်။

နာသနေလကို ထိုနည်းဖြင့် နှိမ့်ချခြင်းပင် ဖြစ်ပါသည်။ သူက "ရဗ္ဗိ (အဓိပ္ပါယ်မှာ ဆရာဖြစ်သည်။) ကိုယ်တော်ကျွန်တော့်ကို ဘယ်အချိန်က သိပါသနည်း။? ကျွန်တော်သည် ယုဒဖြစ်ကြောင်း ကိုယ်တော်မည်သို့သိပါသနည်း? ကျွန်တော်သည် ဖြောင့်မတ်ခြင်းရှိ၍ အပြစ်ကင်းစင်ကြောင်း ကိုယ်တော်မည်သို့သိပါသနည်း? ဟုမေးသည်။

ကိုယ်တော်က ပြောပါသည်။ ဖိလိပ္ပုသင့်ကို မခေါ်မီ သင်သည် သစ်ပင်အောက်တွင် ရှိနေစဉ်ကတဲက ကျွန်တော် သင့်ကို တွေ့ပါသည်။" (၁၅)မိုင်ခန့် ဝေးကွာပါသည်။ အခြားတစ်ဖက်ကမ်းတွင် ဖြစ်ပါသည်။ ယမန်နေ့က ဖြစ်ပါသည်။

သူကဘာပြောပါသနည်း။? "ရဗ္ဗိ သင်သည် ဘုရားသခင်၏သားတော်ဖြစ် ပါသည်။ သင်သည် ဣသရေလနိုင်ငံ၏ ဘုရင်ဖြစ်ပါသလား?"

58 ၅၈။ ထိုယဇ်ပရောဟိတ်မှာ ထိုနေရာမှာ ရပ်နေပါသည်။ မိမိတို့၏ပုံစံ၊ မိမိတို့၏ အလေ့အထအတိုင်း ရှိနေပါသည်။ "ဤသူမှာ ဗေလဇေဗုလဖြစ်၍ အနာဂတ်ကို ကြိုတင်ဟောပြောနိုင်သူ ဖြစ်သည်။" ဟု ဆိုပါသည်။

သခင်ယေရှုက "ထိုအရာအတွက် ကျွန်တော်သင့်ကို ခွင့်လွှတ်မည်" ဟုဆိုပါသည်။

သူတို့ဘယ်သောအခါမှ ကျယ်လောင်စွာ မပြောကြပါ။ သူတို့၏ နှလုံးသားများထဲမှာပင် ပြောကြပါသည်။ သူတို့၏နှလုံးသား များကို ကိုယ်တော်က သိပါသည်။ "မှန်ပါသည်" သမ္မာကျမ်းစာ ဖေါ်ပြသည့်အတိုင်းပင် ဖြစ်ပါသည်။ သင်ခေါ်လိုပါက တယ်လီပသီဟုခေါ်ပါ။ သို့သော်လည်း ကိုယ်တော်က သူတို့၏အတွေးများကို သိမြင်နားလည်ပါသည်။

ကိုယ်တော်ကဆိုပါသည်။ "ထိုအရာအတွက် ကျွန်တော်သင့်ကို ခွင့်လွှတ်ပါမည်။ သို့သော်လည်း တစ်နေ့သောအခါတွင် သန့်ရှင်းသောဝိညာဉ်တော် ကြွလာတော်မူပါမည်။ ထိုအလားတူအရာကိုပင် ပြုလုပ်ပါမည်။" ကိုယ်တော်ရှင် သွားပြီးနောက် ဖြစ်ပါမည်။ "နှုတ်ကပတ်တော်ကို ၎င်းနှင့်ဆန့်ကျင်၍ ပြောပါ။ ဤလောကတွင် ဘယ်တော့မှ မေ့စရာအကြောင်း မရှိတော့ပါ။ နောင်ဘဝအတွက်လည်း မရှိပါ။" မှန်ပါသလား? (ပရိသတ်က "အာမင်" ဟုပြောသည်- အယ်ဒီတာ) ၎င်းတို့မှာ ဂျူးများဖြစ်ပါသည်။

တစ်နေ့သောအခါမှာ သူသည် ရှမာရိမြို့သို့သွားရန် ဖြစ်လာပါ သည်။ သို့သော်လည်း ထိုသို့မပြုလုပ်မီမှာပင် အမျိုးသမီးတစ်ဦးကို တွေ့ပါသည်။ သို့မဟုတ်ပါက ....

59 ၅၉။ လုပခြင်းဟူသော ဂိတ်ကိုဖြတ်ကျော်၍ သွားသောအခါ လူတစ်ဦးမှာ အနာရောဂါငြိမ်းခွင့် ရခဲ့ပါသည်။ သခင်ယေရှုက သူ၏အခြေအနေကို သိပါသည်။ "သင်၏အိပ်ယာကိုယူ၍ အိမ်ပြန်သွားပါ။" ဟုဆိုသည်။ သူကလည်း ထိုသို့ပြုလုပ်ခဲ့သဖြင့် ကျန်းမာခွင့် ရသွားပါသည်။

ကျွန်တော်တို့တွေ့ရှိရသည်မှာ ယုဒများမှာ အချို့တို့က ကိုယ်တော်ရှင်ကို လက်ခံကြပါသည်။ အချို့တို့က ယုံကြည်ကြပါသည်။ အချို့တို့က မယုံကြည်ကြပါ။ သူတို့ဘာကြောင့် မယုံကြည်ကြပါသနည်း? အသက်တာအတွက် ဘိသိတ်ပေးခြင်း မခံရသောကြောင့် ဖြစ်ပါသည်။ ထိုအတိုင်းအတာတွင် သူတို့တစ်စိတ်တစ်ဒေသအဖြစ် မပါဝင်သော ကြောင့်ပင် ဖြစ်ပါသည်။

သူတို့သည် ယဇ်ပရောဟိတ်များနှင့် ကြီးမြတ်သောပုဂ္ဂိုလ်များဖြစ် ကြပါသည်။ သခင်ယေရှုမှာ.... ထိုသီသြော်လော်ဂျီ ပညာရှင်များနှင့် ယဇ်ပုရောဟိတ်များကို စဉ်းစားကြည့်ပါ။ သူတို့အသက်တာတွင် အပြစ်အနာအဆာ ဘာမှမရှိခဲ့ပါ။ သခင်ယေရှုက "သင်သည် သင်၏အဖနတ်ဆိုးနှင့် ဆိုင်သည်။ သူ၏အလုပ်များကို သင်လုပ်သည်။" ဟုဆိုပါသည်။ "သင်သည် ဘုရားသခင်နှင့်ဆိုင်ပါက သင်ကျွန်ုပ်ကို ယုံကြည်ပါမည်။ သင်ကျွန်ုပ်ကို မယုံကြည်နိုင်ပါက .... ကျွန်ုပ်ပြုသော အမှုများကို ယုံကြည်ပါ။ ငါသည် မည်သူဖြစ်သည်ကို သူတို့သက်သေခံပါမည်။"

60 ၆၀။ သမ္မာကျမ်းစာဆိုသည်မှာ "သခင်ယေရှုသည် မနေ့၊ ယနေ့နှင့်ထာဝရ ကာလအတူတူပင် ဖြစ်ပါသည်။" သခင် ယေရှုက "ငါပြုသောအမှုတို့ကို ငါ့အားယုံကြည်သောသူများကလည်း ပြုကြမည်။ ဟုဆိုပါသည်။ မှန်ပါသလား? စစ်မှန်သော မေလခိဖေဒက်ပင် ဖြစ်ပါသည်။

တစ်ဖန်ပြန်လည်၍ သတိထားကြည့်ကြပါဦး။ လူသုံးမျိုးသုံးစားသာရှိပါသည်။

ကျွန်တော်သည် ခွဲခြားတတ်သူဟုပြောကြောင်း ခင်ဗျားကြားဘူး ပေမည်။ ဟုတ်ပါသည်။ ခရစ်ယာန်များအားလုံးမှာ ခွဲခြားတတ်သူများ ဖြစ်ကြပါသည်။ အရောင်အဆင်းခွဲခြားခြင်းမဟုတ်ပါ။ ဝိညာဉ်ရေးရာခွဲခြားခြင်းပင် ဖြစ်ပါသည်။ လူတစ်ဦး၏ အသားအရောင်ခွဲခြားမှုနှင့်ပတ်သက်၍ သူ့ကိုဘာ မှ မလုပ်နိုင်ပါ။ မွေးကတည်းက သူသည် ဘုရားသား ဖြစ်ခွင့်ရပါသည်။ သို့သော်လည်း ခရစ်ယာန်အတွက် ဘုရားသခင်က "ငါ့အားခွဲခြားထားပါ" ဟုဆိုပါသည်။ "သူတို့အထဲမှ ထွက်လာပါ" ဟုဆိုကြပါသည်။ သူသည်ခွဲခြား တတ်သူဖြစ်သည်။ အမှားအမှန် ခွဲခြားတတ်သည်။ ညစ်ညူးမှုကိုလည်း ခွဲခြားတတ်ပါသည်။

၎င်းတို့မှာ ကွဲပြားမှုထိုစဉ်ကတည်းက ရှိပါသည်။ လူမျိုးရေး ကွဲပြားမှုဖြစ် ပါသည်။ ရှမာရိအမျိုးနှင့် ကွဲပြားမှုပင် ဖြစ်ပါသည်။

ကမ္ဘာပေါ်တွင် လူမျိုးကြီး (၃)မျိုးသာ ရှိပါသည်။ သမ္မာကျမ်းစာကို ယုံကြည်ပါက ၎င်းတို့မှာ ရှေမ၊ ဟာမနှင့်ယာဖက် တို့ ဖြစ်ကြပါသည်။

သူတို့သည် နောဧ၏သား(၃)ဦးပင် ဖြစ်ပါသည်။ ကျွန်တော်တို့အားလုံး ထိုအမျိုးအနွယ်မှ ပေါက်ပွားလာကြပါသည်။ မှန်ပါသည်။ ကျွန်တော်တို့အားလုံး အာဒံမှ ဆင်းသက်လာကြပြီး ညီအစ်ကိုများ ဖြစ်ကြပါသည်။ အသွေးအသား ဖြစ်သည်။ လူမဲက လူဖြူကို သွေးသွင်းပေးနိုင်သည်။ လူဖြူကလည်း လူမဲကို သွေးသွင်းပေးနိုင်ပြန်ပါသည်။ လူဖြူက ဂျပန်၊ လူဝါ(သို့)အိန္ဒိယသို့မဟုတ် ယာဖက်အနွယ်ဝင် ဘယ်သူကိုဖြစ်ဖြစ် သွေးသွင်းပေးနိုင်ပါသည်။ အကြောင်းမှာ သွေးတစ်မျိုးတည်း ဖြစ်သောကြောင့် ဖြစ်ပါသည်။ အသားအရောင်၊ နေထိုင်သည့်နေရာနှင့်ဘာမှ မဆိုင်ပါ။

သို့သော်လည်း ကျွန်တော်တို့မှာ လူတန်းစားခွဲခြားမှုရှိပါက လောကကြီးမှ ခွဲထွက်လာချိန် ဖြစ်ပါသည်။ အီဂျစ်နိုင်ငံမှ အစ္စရေးကို ထုတ်ယူခဲ့စဉ်က ကဲ့သို့ဖြစ်ပါသည်။ လောကအရာများနှင့် ကျွန်တော်တို့ကွဲပြားနေရစဉ်အ ချိန် ဖြစ်ပါသည်။

61 ၆၁။ သူတို့သည် ဟာမ၊ ရှေမနှင့်ယာဖက်တို့၏ လူများဖြစ်ကြပါသည်။ ကျွန်တော်တို့မျိုးရိုးတွက်ချက်ပါက Anglo-Saxan များကို တွေ့မြင်နိုင်ပါသည်။ သူတို့ ၏မျိုးစဉ်ကို တွေ့ရပါသည်။ ဂျူးရှိပါသည်။ .... ရှမာရိမှာ ဂျူးနှင့်တပါး အမျိုးသားကပြား ဖြစ်ပါသည်။ တပါးအမျိုးသားတို့၏ ဗာလမ်အပြုအမူ များနှင့် မောဘတို့ပေါင်းစပ်ခြင်းပင် ဖြစ်ပါသည်။ သူတို့မှာ ရှမာရိများ ဖြစ်ကြပါသည်။ ဂျူးနှင့်တပါးအမျိုးသားများ ရှိကြပါသည်။

Anglo-Saxan တို့မှာ ၎င်းနှင့်ဘာမှမဆိုင်တော့ပါ။ ကျွန်တော်တို့မေရှိယကို မယုံကြည်ပါ။ ဘာမှအယုံအကြည်မရှိပါ။ တစ်ဦးကိုမှလည်း စောင့်မျှော် ခြင်းမရှိပါ။ နောက်ပိုင်းမှ ကျွန်တော်တို့ရောက်လာရခြင်းပင် ဖြစ်ပါသည်။

ယေရှုက သူ၏လူမျိုးများထံသို့ရောက်လာခြင်း ဖြစ်ပါသည်။ သူ၏ လူများက သူကိုလက်ခံခြင်းမရှိပါ။ သူ၏တပည့် တော်များကို သူက "တပါးအမျိုးသား များကဲ့သို့မသွားပါနှင့်။ ဣသရေလ၏ ပျောက်သောသိုးများ ထံသို့သာသွားပါ" ကိုယ်တော်သည် ဣသရေလ၏ပျောက်သောသိုးများထံသို့သာ သွားပါသည်။ သူသည် မိမိကိုယ်ကို လူသားအဖြစ်သာ ဖော်ပြခဲ့ခြင်း ဖြစ်ပါသည်။ ဂျူးများအတွက်ဖြစ်သော်လည်း သူတို့က ငြင်းပယ်ခဲ့ပါသည်။

ရှမာရိတို့က ဂျူးနှင့်တပါးအမျိုးသား ကပြားဖြစ်၍ ယုံကြည်ခြင်း ရှိပါသည်။ မေရှိယကို စောင့်မျှော်နေကြပါသည်။

ကျွန်တော်တို့က မဟုတ်ပါ။ ကျွန်တော်တို့မှာ ဘုရားကိုမသိသောသူများ ဖြစ်ကြပါသည်။ ကလပ်များရှိကြပြီး ရုပ်တုကိုးကွယ်ကြပါသည်။ တပါးအမျိုးသားများ ဖြစ်ကြပါသည်။

62 ၆၂။ တစ်နေ့သောအခါမှာ (ယော ၄)တွင် သူကရှမာရိမြို့သို့ဖြတ်သွားပါသည်။ ယေရိခေါမြို့သို့သွားရာလမ်းသို့သွားပါသည်။ ရှမာရိမြို့နားတစ်ဝိုက်သို့ပြန်တက်သွားပါသည်။ သူသည်အပေါ်သို့ပြန်တက်သွားသောအခါ သူသည် Sychar အမည်ရှိ မြို့ကြီးတစ်မြို့၏ အပြင်ဖက်ရေတွင်းတွင် ထိုင်နေပါသည်။ ရေတွင်းအနီးသို့သင်ရောက်ဘူးပါက တွင်းမှာတွင်းငယ် ကလေးတစ်တွင်းသာ ဖြစ်ပါသည်။ အများသုံးစမ်းရေတွင်းလေးလည်း ရှိပါသည်။ သူတို့အားလုံးလာကြသောနေရာ ဖြစ်သည်။ အမျိုးသမီးများ မနက်စောစော ရေလာ ခပ်ကြပါသည်။ ခေါင်းပေါ်တွင် ရေအိုးတစ်လုံးရွက်၍ ကျန်ရေအိုးတစ်လုံးမှာလည်း ခါးစောင်း တင်လျှက် ထားပါသည်။ ရေတစ်စက်မှ မဖိတ်အောင် လျှောက်လှမ်းသွား ကြပါသည်။ တစ်ဦးနှင့်တစ်ဦး စကားတစ် ပြောပြောဖြင့် သွားကြသည်။ လူများလည်း မြို့ထဲမှ ထွက်လာကြပါသည်။

ဤအချိန်မှာ နေ့အချိန်(၁၁)နာရီခန့် ဖြစ်ပါသည်။ ကိုယ်တော်ရှင်က သူ၏ တပည့်တော်များအား မြို့ထဲသို့စေလွှတ်သည်။ အစားအသောက် ဝယ်ရန်အတွက် ဖြစ်ပါသည်။ သူတို့သွားကြစဉ်အခါမှာ ....

63 ၆၃။ မကောင်းသောအမျိုးသမီးတစ်ဦး ရှိနေပါသည်။ ပြည့်တန်ဆာဟု ခေါ်ဆိုရပေမည်။ သူမမှာ ခင်ပွန်းများစွာရှိပါသည်။ သခင်ယေရှုက ထိုနေရာမှာ ထိုင်နေစဉ်အခါ ဤအမျိုးသမီးရောက်လာပါသည်။ (၁၁)နာရီအချိန်ခန့် ဖြစ်ပါသည်။ မနက်စောစော အပျိုတစ်စုနှင့်သူမလာနိုင်ပါ။ မနက်ရေခပ်ချိန်မှာ မရောက်ဘဲ အားလုံးပြီးသွားသည့်အထိ စောင့်ရပါသည်။ .... ယခုအ ချိန်ကဲ့သို့ရောယှက်၍ မနေနိုင်ပါ။ သူမမှာ အမှတ်အသားရှိပါသည်။ ရေခပ်ရန် သူမထွက်လာပါသည်။ ရေခပ်ရန် ထွက်လာပြီး ရေပုံးဖြင့် ရေငင်ပါသည်။

တစ်စုံတစ်ယောက်သောသူ၏အသံကို သူမကြားရပါသည်။ "အမျိုးသမီး ကျုပ်အတွက် ရေယူလာပါ။" မေလခိဇေ ဒက်ပင် ဖြစ်ပါသည်။ သခင်ယေရှု ပင်မနေက ဖြစ်ပါသည်။ လူသားဖြစ်သည်။

သူမလှည့်ပတ်၍ ကြည့်လိုက်သောအခါ ဂျူးအမျိုးသားတစ်ဦးကို တွေ့ရသည်။ သူမက "ဂျူးတစ်ဦးအနေနှင့် ရှမာရိအမျိုး သမီးကို တစ်စုံတစ်ခု မတောင်းဆို သင့်ပါ။ ကျမသည် ရှမာရိအမျိုးသမီးဖြစ်သည်။ ရှင်က ကျမကိုစကား မပြောသင့်ပါဘူး။ ဤကဲ့သို့ ရှင်မတောင်းသင့်ပါဘူး။ ကျမတို့ တစ်ဦးနှင့် တစ်ဦး စကားမပြောသင့်ကြပါ။" ဟုဆိုသည်။

ကိုယ်တော်ရှင်က သင်စကားပြောနေသူမှာ မည်သူဖြစ်ကြောင်း သင်သိပါက သင်ကျွန်တော့်ကို ရေသောက်ရန် တောင်းခံမည် ဖြစ်ပါသည် ဟုပြောသည်။

သူမက "မည်ကဲ့သို့ရေခပ်မည်နည်း? ရေတွင်းမှာ နက်လှပါသည်။ ရေခပ်ဘို့ရန်လည်း သင့်မှာ ဘာမှမရှိပါ။" ဟုဆိုသည်။ ကိုယ်တော်ရှင်က "ကျွန်တော်ပေးသောရေမှာ အသက်ရေ ဖြစ်ပါသည်။ ထာဝရအသက်ကို ရစေသော အသက်ရေပင် ဖြစ်ပါသည်။" ဟုဆိုသည်။

သူက သူမကိုစကားပြော၍ နောက်ဆုံးသူမ၏ အခြေအနေကို နားလည်သွားပါသည်။ သူမကို ကိုယ်တော်ဘာ ပြောကြောင်း

ဘာပြောကြောင်း ကြည့်ပါ။ "သင့်ယောက်ျားကို သွားခေါ်၍ ပြန်လာပါ။" ဟုကိုယ်တော်ကဆိုသည်။

ထိုအမျိုးသမီးနှင့် ယဇ်ပရောဟိတ်များအကြား ကွာခြားချက်ကို ကြည့်ပါ။ ထိုယဇ်ပရောဟိတ်အုပ်စုက ဘုရားကိုသိ သည်ထက် သူမက ပို၍သိပါသည်။

64 ၆၄။ သူမဆိုသည်မှာ "သင်သည်ပရောဖက်ဖြစ်ကြောင်း ကျမသိပါသည်။ နှစ်ပေါင်း(၄၀၀)အတွက် ကျွန်တော်တို့မှာ ပရောဖက်တစ်ပါးမှ မရှိခဲ့ပါ။ ယခုအခါ မေရှိယကြွလာတော်မူမည်အကြောင်း ကျွန်တော်တို့သိကြရပါသည်။ မေရှိယကြွလာ တော်မူသောအခါ သူဘာလုပ်မည်ကို သိရပါသည်။" မေရှိယ၏လက္ခဏာပင် ဖြစ်ပါသည်။ အကြောင်းမှာ သူသည် လူသားဖြစ် သောကြောင့် ဖြစ်ပါသည်" သူကြွလာတော်မူသောအခါ ကိုယ်တော်ဘာပြုလုပ် နိုင်မည်နည်း? သင်သည် ကိုယ်တော်၏ ပရောဖက်ပင် ဖြစ်ရပါမည်။

ကိုယ်တော်ရှင်က "ငါပင်ဖြစ်သည်" ဟုဆိုပါသည်။ မည်သူမျှ ထို သို့ မပြောနိုင်ပါ။

သူမသည် ရေအိုးကိုချ၍ မြို့ထဲသို့ပြေးသွားပါသည်။ "လာကြည့်ပါ" ကျမဘာလုပ်သည်ကို ပြောပြနိုင်သူဖြစ်ပါသည်။ ထိုမေရှိယပင်ဖြစ်သည် မဟုတ်ပါလား?

တပါးအမျိုးသားခေတ်ကာလ အဆုံးနားရောက်သည့်အခါ အလားတူအရာကိုပင် ပြုလုပ်ရန်ကိုယ်တော်ရှင် ဂတိပေး တော်မူသည်မဟုတ်ပါလား?

ယုဒတို့မှာ ထိုမေရှိယကို စောင့်မျှော်ရန်အတွက် နှစ်ပေါင်း (၄၀၀၀) ခန့်ကြာ ရှည်ခဲ့ပါသည်။ ကိုယ်တော်ရှင်ကြွလာ တော်မူမည့်အကြောင်း၊ သူဘာလုပ်မည့်အကြောင်း ဖေါ်ပြပါသည်။ သူတို့မှာ ကိုယ်တော်ရှင်ကို မမှတ်မိကြဘဲ ကိုယ်တော်မှန်း မသိကြပါ။ သမ္မာကျမ်းစာအားဖြင့် မိမိကိုယ်ကိုသိစေရန် ပြောဆိုသောအခါ သီအိုဖိနစ်ဖြစ်၍ အတွေးသမားဖြစ်လာပြီး သူတို့နှင့်အတူ ကျိန်းဝပ်တော်မူပါသည်။ သူတို့ကို သူတို့ထိုအရာကို တွေ့မြင်နိုင်ရန်အတွက် မျက်စိမပွင့်လင်းကြဘဲ သူ၏အလုပ်ကို နတ်ဆိုး၏အလုပ်များ ဖြစ်သည်ဟု ဆိုကြပါသည်။

65 ၆၅။ ယခုအခါ သွန်သင်ခြင်းနှင့်ပတ်သက်၍ နှစ်ပေါင်း(၂၀၀၀)ခန့်အကြာ ကျွန်တော်တို့သွန်သင်ခြင်းခံခဲ့ရပြီး ဖြစ်ပါသည်။ ရောမကာသိုလိပ်အသင်းတော် တလျှောက်ဆင်းသက်လာရပြီး တမန်တော်များမှတစ်ဆင့် ဆင်းသက်လာ ခြင်း ဖြစ်ပါသည်။ ကက်သလစ်အသင်းတော်မှတစ်ဆင့် ဂရိစသည်ဖြင့် ဆင်းသက်လာပါသည်။ လူသား၊ ဝက်စလီ စာအုပ်ဖြင့် ဂိုဏ်းဂဏရာ ပေါင်း များစွာ ဆင်းသက်လာပါသည်။ သူတို့မှာ ဤခေတ်ကာလတစ်လျှောက်လုံး သွန်သင်ခဲ့ရခြင်း ဖြစ်သည်။

ယခုအခါ သူဂတိပေးတော်မူပါသည်။ နောက်ဆုံးသောကာလ ရောက်မလာ မီ သောဒုံမြို့နှင့်ဂေါမောရမြို့တို့၏ ပုံသဏ္ဍာန်ပေါ်ပေါက် လာပါသည်။ လူသားသည် မိမိကိုယ်ကို တစ်ဖန်ထပ်မံ၍ ဖေါ်ပြဦးမည်ဖြစ်ပါသည်။ (တိပ်သားပေါ်တွင် ကွက်လပ်ဖြစ်နေပါသည်။ -အယ်ဒီတာ) ခဏကြာသောအခါ ကမ္ဘာလောကကြီးက ငါ့ကိုလုံးဝတွေ့မြင်တော့မည် မဟုတ် ပါ။ သို့တိုင် သင်တို့သည် ငါ့ကိုတွေ့ကြလိမ့်မည်။ အကြောင်းမှာ ငါသည် ကပ်ကမ္ဘာကုန်ဆုံးသည့်တိုင်အောင် သင်တို့နှင့်အတူ ရှိမည်ဟု ဆိုထားပါ သည်။ "ငါ" ဟူသောနာမ်စားကို သုံးထားပါသည်။ ကိုယ်တော်ရှင်သည် မနေ့၊ ယနေ့နှင့်ထာဝရကာလ အတူတူပင် ဖြစ်ပါသည်။

ရှမာရိအမျိုးဆိုသည်မှာ ယမန်နေ့ညက ကျွန်တော်၏တရားဟောချက်အရ ဟဂ္ဂဲ ဖြစ်ပါသည်။ ပြောင်းလဲပြီးသားပုံစံ ဖြစ်ပါ သည်။ ယုဒလူမျိုးမှာ စာရာ လူမျိုး ဖြစ်ပါသည်။ တပါးအမျိုးသားမှာ ....အားဖြင့် ဖြစ်ပါသည်။ တော်ဝင်မျိုးစေ့မှာ အာဗြဟံ၏ မျိုးစေ့ပင် ဖြစ်ပါသည်။

66 ၆၆။ နောက်ဆုံးသောနေ့ရက်များတွင် ဂတိတော်ရှိသည်မှာ ဤဘုရားသခင်သည် ခရစ်တော်ပင်ဖြစ်၍ တစ်ဖန်ပြန်လာ မည်ဖြစ်ပြီး မိမိကိုယ်ကို လူသား အဖြစ်ဖေါ်ပြမည် ဖြစ်ပါသည်။

အဘယ်ကြောင့်နည်း? သူသည် မနေ့၊ ယနေ့နှင့် နောင်ထာဝရကာလအတူ တူပင် ဖြစ်ပါသည်။ ယုဒတို့ကျော်သွား၍ မေရှိယလက္ခဏာကို ပြသပြီး တပါးအမျိုးသားတို့၏ သွန်သင်ချက်များ ဆုံးခန်းတိုင်ရောက်သွားသောအခါ ဆက်လက်၍ သီအိုလိုဂျီအားဖြင့်သွားပါ။ ကိုယ်တော်ရှင်သည် မတရားရာ ကျပါသည်။ အလားတူပင် ဆက်လက်၍သူလုပ်ကိုင်ရပါမည်။ အကြောင်းမှာ သမ္မာကျမ်းစာက ... (ဟေဗြဲ ၁၃း၈) အားဖြင့် ဆိုထားခြင်းကြောင့် ဖြစ်ပါသည်။ ကိုယ်တော်ရှင်သည် ပြောင်းလဲခြင်းမရှိပါ။

(မာလခိ ၄)တွင် ကိုယ်တော်ရှင် ဂတိထားတော်မူသည့်အတိုင်း ကျမ်းစာမျိုးစုံတို့မှာ နောက်ဆုံးသောကာလအ သင်းတော်မှာ ယနေ့ခေတ်ကာလကဲ့သို့ပင်ဖြစ်ပါသည်။ ကမ္ဘာလောကကြီးမှာလည်း ထိုကဲ့သို့ပင်ဖြစ်ပါသည်။

ယ နေ့ ကမ္ဘာကြီးကို ကြည့်ပါ။ သောဒုံမြို့၏အခြေအနေကို ကြည့်ပါ။ ကမ္ဘာ အနှံ့ ဖြစ်ပေါ်နေသော မြေငလျင်လှုပ်ခြင်းများကို ကြည့်ပါ။ အသင်းတော်အတွင်း ပျက်စီးပုပ်သိုးမှုများကို ကြည့်ပါ။ ဘာဗုလုန်ကဲ့သို့ဖြစ်နေပါသည်။ သတင်းစကားပို့ဆောင်သူ များကို ကြည့်ပါ။ အော်ရာရောဘတ်နှင့်ဘီလီ ဂရေဟမ်ကဲ့သို့သော ပုဂ္ဂိုလ်များဖြစ်ပါသည်။

G- r- a- h- m ဟူ၍ပထမဆုံးအကြိမ် သတင်းစကားပို့ဆောင်သူ ဖြစ်ပါသည်။ အသင်းတော်များအားလုံးကို ဟောပြောသူဖြစ်ပါသည်။ သူ၏အမည်မှာ အာဗြဟံကဲ့သို့h- a- m. ဖြင့်အဆုံးသတ်ပါသည်။ A- b- .r- a- h- a- .m. မှာ အက္ခရာ(၇)လုံး ရှိပါသည်။ G- r- a- - h- a - m မှာ အက္ခရာ(၆)လုံး ရှိပါသည်။ သူဘယ်နေရာမှာ ရှိပါသနည်း? ကမ္ဘာလောကကြီးပေါ်မှာ ဖြစ်သည်။ (၆) မှာ လူ၏နံပါတ်ဖြစ်သည်။ လူကိုဆဋ္ဌမမြောက်နေ့တွင် ဖန်ဆင်းတော်မူပါသည်။ သို့သော်လည်း (၇)မှာ ဘုရားသခင်၏နံပါတ် ဖြစ်ပါသည်။

67 ၆၇။ သောဒုံမြို့မှာရှိသောသူများကို ကြည့်ပါ။ သူတို့၏သတင်းစကား ပို့ဆောင် သူများ သူတို့ကို စကားပြောနေသည်ကို ကြည့်ပါ။

အာဖြဟံ၏တော်ဝင်မျိုး စေ့ကို ဘယ်နေရာမှာ ရှိပါသနည်း? ကိုယ်တော်ရှင် ပြောသောသူတို့၏ နိမိတ်လက္ခဏာမှာ ဘယ်မှာဖြစ်ပါသနည်း? “သောဒုံမြို့တွင် ရှိခဲ့သော နေ့ရက်များကဲ့သို့ဖြစ်သည်” ဟုဆိုပါသည်။ ဘုရားသခင်ဆင်း သက်ကြွလာတော်မူ၍ လူဇာတိဖြင့် မိမိကိုယ်ကို ဖော်ပြတော်မူပါသည်။ စာရာမှာ သူမ၏ နှလုံးသားထဲတွင် မည်သို့စဉ်းစား နေကြောင်း ကိုယ်တော်ရှင်၏ နောက်ကွယ် တဲတော်ထဲတွင် မည်သို့စဉ်းစားနေကြောင်းပင် ဖြစ်ပါသည်။ နောက်ဆုံး နိမိတ်လက္ခဏာမှာ တပါးအမျိုးသားတို့၏ကမ္ဘာမှာ မီးအားဖြင့် ဖျက်ဆီးခြင်း ခံရပါမည်။ အသင်းတော်မှာ နောက်ဆုံးနိမိတ် လက္ခဏာကို ရရှိပြီး ကမ္ဘာလောကကြီးတစ်ခုလုံး ဖျက်ဆီးခြင်း မခံရမှီအချိန်ကပင် ဖြစ်ပါသည်။ ဤတပါးအမျိုးသား နိုင်ငံတော်ကြီးမှာ မီးအားဖြင့် ဖျက်ဆီးခြင်းခံရပါမည်။ သင်ယုံကြည်ပါသလား? (ပရိသတ်က အာမင်ဟု ဆိုပါသည်။ -အယ်ဒီတာ)

ထိုမေလခိဇေဒက်မှာ အသွေးအသားအားဖြင့် ဖြစ်ပါသည်။ မိမိကိုယ်ကို လူသား၏ကိုယ်ခန္ဓာအားဖြင့် ကိုယ်စားပြုဖော်ပြပါ သည်။ နောက်များမကြာမှီတွင် သူသည် အသွေးအသားဇာတိကို ခံယူရပါသည်။ ကိုယ်တော်သည် ယနေ့နှင့် ထာဝရကာလ အတူတူပင် ဖြစ်ပါသည်။ သင်ယုံကြည်ပါသလား? (ပရိသတ်က “အာမင်” ဟုဆိုပါသည်။ -အယ်ဒီတာ)

ဤမေလခိဇေဒက်မှာ မည်သူဖြစ်ပါသနည်း? မနေ့၊ ယနေ့နှင့်အတူတူပင် ဖြစ်ပါသည်။ .... “ဖခင်မရှိ၊ မိခင်မရှိ၊ နေ့ရက်များ၏ အစလည်း သူ့မှာ မရှိပါ။ ဘဝ၏အဆုံးပိုင်းလည်း သူ့မှာမရှိပါ။” ကိုယ်တော်သည် အာဖြဟံနှင့် တွေ့ရသောအခါ မည်ကဲ့သို့သော နိမိတ်လက္ခဏာမျိုးကို သူပြုလုပ်ပါသနည်း? သူသည် လူ့ဇာတိခံယူရသောအခါ သူကထပ်မံ၍ ကပ်ကမ္ဘာ ကုန်ဆုံး မည့်တိုင်အောင် ပြောဆိုဦးမည်ဟု ဆိုပါသည်။ သင်ယုံကြည်ပါသလား? (ပရိသတ်က “အာမင်” ဟုဆိုပါသည်။ -အယ်ဒီတာ) ယုံကြည်ပါ။ (“အာမင်”) ဆုတောင်းကြပါစို့။

68 ၆၈။ အိုအဖ၊ ကျွန်တော်သည် သမ္မာကျမ်းစာကို ယုံကြည်ပါသည်။ ကိုယ်တော်ရှင်သည် “မနေ့၊ ယနေ့နှင့်ထာဝရကာလ အတူတူပင် ဖြစ်ကြောင်း” ကိုယ်တော်ရှင် ပြောဆိုခဲ့သည့်အတိုင်း ကျွန်တော်ယုံကြည်ပါသည်။ ကျွန်ုပ်၏နှလုံးသားထဲမှ လှိုက်လှဲစွာ ယုံကြည်ပါသည်။ ကိုယ်တော်ရှင် တစ်စုံတစ်ခု ဖြစ်တော့မည့်အကြောင်း ကျွန်တော်ယုံကြည်ပါသည်။ ဘာဖြစ် မည်ကို ကျွန်တော်တိကျစွာ မပြောပြတတ်ပါ။ ကိုယ်တော်ရှင် ကျွန်တော်တစ်စုံတစ်ခုကို ပြောရန်အတွက် ကြောက်ရွံ့နေမိပါ သည်။ ကိုယ်တော်ရှင်၏ အစေခံကျွန်များ၏နှလုံးသားကို ကိုယ်တော်သိပါသည်။

ခေတ်ကာလတစ်လျှောက်လုံး ဘယ်နှစ်ကြိမ်လူတို့က ထိုအရာကိုရရှိရန် ပျက်ကွက်ခဲ့ပါသနည်း? လူတို့သည် ကိုယ်တော်ရှင် ကို အစဉ်အမြဲချီးမွမ်း ခဲ့ကြပါသည်။ ကိုယ်တော်ရှင် ပြုတော်မူမည့်အကြောင်းအရာများ ကြီးမား သောအရာများအတွက်လည်း ချီးမွမ်းတော်မူပါသည်။ သို့သော်လည်း ကိုယ်တော်ရှင် ပြုတော်မူသည်တို့ကို ဂရုမပြုဘဲ နေခဲ့ပါသည်။ ထိုအတိုင်းပင် ခေတ်ကာလတစ်လျှောက်လုံး ဖြစ်ခဲ့ပါသည်။ ရောမအသင်းတော်သည် စိန့်ပက်ထရစ်ကို ဘုရားသခင်၏ပရောဖက်အဖြစ် အဘယ်ကြောင့် ရှုမြင်ရန်အတွက် ပျက်ကွက်ခဲ့ရသနည်း? Joan of Art ကို အဘယ်ကြောင့် ပရောဖက်မဟု မမြင်ဘဲ စုန်းမဟုစွတ်စွဲ၍ သတ်ဖြတ်ရပါသနည်း? အဖ၊ ၎င်းသည် အမြဲတမ်း အတိတ်ဖြစ်ရပ်ပင် ဖြစ်ပါသည်။ ပညာရှိသူများနှင့် ယဉ် ကျေးသူ များထံမှ ကိုယ်တော်ရှင်က ဖုံးကွယ်ထားခြင်းပင် ဖြစ်ပါသည်။ ကိုယ်တော်ရှင်က သူတို့အား အောက်ပါအတိုင်း ပြောကြားသည်မှာ အံ့သြဘွယ်မဟုတ်ပါ။ “ပရောဖက်တို့၏ သင်္ချိုင်းဂူကို ပြင်ဆင်မွမ်းမံ၍ ထိုအထဲမှာ သင်တို့က ပရောဖက် များကို ထည့်သွင်းခြင်းပင် ဖြစ်ပါသည်။” သူတို့ပျောက်ကွယ်သွားသောအခါ သူတို့၏အပြစ်ကို တွေ့မြင်ရပါသည်။ သူတို့သည် အမြဲတမ်းသင့်ကို နှိပ်စက်ညဉ်းဆဲပါသည်။ ကိုယ်တော်ရှင် သင်သည် မည်သည့်ပုံစံမျိုး ဖြစ်လာပါစေ။ သူတို့က ကိုယ်တော်ကို ညဉ်းပမ်းနှိပ်စက်ပါသည်။

69 ၆၉။ ယနေ့ည ကျွန်တော်ဆုတောင်းပါသည် အဖဘုရား တစ်ခါတည်းသာ ဆု တောင်းပါသည်။ မနက်ဖန် ကျွန်တော်တို့ Tueson သို့သွားရန် စီစဉ်ထားပါသည်။ ကမ္ဘာ၏အခြားသောဒေသများ အခြားမြို့များတွင် ကျွန်တော်တို့ဟော ပြောရပါမည်။ သို့သော်လည်း အဖ၊ ယနေ့ည လူစိမ်းများ ဤနေရာသို့ရောက်လာကြပါမည်။ တစ်ချိန်က တစ်ခါမှ မရောက်ခဲ့သကဲ့သို့သူတို့သည် နှုတ်ကပတ်တော်များကို ကြားနာခဲ့ရပါသည်။ သို့သော်လည်း ဖော်ပြထား သည်ကို တစ်ခါမှ မတွေ့ခဲ့ကြရပါ။

အစတွင် ကိုယ်တော်ရှင်အား မေးခဲ့သည့်အတိုင်းပင် ကျွန်တော် မေးပါရစေ။ Cleopas နှင့်သူ၏မိတ်ဆွေတည်း ဟူသော တပည့်တော်များ ဧမောက် မြို့လမ်းမှလျှောက်လာကြသောအခါ ကိုယ်တော်ရှင်က ခြုံထဲမှထွက်၍စတင်ပြီး သူတို့ကို စကားပြောပါသည်။ ရှင်ပြန်ထမြောက်ပြီးနောက် သူတို့ကို တရားဟောပါသည်။ အဘယ်ကြောင့်နည်း ဟုကိုယ်တော်ရှင်က ပြောပါသည်။ “စိတ်နှလုံးအားနဲ့သူများ ခရစ်တော်သည် ဤရောဂါဝေဒနာများကို ခံစားရမည်ဖြစ်ကြောင်း သင်မသိသလော။ မိမိဘုန်းတော် ထင်ရှားစေမည့် အကြောင်းပင် ဖြစ်ပါသည်။ သူတို့သည် မသိမြင်နိုင်ကြသေးပါ။ တစ်နေ့လုံး ကိုယ်တော်ရှင် နှင့်အတူ လျှောက်ခဲ့ကြခြင်း ဖြစ်ပါသည်။ ကိုယ်တော်ကို မသိကြသေးပါ။ တစ်ညသောအခါတွင် ....

ညရောက်လာသောအခါ ကိုယ်တော်ရှင်ဝင်လာရန် သူတို့ဖိတ်ခေါ်ကြပါသည်။ တည်းခိုခန်းငယ်ကလေးထဲသို့ဝင်သွားပြီးနောက် တံခါးပိတ်လိုက်သောအခါ သင်ကားတိုင်တင်ခြင်းမခံရမှီ သင်ပြုလုပ်ခဲ့သော အလားတူအရာကို သင်ပြု လုပ်ခဲ့ရပါသည်။ ထိုအခါ ရှင်ပြန်ထမြောက်တော်မူသော ခရစ်တော်ဖြစ်ကြောင်း သူတို့ပြန်လည်၍ မှတ်မိကြပါသည်။ အချိန်အနည်းငယ် အကြာအတွင်း သင်သည် လိုက်ကာများ၏နောက်ကွယ်သို့ရောက်သွားပြီး ပျောက်ကွယ်သွားရပါသည်။ လျင်မြန်စွာပင် သူတို့က ပြေးလွှား၍တပည့်တော်များအား ပြောကြားခဲ့ရပါသည်။ “ကိုယ်တော်ရှင်သည် အမှန်တစ်ကယ်ပင် ရှင်ပြန်ထမြောက်ပြီး ဖြစ်ပါသည်။”

အဖဘုရားသခင် ကိုယ်တော်ရှင်သည် အသက်ရှင်လျှက်ရှိနေဆဲ ဖြစ်ကြောင်း ကျွန်တော်သိပါသည်။ ကိုယ်တော်ရှင်ဖြစ် ကြောင်း ကျွန်တော် သိပါသည်။ ကိုယ်တော်ကလည်း ကြိမ်ဖန်များစွာ ကျွန်တော်တို့အား သက်သေပြခဲ့ပါသည်။ ကျွန်တော် တို့အတွက် တစ်ခါထပ်၍ ပြုလုပ်ပေးပါ။ ကိုယ်တော် ကိုယ်တော်ရှင်၏ရှေ့မှောက်တော်တွင် ကျေးဇူးတော်ကို တွေ့ရှိခံစားရ ပါက တစ်ခါထပ်၍ ဖြစ်စေပါအုန်းပါအဖ၊ ကျွန်ုပ်သည် ကိုယ်တော်၏အစေခံဖြစ်၍ ဤသူများမှာလည်း ကိုယ်တော်၏အစေခံ များပင် ဖြစ်ကြပါသည်။ ကျွန်တော်ပြောသမျှအရာ

အားလုံးမှာ တောင်ပုံယာပုံ ဖြစ်နေပြီ မဟုတ်တော့ပါ။ သင့်အထဲမှ စကားလုံးတစ်လုံးသည် ကျွန်တော်(၅)ညစလုံး ပြောသော စကားလုံးများ (သို့) သတင်းစကား(၅)ပိုဒ်ခန့်မျှထက် ပိုပါမည်။ ကိုယ်တော်ရှင်ထံမှ စကားလုံးတစ်လုံးပိုပါမည်။ ကိုယ်တော်ရှင် မိန့်တော်မူပါ။ လူအများက ကျွန်ုပ်သည် သမ္မာတရားကို ပြောကြောင်း သိစေပါမည်လော? ချပေးသနားတော်မူပါ။ ယေရှုနာမ၌ ဆုတောင်းပါသည်။ အာမင်။

70 ၇၀။ ယခုအခါ သင့်ကို ကျွန်တော်မသိပါ။ အချို့သောသူများကိုသာ ကျွန်တော်သိ ပါသည်။ ဤနေရာမှာ ထိုင်နေသော လူကလေးကို ကျွန်တော်သိပါသည်။ ထိုနေရာမှာ ထိုင်နေသော Bull Dauch ကို ကျွန်တော်သိပါသည်။ ဤနေရာမှာ Brother Blair Rodney Cox ရှိပါသည်။ အပြင်ဖက်မှာ တွေ့ရန်ခက်ခဲပါသည်။ ကျွန်တော်မှာလည်း ယခုလက်ရှိအချိန်သည် ကျွန်တော်မည်သူနှင့်မျှ မတွေ့နိုင်ပါ။ အမှန်တစ်ကယ်ပင် ကျွန်တော်သိ ပါသည်။ ယခု ဤအထဲမှာရှိသောသူ ဘယ်နှစ်ယောက်အတွက် ကျွန်တော်က လူစိမ်း ဖြစ်နေပါသနည်း? သင့်လက်များကို မြှောက်ထားပါ။ ခင်ဗျားတို့အကြောင်း ကျွန်တော်ဘာမှ မသိကြောင်းကို အသိအမှတ်ပြုပါ။ လက်နှစ်ဖက်စလုံး အပေါ်သို့ မြှောက်ထားပါ။

ခင်ဗျားတို့အကြောင်း လုံးဝဥသုံမသိသော အနေအထားမျိုး ရောက်သွားပါမည်။ ဝိညာဉ်တော်ဖော်ပြမှုရှိရန် လိုအပ်ပါ သည်။

ဤညများနှင့် ယနေ့ည ကျွန်တော်ပြောဆိုခဲ့သည့်အတိုင်း ကိုယ်တော်ရှင်သည် သေနေခြင်းမဟုတ်ပါ။ ကိုယ်တော်ရှင် သည် ဤနေရာမှာရှိ၍ အလားတူအရာကိုပင် ပြုလုပ်ရန် ဂတိတော်ရှိပါသည်။ နောက်ဆုံးသောနေ့ရက် များတွင် (မာလခိ ၄နှင့် လုကာ) အရ ဂတိတော်ရှိသည့်အတိုင်း လူ့ဇာတိဖြင့် ကိုယ်တော်ရှင်သည် မိမိ၏လူများအကြား ကြွလာတော်မူဦးမည်။ အလား တူအရာများကို ပြုလုပ်၍ မေရှိယနိမိတ်လက္ခဏာများကို အလားတူဖော်ပြ ဦးမည်ဖြစ်ပါသည်။ သမ္မာကျမ်းစာ ဖတ်ရှုလေ့လာသူ ဘယ်နှစ်ဦးသည် သမ္မာတရားဖြစ်ကြောင်းကို သိပါသနည်း? “အာမင်” ဟုဆိုပါ။ ( ပရိသတ် က “အာမင်” ဟုဆိုပါသည်။ -အယ်ဒီတာ) အားလုံးမှာ သမ္မာကျမ်းစာ ဖတ်ရှုလေ့လာသူများ ဖြစ်ရပါမည်။

ယနေ့ခေတ်လူများအတွက် အထူးအဆန်းဖြစ်နေမည်ဖြစ်ကြောင်း ကျွန်တော်သိပါသည်။ သို့သော်လည်း ၎င်းအရာသည် သမ္မာတရားဖြစ်နေဆဲပင် ဖြစ်ပါသည်။ ထိုအကြောင်းကြောင့်ပင် သူတို့သည် နာဇရက်မြို့သားသခင် ယေရှုဘုရားကို သူတို့မသိခဲ့ကြခြင်းပင် ဖြစ်ပါသည်။ သူတို့၏ အသင်းတော် ယုံကြည်ချက်များကို သူတို့သိကြပါသည်။ သို့သော်လည်း ကိုယ်တော်ရှင်ကို သူတို့မသိကြပါ။ သို့သော်လည်း ကိုယ်တော်ရှင်သည် သမ္မာကျမ်းစာဆိုသည့် နည်းလမ်းအတိုင်းပင် လာရောက်ခြင်း ဖြစ်ပါသည်။ သီဩလော်ဂျီပညာရှင် မဟုတ်ပါ။ ယဇ်ပုရောဟိတ်မဟုတ်ပါ။ ပရောဖက်ကဲ့သို့လာရောက် ခြင်းဖြစ် ပါသည်။ သူ၏လူများက သူ့အားလက်မခံကြပါ။

71 ၇၁။ ဘုရားသခင်က သူ၏နှုတ်ကပတ်တော်အတိုင်း တည်ပါက တစ်စုံတစ်ယောက်သောသူအပေါ် ကျရောက်ပြီး တစ်စုံ တစ်ဦးကို ရရှိမည်အကြောင်း ကျွန်တော်သိပါသည်။ ကျွန်တော်မသိသောသူ တစ်စုံတစ်ဦးကို ကျွန်တော် အလိုရှိပါသည်။ သင့်အားလည်း ဆုတောင်းစေလိုပါသည်။

သွေးသွန်နာစွဲသော အမျိုးသမီးတစ်ဦး တစ်ချိန်ကရှိခဲ့ကြောင်း ကျွန်တော် သတိရပါသည်။ ဆေးသမားများကို အခကြေးငွေ ပေးပြီး ဆေးဝါးကုသမှု ခံယူခဲ့သူ ဖြစ်ပါသည်။ သူမအတွက် ဘာမှသက်သာရာ မရခဲ့ပါ။ သူမစိတ်ထဲ မှ ထင်မြင်ယူဆမှုတစ်ခု ရှိပါသည်။ “အဲဒီလူရဲ့ဝတ်ရုံကို ထိခွင့်ရရင် ငါသက်သာမှာဘဲ” ဟုဆိုသည်။ ထိုအကြောင်းအရာကို သင်မှတ်မိပါသလား? သူ တို့ အားလုံးသူမကို ရှေ့မတိုးခိုင်းကြပါ။ သို့သော်လည်း သူမက အတင်းတိုးဝှေ့ပြီး သူ၏ဝတ်ရုံကို တို့ထိနိုင်ရန် ကြိုးစား သည်။ တို့ထိပြီးနောက် ပြန်၍ထိုင် ချလိုက်ပါသည်။

သေချာစွာ နားထောင်ပါ။ ကိုယ်တော်ရှင် ထိုသို့ပြုလုပ်သောအခါ သူမကလည်း တို့ထိခဲ့ပါသည်။ သခင်ယေရှုက နောက်ကို လှည့်ကြည့်ပြီး “ဘယ်သူ ငါ့ကို တို့ထိသနည်း?” ဟုမေးသည်။

တမန်တော်ကြီး ရှင်ပေတရုက သခင်ယေရှုကို အပြစ်တင်ပါသည်။ “ကိုယ်တော်ရှင် ထိုသို့မပြောပါနှင့်။ ကိုယ်တော်နှင့်ပတ် သက်၍ တစ်စုံတစ်ရာ မှားယွင်းနေသည်ဟု လူအများက ယုံကြည်ကြပါလိမ့်မည်။” ကိုယ်တော်က အသားတော်နှင့်အသွေး တော်ကို စားသုံးရန် သူတို့အား ကိုယ်တော်က ပြော ဆိုသောအခါ တစ်စုံတစ်ရာမှားယွင်းနေကြောင်း သူ တို့ စဉ်းစားမိပါသည်။ ကိုယ်တော်ရှင်က “ငါ့အားမည်သူ တို့သနည်း?” မေးသောအခါ လူအုပ်ကြီးက ကိုယ်တော်ကိုတို့ထိ နေပါသည်ဟု ကိုယ်တော် ကဖြေပါသည်။

ကိုယ်တော်က “ဟုတ်ပါသည်။ ငါ့အထဲမှ တန်ခိုးထွက်သည်ကို ငါခံစားရသည်။” ဟုဆိုပါသည်။ တို့ထိမှုမှာ တမူထူးခြား ပါသည်။ တန်ခိုးဆိုသည်မှာ “ခွန်အား” ပင်ဖြစ်သည်။ “ငါအားယုတ်သကဲ့သို့ဖြစ်သည်။ ငါ့ထံမှ တန်ခိုး ထွက်သည်။” ဟုဆိုပါ သည်။

ပရိသတ်ကို လှည့်ပတ်၍ကြည့်သောအခါ နောက်ဆုံးအမျိုးသမီး ငယ်လေးတစ်ဦးကို တွေ့ရပါသည်။ သူမက သူမသွေးသွန်နာ စွဲနေသည့်အကြောင်း ပြောပြပါသည်။ သူမ၏ကိုယ်ခန္ဓာထဲမှာ သွေးသွန်နာစွဲနေသည်မှာ ရပ်သွား ပါသည်။ မှန်ပါသလား? ၎င်းနောက် ကိုယ်တော်က ပြောပါသည်။ “သင်၏ ယုံကြည်ခြင်းသည် သင့်ကို ကယ်တင်ပြီ။” ဟုဆိုပါသည်။

ဂရိစကားလုံး Sozo ရှိပါသည်။ အဓိပ္ပါယ်မှာ “ကယ်တင်ခြင်းရပြီ” ဟုအဓိပ္ပါယ်ရပါသည်။ ရုပ်ပိုင်း(သို့)ဝိညာဉ်ပိုင်း အတူတူပင် ဖြစ်ပါသည်။ ကိုယ်တော်ရှင်က “ကယ်တင်ခဲ့ပါပြီ” ကိုယ်တော်ရှင်သည် သင်၏ကယ်တင်ရှင် ဖြစ်ပါသည်။

72 ၇၂။ မနေ့က ကိုယ်တော်ရှင်ဖြစ်ခဲ့ပါက ကိုယ်တော်ရှင်ပြုတော်မူခဲ့ခြင်းမှာ ကိုယ်တော်သည် လူများအကြားတွင် ရှိနေတော်မူခြင်းကို သက်သေပြခြင်းပင် ဖြစ်ပါသည်။ ထိုမေရှိယက ကတိပေးတော်မူ၍ ထိုနည်းအားဖြင့် သူ့ကိုယ်သူ ဖော်ပြခြင်းပင် ဖြစ်ပါသည်။ သမ္မာကျမ်းစာ ဂတိတော်ရှိပါသည်။ ယခုအခါမှာ ကိုယ်တော်ရှင်က အလားတူအရာကိုပင် ပြုလုပ်မည်ဖြစ်ပါသည်။ အလားတူအရာကိုပင် ကိုယ်တော်ရှင်က ပြုလုပ်ရမည်မဟုတ်ပါလား?

"ဖျားနာသူများကို အနာရောဂါငြိမ်းစေသည့် အကြောင်း ကိုယ်တော်ရှင် ပြောပါသလား?" ဟုသင်ကပြောသည်။

ကျွန်တော်ဖတ်သော သမ္မာကျမ်းစာထဲမှ "သခင်ယေရှုသည် ကျွန်ုပ်တို့၏ ယဇ်ပရောဟိတ်အကြီး ဖြစ်သည်။" ကျွန်ုပ်တို့၏ အားနည်းချက်များ၏ခံစား ချက်ကို မြည်းစမ်းရပါသည်။ မှန်ကန်ကြောင်း ဘယ်နှစ်ဦးသိပါသနည်း? (ပရိသတ်က "အာမင်" ဟုဆိုသည်။ - အယ်ဒီတာ) သမ္မာကျမ်းစာက "သူသည် ယဇ်ပရောဟိတ်အကြီးဖြစ်၍ ကျွန်ုပ်တို့၏အားနည်းချက် ခံစားမှု များအားဖြင့် တို့ထိနိုင်ပါသည်" ဟူ၍ ဖြစ်သည်။ ကိုယ်တော်ရှင်သည် ထိုစဉ်ကကဲ့သို့ယဇ်ပရောဟိတ် အကြီးဖြစ်ပါက ယခုအခါ သူမည်ကဲ့သို့ပြုမူမည်နည်း? ထိုစဉ်ကကဲ့သို့ပင် သူက ပြုမူပါမည်။ ကိုယ်တော်ရှင်သည် အလားတူ ယဇ်ပရော ဟိတ်အကြီး ဖြစ်ပါက ....

ငါသည် ယဇ်ပရောဟိတ်အကြီး မဟုတ်ပါ။ သင်ငါ့အား တို့ထိမိပါက သင်၏ခင်ပွန်း(သို့)ညီအစ်ကို တို့ထိသကဲ့သို့ဖြစ်ပေမည်။ လူတစ်ဦးကို တို့ထိ သကဲ့သို့ပင် ဖြစ်ပါသည်။

73 ၇၃။ သို့သော်လည်း သင်၏ယုံကြည်ခြင်းက သူ့အားထိတွေ့စေပါသည်။ နောက် ဘာဖြစ်မည်ကို ကြည့်ပါသည်။ ငါသည် ဘုရားသခင်၏အစေခံကျွန်ဖြစ်ပါက သင့်အားသမ္မာတရားကို ပြောဆိုပါမည်။ ဘုရားသခင် ယနေ့ည အသက်ရှင်တော်မူပြီး ယနေ့ည ဤနေရာမှာ ရပ်နေကြောင်း သက်သေပြပါမည်။

(ပရိသတ်က "အာမင်" ဟုဆိုသည်။ - အယ်ဒီတာ)

သင့်ထံမှာ ယုံကြည်ခြင်းရှိပါသည်။ သင့်ထံမှာ ယုံကြည်ခြင်း ရှိပါသည်။ ကျွန်တော် ဤနေရာမှာ မိုက်ကရိုဖုန်းနားတွင် ရှိနေပါသည်။ သူတို့ ကျွန် တော်ပြောသည်ကို မကြားသောကြောင့် ဖြစ်ပါသည်။

ဘုရားသခင်ကို မျှော်၍ကြည့်ပါ။ "ဘုရားသခင် လူက ကျွန်တော့်ကို မသိပါ။ ကျွန်တော်အကြောင်း ဘာမှမသိပါ။ ကျွန်တော် သည် သူ့အတွက် လုံးလုံးလျားလျား လူစိမ်းတစ်ဦးပင် ဖြစ်ပါသည်။ ကျွန်တော်၏ ယုံကြည်ခြင်းက ကိုယ်တော်ကို ထိတွေ့ပါ စေ။ ကျွန်တော်ဘာဖြစ်နေကြောင်း ကိုယ်တော်သိပါသည်။ ကျွန်တော်အကြောင်း အားလုံးကို ကိုယ်တော်သိပါသည်။ ကျွန်တော် မည်သူဖြစ်ကြောင်းကို ကိုယ်တော်သိပါသည်။ ပေတရုကိုသိသကဲ့သို့ကိုယ်တော် ကျွန်တော်ကိုသိပါသည်။ နာသနေလကို သိသကဲ့သို့ သိပါသည်။ သွေးသွန်နာစွဲသော မိန်းမကို သိသကဲ့သို့ကိုယ်တော်ရှင် ကျွန်တော်ကိုသိပါသည်။ ကိုယ်တော်ရှင်သည် မနေ့၊ ယနေ့နှင့်ထာဝရအတူတူပင် ဖြစ်ကြောင်း ဤသူက ကျွန်တော့်ကိုပြောပြပါသည်။ ကိုယ်တော်ရှင် ကျွန်တော်၏ယုံကြည် ခြင်းသည် ကိုယ်တော်ကို ထိတွေ့ပါစေ။"

ကိုယ်တော်ရှင် တတ်နိုင်တော်မူကြောင်း၊ ကိုယ်တော်ပြုတော်မူမည် အကြောင်း ကိုယ်တော်သည် ဤနေရာမှာရှိ ကြောင်း မိမိကိုယ်ကို သက်သေပြပါ က သင်တို့စိတ်နှလုံးအကြွင်းမဲ့ ဘယ်နှစ်ယောက် ကိုယ်တော်ကို ယုံကြည်ပါမည်နည်း? ကိုယ်တော်ရှင်သည် အနည်းဆုံးတစ်ဦး(သို့)နှစ်ဦး(သို့)သုံးဦးကို သက်သေအဖြစ် ပြမည်ဆိုပါက သင်ယုံကြည်ပါမည်လား? (ပရိသတ်က "အာမင်" ဟုဆိုပါ သည်။ - အယ်ဒီတာ) ဘုရားသခင် ကောင်းချီးပေးပါစေ။

74 ၇၄။ ကောင်းကင်ဘုံရှင်အဖ၊ ဤအမှုသည် လူသားတို့နှင့် လုံး၀မသက်ဆိုင်ပါ။ သဘာ၀ထက်လွန်ကဲသော အတိုင်းအတာ မျိုး ဖြစ်သင့်ပါသည်။ ကိုယ်တော်ရှင် ကျွန်တော့်အား ကူညီပါမည်အကြောင်း ကျွန်တော်ဆုတောင်းပါသည် အဖ၊ သခင်ယေရှု ၏နာမတော်မြတ်၌ ဆုတောင်းပါသည်။ အာမင်။

ထိုအလင်း၏ရုပ်ပုံလွှာကို လူဘယ်နှစ်ယောက် တွေ့ပါသလဲ? တစ်နိုင်ငံလုံး နေရာတိုင်းမှာ ဖြစ်ပါသည်။ သိပ္ပံပညာအားဖြင့် ဓါတ်ပုံရိုက်၍စစ်ဆေးခြင်း ပင်ဖြစ်ပါသည်။ နေရာတိုင်းမှာ စစ်ဆေးပါသည်။ သူသည် ယခုအခါ ဤနေရာမှာ ရှိပါသည်။ ထိမ်း မြားခြင်းနှင့်ပြတ်စဲခြင်းအကြောင်း ပြောဆိုသူတစ်ဦးတည်း ရှိပါသည်။ ထိုသူမှာလည်း တောင်ပေါ်တွင်ရှိသကဲ့သို့တောင်များ ကို လှုပ်ခါနိုင်သူ ဖြစ်သကဲ့သို့မြစ်ထဲမှာလည်း (၁၉၃၃)ခုနှစ်တွင် ရှိနေခဲ့သူပင် ဖြစ်ပါသည်။ မနေ့၊ ယနေ့နှင့်ထာ၀ရကာလ အတူတူပင် ဖြစ်ပါသည်။ ကိုယ်တော်ရှင်သည် ပြောင်းလဲခြင်းမရှိပါ။ (ဘရာသာဘရင်(န်)ဟမ် ခဏရပ်နားပါသည်။- အယ်ဒီတာ) ဘယ်နှစ်ယောက် အလင်း၏ရုပ်ပုံလွှာကို မြင်ကြသလဲ? ၎င်းသည် တကမ္ဘာ လုံးနေရာတိုင်းမှာ စိုးမိုးနေပါသည်။ သိပ္ပံပညာရှင်များအနေနှင့်လည်း နေရာတိုင်း၌ ထိုအလင်းကို စမ်းသပ်လျှက်ရှိသည်။ ယခုသူသည် မှန်ကန်သည်။ ထိုအတူပင် တစ်ယောက်က ထိမ်းမြားခြင်းနှင့်ကွာရှင်းခြင်း ထို့နောက် တစ်ယောက်က တောင်ထိပ်တွင်သော်၎င်း၊ တစ် ယောက်က ဖြစ်ကမ်းနံ့ဘေး အမှတ် (၃၃)အားဖြင့်၎င်း၊ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်မပြောင်းလဲဘဲ တည်တော်မူ၏။ ထိုသူ သည် ပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်သည်။

(ညီအစ်ကို ဘရန်(န်)ဟမ် ခေတ္တရပ်နားသည်။-)

75 ၇၅။ မိန်းမတစ်ဦးရှိ၍ သူမက ယခုအခါမှာ တစ်စုံတစ်ရာဖြစ်ပျက်ခဲ့ကြောင်း သိပါသည်။ ထိုအလင်းတန်းသည် သူမအ ပေါ်သို့ ကျလျှက်ရှိပါသည်။ သူမ သည် ဤနေရာမှာ ထိုင်နေပါသည်။ ဆွယ်တာအစိမ်းရောင် ဝတ်ဆင်ထားပါသည်။ သူမကို ကျွန်တော်မသိပါ။ တစ်ဦးကိုတစ်ဦး မသိကြပါ။ မှန်ပါသည်။ ထိုဘုရားကို ယုံကြည်ကြပါသလား? .... သင်သည် တစ်စုံတစ်ခု ကို လိုအပ်လျှက်ရှိပါသည်။ ဘုရားသခင်က ကျွန်တော့်အားဖေါ်ပြနိုင်ကြောင်း သင်ယုံကြည်ပါသလား? သင်ဘာဖြစ်နေ ကြောင်း ဖေါ်ပြနိုင်ပါသည်။ ကိုယ်တော်ရှင် ဖေါ်ပြပါကလည်း သဘာ၀ထက်လွန်ကဲသော တန်ခိုးတော်ပင် ဖြစ်ပါသည်။ အကြောင်းမှာ သင့်ကို ကိုယ်တော် မသိသောကြောင့် ဖြစ်ပါ သည်။ သဘာဝထက် လွန်ကဲခြင်းအားဖြင့်သာ ဖြစ်နိုင်ပါသည်။ သင်စဉ်းစားသည့် အပေါ်တွင်သာ မူတည်ပါသည်။ ယဇ်ပရောဟိတ်များ ဖက်မှရပ်တည်၍ "နတ်ဆိုး" ဟုခေါ်နိုင်ပါသည်။ ယုံကြည်သူများဖက်မှ ရပ်တည်၍ "ဘုရား" ဟုခေါ်နိုင်ပါသည်။ သင်ယုံကြည်လိုသည့်ဖက်မှ ယုံ ကြည်ပါ။ သင့်အတွက် ဆုကျေးဇူးချီးမြင့်ခြင်း ခံစားရပေလိမ့်မည်။

သင်၏အခက်အခဲကို ဘုရားသခင်က ကျွန်တော့်အားဖေါ်ပြပါက သင်က ကိုယ်တော်ကို လက်ခံပါမည်လား? ထိုအခက်အခဲ အတွက် ကိုယ်တော်က အသေခံ၊ အစားထိုးခံခြင်းကို သင်လက်ခံပါသလား? အခက်အခဲကို ကျွန်တော်မသိပါ။ သို့သော် လည်း ကျွန်တော်သိသကဲ့သို့ သင်လည်းသိပါသည်။ တစ်စုံတစ်ခု ဖြစ်ပေါ်နေခြင်းပင် ဖြစ်ပါသည်။

သင်မည်သို့ခံစားနေရကြောင်းကိုသာ ကျွန်တော်ပြောပါရစေ။ သို့မှသာ သင်သိလာပေလိမ့်မည်။ တစ်ကယ်စစ်မှန် ချိုသာ ၍နွေးထွေးသော ခံစားချက်ကို သင်သိလာပါလိမ့်မည်။ ကျွန်တော်သည် ထိုအရာကို တည့်တည့် မတ်မတ်ပင် ကြည့်နေပါ သည်။ ထိုအရာသည် အလင်းတန်းဖြစ်သည်။ မိန်းမအပေါ် သက်ရောက်သော အလင်းပင် ဖြစ်ပါသည်။

ထိုအမျိုးသမီးမှာ အစာအိမ်ရောဂါခံစားနေရသူ ဖြစ်ပါသည်။ သူမ၏အစာ အိမ်ထဲတွင် ကြီးထွားမှုများ ဖြစ်လာသကဲ့ သို့ပင် ဖြစ်ပါသည်။ သူမသည် ဤနေရာမှဝေးကွာသောနေရာသို့ရောက်နေခြင်း မဟုတ်ပါလား။ မှန်ပါသည်။ သင်သည် Erscon မှ ဖြစ်ပါသည်။ ဟုတ်ပါသလား။ သေချာပါသည်။ယခုအခါ သင်၏အနာရောဂါ ပျောက်ကင်းပါပြီ။ သင်၏ယုံကြည်ခြင်း က သင့်ကိုပျောက်ကင်းပါပြီ။ သင်၏ယုံကြည်ခြင်းက သင့်ကိုပျောက်ကင်းစေ ခြင်းဖြစ်ပါသည်။

အမျိုးသမီးက မည်သူကို တို့ထိလိုက်ကြောင်း ကျွန်တော်ကိုပြောပြပါ။ ကျွန်တော်သည် သူမ၏(၂၅)ကိုက်အကွာတွင် ရှိနေပါ သည်။ သူမသည်သခင် ယေရှုခရစ်တည်းဟူသော ဟစ်ပုရောဟိတ်အကြီးကို တို့ထိလိုက်ပါသည်။ ထိုအရာကို သင်ယုံကြည် ပါသလား။ (ပရိသတ်က "အာမင်" ဟုဆိုပါသည်။ အယ်ဒီတာ)

76 ၇၆။ ကျွန်တော်နှင့် စကားပြောသော အမျိုးသမီးကို ကျွန်တော်ကြည့်နေ မိပါသည်။ ဤအမျိုးသမီးကို ကျွန်တော်ကြည့် နေမိပါသည်။ အကြောင်းမှာ သူမသည် လူတစ်ဦးအတွက် ပြင်းထန်စွာ ဆုတောင်းနေခြင်းကြောင့် ဖြစ်ပါသည်။ သူမမှာ လူတစ်ဦးရှိကြောင်း ပြောပြဘူးပါသည်။ .... ထိုအကြောင်းနှင့် ပတ်သက်၍ သူမက ဘာမှမပြောပြပါ။

သို့သော်လည်း သူမ၏အမည်မှာ မစ္စက် Waldrop ဖြစ်ပါသည်။ Phoneix မှသူမလာခြင်းဖြစ်သည်။ သူမသည် သေရွာပြန်ဖြစ်သည်။ သူမ၏ ဆရာဝန် က ဓါတ်မှန်များပြ၍ သူမ၏နှလုံးထဲတွင် ကင်ဆာရောဂါဖြစ်နေကြောင်း ပြသပါသည်။ သူမသည် ဆုတောင်းနေရင်းက သေဆုံးခဲ့ရပါသည်။ မည်မျှကြာခဲ့ပါသနည်း။ လွန်ခဲ့သော(၁၈)နှစ်ခန့်ကဖြစ်၍ ယနေ့ညသူမ ထိုင်နေပါသည်။ အသက်ဝင်လှုပ်ရှားမှုရှိသော သက်သေခံချက်ပင်ဖြစ်ပါသည်။ သူမ၏ ဆရာဝန်ကလည်း စည်းဝေးတက် ရောက်ပါသည်။ "ဤ အမျိုးသမီးမည်သို့အသက်ရှင်နေ နိုင်ပါသနည်း" ဟု ပြောသည်။.... သို့သော်လည်း သူမအသက်ရှင် နေပါသည်။ ရောဂါလက္ခဏာ ဘာမှမတွေ့ရတော့ပါ။သူမသည် မိတ်ဆွေတစ်ယောက်ကို ခေါ်လာပါသည်။ သူမသည် ထိုမိတ်ဆွေအတွက် ဆုတောင်းပေးပါသည်။ ထိုမိတ်ဆွေသည် ဆီးရောဂါဖြင့် သေလု မြောပါး ဖြစ်နေပါသည်။ ယခုကျွန်ုပ် သိပြီ။ သို့သော် သင်သည် ဆုတောင်း နေပါသည်။ သူသည် မည်သူဖြစ်ကြောင်း ကျွန်ုပ်မသိသည်ကို သင်သိပါလိမ့်မည်။ မစ္စက် Waldrop .

သူသည်မစ်ဆိုရီမှဖြစ်၍ သူ၏အမည်မှာ မစ္စတာကူးပါး ဖြစ်ပါသည်။ ယခု သင်ယုံကြည်ပြီဖြစ်သောကြောင့် အိမ်ပြန်ပြီး ကျန်းမာခွင့်ကို ရပါပြီ။ သင်ယုံ ကြည်မည်ဆိုပါက သင်နှင့်သာဆိုင်ပါသည်။

77 ၇၇။ ဤအမျိုးသမီးမှာ ရင်ကြပ်ရောဂါ ခံစားနေရပါသည်။ သူမသည် ဤနေရာမှ မဟုတ်ပါ။ သူမသည် လူအုပ်ကြီးထဲတွင် ထိုင်နေပါသည်။...သူမသည် ဤနေရာမှ မဟုတ်ပါ။ ဂျော်ဂျီယာပြည်နယ်မှ ဖြစ်ပါသည်။ Miss Mekeny ဖြစ်ပါသည်။ သင်၏ စိတ်နှလုံးအကြွင်းမဲ့ ယုံကြည်ပါသလား။ ဘုရားသခင်က ပြန်လည်၍ ကျန်းမာစေမည်ကို ယုံကြည်ပါသလား။ မတ်တပ်ရပ်၍ သင်သည် ကျွန်ုပ်အတွက် လူစိမ်းဖြစ်နေပါက ထိုအရာကမှန်ကန်ပါသည်။ သခင်ယေရှုခရစ်က သင့်ကိုကျန်းမာစေပါသည်။ သင်ယုံကြည်ပါသလား။ (Brother Branham က ပရိသတ်ကို ကြောခိုင်းထားပါသည်။ - အယ်ဒီတာ )

ကျွန်တော်၏ နောက်ကြောဖက်တွင် လူတစ်ဦးထိုင်နေပါသည်။ သူသည် ဘုရားကို ဆက်သွယ်နေပါသည်။ သူအလိုရှိသည့်အ ရာမှာ သူ့တွင်နှလုံးရောဂါဖြစ်နေသော ကလေးငယ်ကလေးတစ်ဦးရှိပါသည်။ ထိုကလေးငယ်မှာ နှလုံးထဲတွင် အမြဲပင်တုန်၍ ခုန်နေသံကိုပင် ကြားရပါသည်။ ဆရာဝန်၏ ပြောပြချက်အရပင် ဖြစ်ပါသည်။ ထိုသူ၏အမည်မှာ မစ္စတာကော့(စ်)ဖြစ် ပါသည်။ "မတ်တပ်ရပ်ပါ မစ္စတာကော့(စ်) သူကဆက်လက်၍ ဆရာကိုသူမက ဘာစဉ်းစားနေကြောင်း ပြောပါသည်။ (Brother Branham ကဆက်လက် ၍ ပရိတ်သတ်ကို ကြောပေးထားပါသည်။ - အယ်ဒီတာ )

သူနှင့်တဖက်မှ အနည်းငယ်ဝေးကွာသည့်နေရာတွင် ထိုင်နေသူမှာ ဤနေရာမှလာသူ မဟုတ်ပါ။ နယူးမစ်စီကိုမှ ရောက်လာသူ ဖြစ်ပါသည်။ ကျွန်တော်ဘဝမှ သူကိုတခါမှ မတွေ့ဘူးပါ။ ယခုကျွန်တော်သူကို ကြည့်နေပါသည်။ ကျွန်တော် နောက်၌ ရှိပါသည်။ သူသည် နယူးမစ်စီကိုမှ ဖြစ်ပါသည်။ ထိုသူမှာ စိတ်ဝင်စားသော မိန်းကလေးရှိပါသည်။ ထိုမိန်းကလေး မှာ သူမ၏ ပါးစပ်မှာ တခုခုဖြစ်နေပါသည်။ သူမ၏ပါးစပ်ထဲမှာ အရသာမခံတတ်ပါ။ သူ၏အမည်မှာ မစ္စတာဝက်(စ်) ဖြစ်သည်။ မတ်တပ်ရပ်ပါဆရာ ကျွန်တော် နှင့်သူသည် လုံးဝသူစိမ်းများ ဖြစ်ကြပါသည်။ ဘုရားသခင်က သူ၏ကလေး ငယ်ကို အနာရောဂါ ငြိမ်းစေပါမည်။

78 ၇၈။ သင်စိတ်နှလုံးအကြွင်းမဲ့ ယုံကြည်ပါသလား။ (ပရိသတ်က "အာမင်" ဟုဆိုပါသည်။ - အယ်ဒီတာ) သင်တို့စိတ်နှလုံး အကြွင်းမဲ့သူ ဘယ်နှစ်ယောက် ယခုရှိပါသလဲ။ ( "အာမင်" ) သခင်ယေရှုခရစ်တော်သည် မနေ့ ယနေ့နှင့် ထာဝရကာလ အတူတူပင်မဟုတ်ပါလား။ ("အာမင်") ကိုယ်တော်ကို သင်၏ ကယ်တင်ရှင်အဖြစ် လက်ခံပါလား။ လက်ကိုမြှောက်ပါ။ "အာမင်" သင်၏ရောဂါငြိမ်းစေသူအဖြစ် သင်ယုံကြည်ပါလား။ "အာမင်"

ဤနေရာမှာ သူတစ်ဦးတည်းထိုင်နေပါသည်။ လက်ခြေဆေးပြီး ထမ်းစင်ပေါ်တွင် လဲလျောင်းနေရပါသည်။ ဤမိုက်ခွက် အားဖြင့်

ကျွန်တော်ပြောသောအသံကို သင်ကြားရပါသလား။ (Brother Branhamက မိုက်ခွက်ကိုယူ၍ ပလက်ဖောင်းအ စွန်းသို့ လျှောက်သွားပါသည်။ ထမ်းစင်ပေါ်၌ လဲလျောင်း နေသောအမျိုးသမီးကို စကားပြောပါသည်။ - အယ်ဒီတာ ) ခင်ဗျားကို ကျွန်တော် မသိပါဘူး။ သင်သည်ထိုနေရာမှာသာ လဲလျောင်းနေသော အမျိုးသမီးတစ်ဦး ဖြစ်ပါသည်။ ခင်ဗျားကို ကျွန်တော်ရောဂါကုပေးပါက ကျွန်တော်ပြုလုပ်နိုင်ပါသည်။ ကျွန်တော်က ရောဂါမကုသနိုင်ပါ။ (ထိုသူ သည် ငိုပါတော့သည်။ - အယ်ဒီတာ ) ကောင်းပါပြီ။ ပျော်ရွှင်နေသောသူ တစ်ဦးသာ ဖြစ်ပါသည်။ သူ၏ကလေးငယ်မှာ ရောဂါငြိမ်းသွားပါသည်။

ကျွန်တော် ခင်ဗျားကိုမသိပါ။ သင်သည် အမျိုးသမီးတစ်ဦး ဖြစ်ပါသည်။ ကျွန်တော်ကတော့ အမျိုးသားတစ်ဦး ဖြစ်ပါသည်။ ကျွန်တော့်ကို ပထမဦး ဆုံးအကြိမ်ဆုံတွေ့ကြခြင်း ဖြစ်ပါသည်။ ဤသူများ ....? သင့်ကိုခေါ်လာ သူများဖြစ် သည်။ ပွင့်လင်းစွာပြောရမည်ဆိုလျှင် ခင်ဗျားတို့ဤနေရာသို့ပထမဦးဆုံးရောက်လာကြခြင်းပင်ဖြစ်ပါသည်။ သင်တို့ကို ခေါ်ဆောင်လာခဲ့ ကြခြင်းပင် ဖြစ်ပါသည်။ သင်တို့သည် အလွန်ဝေးကွာသောနေရာမှ လာကြခြင်း ဖြစ်ပါသည်။ သင်၌သေရန် အရိပ်အရောင်များ ရှိနေပါသည်။ ကင်ဆာရောဂါ ရှိပါသည်။ ခြေလက်သေခြင်း မဟုတ်ပါ။ ကင်ဆာဖြစ်ခြင်း ဖြစ်ပါသည်။ ဆရာဝန်များက သင့်အတွက် ဘာမှလုပ်မပေးနိုင်တော့ပါ။ မှန်ပါသည်။ သင်သေဖို့ရန် သေချာပါသည်။ ထိုဆရာဝန်များက သင်အတွက်ဘာမှလုပ်မပေးနိုင်တော့ပါ။

တနေ့သောအခါမှာ လူနူသုံးဦးသည် ရှာမာရိမြို့၏ဂိတ်တံခါးနားမှာ ထိုင် လျက်နေပါသည်။ ထိုလူနူများက “ငါတို့ဒီနေရာမှာ သေတဲ့အထိ ဘာကြောင့် ထိုင်နေရမှာလဲ?” ဟုဆိုသည်။ အကြောင်းမှာ ဖျားနာခြင်းအားလုံး၊ သေသည့်တိုင် အငတ်ဘေး ကြုံရခြင်း၊ တစ်ဦး၏ကလေးကို တစ်ဦးကစားခြင်း များရှိကြပါသည်ဟု ဆိုပါသည်။ “ကျွန်တော်တို့ရန်သူ၏စခန်းသို့ဆင်းသွား ပါက ရှုရိလူမျိုးများက ကျွန်တော်တို့ကို သတ်ကြပါက ကျွန်တော်တို့သေရပါလိမ့်မည်။ သူတို့က ကျွန်တော်တို့ကို ကယ်တင် ပါက ကျွန်တော်တို့အသက်ရှင် ခွင့်ရပါလိမ့်မည်။” သူတို့က ထိုအခွင့်ရေးကို ယူကြပါသည်။ ထိုယုံကြည်ခြင်းဖြင့် သူတို့ကို သူတို့ကယ်တင်ကြသည်သာမက အုပ်စုတခုလုံးကို ကယ်တင်ခဲ့ပါသည်။

ခင်ဗျားအဲဒီနေရာမှာ လဲလျောင်းနေပါက ခင်ဗျားသေရပါလိမ့်မည်။ သူ တို့ သွားကြသော စခန်းကိုသွားရန် ဆင့်ဆိုစေခိုင်းခြင်း လည်း မဟုတ်ပါ။ သို့သော်လည်း သင်အားအဖဘုရားသခင်၏ အိမ်တော်သို့ခေါ်ဖိတ်ခြင်းခံရ သည်မဟုတ်ပါလား။.....? .....

79 ၇၉။ သင်တို့ကင်ဆာရောဂါဖြင့် လဲလျောင်းနေရပါသည်။ ဘုရားသခင် ပြင်ပတွင် သင်နေထိုင်၍မရပါ။ သင်သည် ဤမြို့မှမဟုတ်ပါ။ ဤအနီးအနားမှ မဟုတ်ပါ။ အဝေးမှလာရောက်ခြင်း ဖြစ်ပါသည်။ Milwaukee မှ လာရောက်ခြင်း ဖြစ်ပါ သည်။ ကျွန်တော် မြို့တော်ကို တွေ့ခဲ့ရပြီး ဖြစ်ပါသည်။

သင်ယုံကြည်ပါသလား? သင်၏အနာရောဂါငြိမ်းစေသူအဖြစ် သူကဘုရား ကိုလက်ခံမည်လား? သင်လက်ခံပါက မည်မျှပင် သင်သည် အားနည်းပါစေ၊ မည်မျှပင် အိပ်ရာထဲလဲနေပါစေ သင်၏ကိစ္စကို ကျွန်တော် ယုံကြည်ပါသည်။ သခင် ယေရှုခရစ်၏ နာမတော်၌ကျွန်တော်ထရပ်ပါမည်။ ထိုကွပ်ပစ်ကိုယူ၍ အိမ်ပြန်ပါ။ ဘုရားဘုန်းတော်ထင်ရှားရန် အသက်ရှင် တော်မူပါ။ ဘုရားသခင်၏ ပရောဖက်တစ်ပါးအနေနှင့် ကျွန်တော်ကိုနာခံပါမည်လား? ထ၍အိမ်သို့ပြန်ပါ။ ကျန်းမာပြီး ဖြစ်သည်။ မကြောက်ပါနှင့်။ ထမ်းစင်ပေါ်မှ မှထပါ။ ဘုရားသခင်သင့်ကို ကျန်းမာစေပါမည်။

သူမကိုထူပေးပါ။ ခွန်အားရရှိစေပါ။ ဘုရားသခင်ကို သင်ယုံကြည်ပါသလား? ခွန်အားအနည်းငယ် ရရှိစေပါ။ သူမ နေကောင်းသွားပါလိမ့်မည်။ ယေရှု၏နာမတော်မြတ်၌ သူမထထိုင်ပါသည်။ (ပရိသတ်က ဤညီမ မတ်တပ်ရပ်သည်ကို တွေ့ရသောအခါ ဝမ်းမြောက်ကြပါသည်။)

ကျွန်တော်တို့မတ်တပ်ရပ်၍ ဘုရားရှင်ကို ချီးမွမ်းကြပါစို့။ ကိုယ်တော်သည် မနေ့၊ ယနေ့နှင့် ထာဝရကာလအတူပင် ဖြစ်ပါသည်။ (ပရိသတ်က ကြီးစွာ ဝမ်းမြောက်၍ ဘုရားရှင်ကို ချီးမြောက်ကြပါသည်။ - အယ်ဒီတာ )

သွား၍ ကိုယ်တော်ရှင် သခင်ယေရှုခရစ် သင့်ကိုကောင်းချီးပေးပါစေ။ (ပရိသတ်က ဆက်လက်၍ဝမ်းမြောက်စွာဖြင့် ဘုရားရှင်ကို ချီးမွမ်းပါသည်။ -အယ်ဒီတာ)

MESSAGE hub online

www.messagehub.info

ဒေသနာ ဝေငှသူ

ဝီလီယမ် မာရီယမ် ဗရမ်ဟမ်

“... နေ့ရက်များ၏ ကြွေးကြော်သံ ... ” (ဗျာဒိတ် ၁၀:၇)